# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e - paper ဖတ်ရှုရန်


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)


၁၃၈၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 10 September 2026 ၁၂၂၉၇


## မော်တော်ယာဉ်မောင်းနှင်မှုအား "စုံ" ရက်၊ "မ" ရက် ခွဲခြားမှုမရှိဘဲ ပုံမှန်အတိုင်း ပြန်လည်မောင်းနှင်နိုင်ပါကြောင်း ပြည်သူသို့ အသိပေးကြေညာချက် ထုတ်ပြန်ခြင်း

နေပြည်တော် စက်တင်ဘာ ၉

၁။ ကမ္ဘာ့နိုင်ငံရေးအခြေအနေများအရ အရှေ့အလယ်ပိုင်းဒေသအတွင်း၌ စစ်ရေးပဋိပက္ခများကြောင့် စက်သုံးဆီ ခြိုးခြံချွေတာသုံးစွဲရေးနှင့် ဖူလုံမှုရှိစေရေးတို့အတွက် "စုံ"ရက်များတွင် စုံနံပါတ်အကွရာပါသောယာဉ်များနှင့် "မ" ရက်များတွင် မနံပါတ်အကွရာပါသောယာဉ်များအား သတ်မှတ်ချက်များနှင့်အညီ ကန့်သတ်မောင်းနှင်အသုံးပြုရန် ပြည်သူသို့ အသိပေးကြေညာချက်များကို ၂၀၂၆ ခုနှစ်၊ မတ်လ ၃ ရက်နှင့် ၄ ရက်နေ့တို့တွင် ထုတ်ပြန်ခဲ့ပါသည်။

၂။ ယခုအခါ စက်သုံးဆီသုံးစွဲမှုသည် ပုံမှန်တည်ငြိမ်သည့်အခြေအနေသို့ ရောက်ရှိလာပြီး ပြည်သူများ သွားလာရေး အဆင်ပြေချောမွေ့စေရန်နှင့်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား စက်တင်ဘာလမှစတင်၍ ဒီဇင်ဘာလအထိ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ပေါင်းတင်ပိုးသတ်ပြီးအသင့်သောက်နွားနို့ဘူး ၉၇၀၀ ကို သတ်မှတ်အချိန်ကာလအလိုက် တိုက်ကျွေးနိုင်ရေး ဆောင်ရွက်သွားမည်



"School Milk Program" ဖြင့် တောင်ကြီးမြို့နယ် အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၌ အသင့်သောက်နွားနို့များကို ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ပေးအပ်စဉ်။

တောင်ကြီး စက်တင်ဘာ ၉

အေးသာယာမြို့ အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၊ ကွန်လုံကျေးရွာအုပ်စုရှိ ရေပူကျေးရွာ အထက(ခွဲ) နှင့် ကျောက်နီကျေးရွာအုပ်စု ကျောက်နီကျေးရွာ အထက(ခွဲ) စုစုပေါင်းကျောင်းသုံးကျောင်းတွင် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၃၅၃ ဦးတို့အတွက် စက်တင်ဘာလမှ စတင်၍ ဒီဇင်ဘာလအထိ တစ်လလျှင် တစ်ကြိမ်နှုန်းဖြင့် ပေါင်းတင်ပိုးသတ်ပြီး အသင့်သောက်နွားနို့ ၃၀၀ စီစီ (၁၈ ဒသမ ၅ ကျပ်သား)ရှိ နွားနို့ဘူး ၉၇၀၀ ကို သတ်မှတ်အချိန်ကာလအလိုက် တိုက်ကျွေးနိုင်ရန် ရည်မှန်း၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများအား နွားနို့တိုက်ကျွေးခြင်း "School Milk Program" ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့နယ် အေးသာယာမြို့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖



## ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧက စိုက်ပျိုးမည်

ပွင့်ဖြူ စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧက စိုက်ပျိုးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✤

**ယနေ့ ဖတ်စရာ**

**ပြည်သူများ မျှော်ရည်သန်ရာ အနာဂတ် ရွှေပြည်တော်ကြီးဆီ ပူးပေါင်းအားဖြင့် အရောက်ချီမည်**

ဆောင်းပါး စာမျက်နှာ » ၆

**အဖိုးမဖြတ်နိုင်တဲ့ အနုသုခုမတို့ ဆုံစည်းရာ ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး**

ဆောင်းပါး စာမျက်နှာ » ၁၀

## ကျွန်းလှမြို့နယ်၌ မိုးစပါး ဧက ၃၃၀၀၀ ကျော် စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ကျွန်းလှ စက်တင်ဘာ ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ယခုနှစ်မိုးရာသီ၌ မိုးစပါး ဧက ၃၃၀၀၀ ကျော် စိုက်ပျိုးပြီးဖြစ်သည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးစိုက်ပျိုးရန် ၃၅၆၉၆ ဧက လျာထားပြီး လက်ရှိအချိန်အထိ ၃၃၂၆၃ ဧက (၉၃ ဒသမ ၁၈ ရာခိုင်နှုန်း) စိုက်ပျိုးပြီးဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ■


ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀) မြို့ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀) ပြည်ညောင်တို့ မှ ထုတ်လုပ်သော ကြံ့၊ ဆင်နှစ်ကောင်၊ **Blue Diamond** နှင့် မြင်းပျံ အမှတ်တံဆိပ် ဘိလပ်မြေများအား

**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဘိလပ်မြေစက်ရုံ(တန်-၄၀၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၉၂၅၂၃၂၇
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၇၀၄၊ ၀၉၇၇၇၀၀၄၀၉၇

ဘိလပ်မြေစက်ရုံ(တန်-၁၂၀၀)
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၇၇၇၀၀၄၇၄၀
အရောင်းကိုယ်စားလှယ်- ဖုန်း - ၀၉ ၇၇၇၀၀၂၆၇၀



# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး ပညာရေးအလေးထားမြှင့်တင်ပေး

၂၀၂၆ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အခမ်းအနားကို စက်တင်ဘာ ၈ ရက်က နေပြည်တော်တွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က “စာတတ်မြောက်ခြင်းဆိုသည်မှာ လူသားတိုင်း၏ မွေးရာပါအခြေခံရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် မရှိမဖြစ်လိုအပ်သည့် အဓိကမောင်းနှင်အားလည်းဖြစ်ကြောင်း၊ လူသားတစ်ယောက်အနေဖြင့် စာတတ်မြောက်မှသာ လေ့လာသင်ယူတတ်မြောက်ထားသည့် အတတ်ပညာနှင့် ဘဝကို ရှင်သန်ဖြတ်သန်းနိုင်မည်ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတများ ဆက်လက်ဆည်းပူးပြီး မှန်ကန်သည့်ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် လူ့အဖွဲ့အစည်းတွင် အပြည့်အဝပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ‘နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့’ ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍကို အထူးအလေးထား မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း” ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် စာတတ်မြောက်မှု အားနည်းခဲ့သောကြောင့် လူမှုဘဝများ နိမ့်ကျခဲ့ရသည်။ ၁၉၆၄ ခုနှစ်တွင် မိတ္ထီလာခရိုင် အရှေ့စံပြကျေးရွာမှ အရေး၊ အဖတ်၊ အတွက်ဆိုသည့် “အ” သုံးလုံးကျေလှုပ်ရှားမှုကို စတင်ခဲ့သည်။ အမျိုးသားရေးလှုပ်ရှားမှုအဖြစ် လူထုအင်အားဖြင့် ဖော်ဆောင်ခဲ့ပြီး ပညာရေးကဏ္ဍအောင်မြင်မှုသမိုင်း ပြယုဂ်တစ်ခုဖြစ်ခဲ့သည်။ လူထုလှုပ်ရှားမှုအနေဖြင့် နိုင်ငံတစ်ဝန်း အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သောကြောင့် ၁၉၇၁ ခုနှစ်တွင် ယူနက်စကို၏ “မိုဟာမက်ရီဇာပါလာဗီဆု” နှင့် ၁၉၈၃ ခုနှစ်တွင် “နိုမာဆု”တို့ကို ရရှိခဲ့သည်။ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ စာတတ်မြောက်ရေးလှုပ်ရှားဆောင်ရွက်မှုကို လေးစားအသိအမှတ်ပြုခြင်းခံရသဖြင့် မြန်မာနိုင်ငံသားအားလုံး ဂုဏ်ယူရမည့် သမိုင်းမှတ်တိုင်ဖြစ်ခဲ့သလို ဆက်လက်၍လည်း စာမတတ်သူ လုံးဝကင်းစင်ပပျောက်သွားအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ကောက်ယူခဲ့သည့် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက် လူဦးရေ ၃၃ ဒသမ ၉၃ သန်းတွင် စာမတတ်သူ ၃ ဒသမ ၅၅ သန်းခန့်ရှိပြီး စာတတ်မြောက်မှု ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက် ၁၅ နှစ်အထက် လူဦးရေ ၃၇ ဒသမ ၂၆ သန်းတွင် စာမတတ်သူ ၄ ဒသမ ၁ သန်းခန့်ရှိပြီး စာတတ်မြောက်မှု ၈၉ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှုတတ်မြောက်နှုန်း၌ ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ ၂၀၂၄ ခုနှစ်တွင် ကောက်ယူခဲ့သော လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည် ၉၂ ဒသမ ၁ ရာခိုင်နှုန်းနှင့် တွက်ချက်မှု တတ်မြောက်နှုန်းတွင် ၉၂ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးတက်လာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရသည်။ စာတတ်မြောက်မှု ရာခိုင်နှုန်းပြည့်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် ယခင်က ကျေးလက်ဒေသနှင့် အစွန်အဖျားဒေသများတွင် နေထိုင်ကြသည့် ပြည်သူများ စာတတ်မြောက်မှုနှုန်း နည်းပါးနေသည်ကိုတွေ့ရသဖြင့် တစ်နိုင်ငံလုံး စာမတတ်သူပပျောက်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် “အ” သုံးလုံး သင်တန်းများကိုဆောင်ရွက်ခဲ့ရာ အောင်မြင်မှုများရရှိခဲ့သည်။ ယခုအခါ ကျေးလက်ဒေသနေပြည်သူများနှင့်အစွန်အဖျားဒေသများရှိ ပြည်သူအားလုံး စာတတ်မြောက်ရေးကို အလေးထားဆောင်ရွက်ခဲ့ရာ တိုးတက်မှုများရရှိခဲ့သည်။ ကျန်ရှိနေသေးသော စာမတတ်သူများကို နှစ်အလိုက် ထိရောက်စွာလျှော့ချနိုင်ရန်အတွက် အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုနှစ်နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ “ကမ္ဘာမြေနှင့်လူသားများ သာယာဝပြောဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့” ဖြစ်သည်။ ဆောင်ပုဒ်အရ လူသားတစ်ဦးချင်းစီ၏ စာတတ်မြောက်မှုသည် လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက်သာမက မိမိနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး၏ ငြိမ်းချမ်းရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို စွမ်းဆောင်ပေးနိုင်သည့် အရင်းအမြစ်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် စာမတတ်သူပပျောက်ရေးကို တစိုက်မတ်မတ် ဆောင်ရွက်ခဲ့ရာတွင် ယခု ၂၀၂၆ ခုနှစ်အတွင်း သိသာထင်ရှားသည့် အောင်မြင်မှုများကို ရရှိခဲ့သည်။ အထူးသဖြင့် ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တို့ရှိ သတ်မှတ်မြို့နယ်များတွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်သဖြင့် အောင်မြင်မှုများရရှိခဲ့သည်။ သက်ဆိုင်ရာအဖွဲ့အစည်းများက အားတက်သရော ဆောင်ရွက်ပေးသကဲ့သို့ ဒေသခံပြည်သူလူထုကိုယ်တိုင်ကလည်း စာတတ်မြောက်ခြင်းသည် ဘဝတိုးတက်ရေးအတွက် အရေးကြီးသည်ကို သိမြင်ပြီး စိတ်အားထက်သန်စွာ ပါဝင်လာကြသဖြင့် အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် “လူတိုင်းအတွက် ပညာရေး” ဆိုသည့်အတိုင်း မြန်မာနိုင်ငံရှိပြည်သူအားလုံး စာတတ်မြောက်စေရန် အမျိုးသားရေးခံယူချက်ဖြင့် အားလုံးပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ကျောက်တန်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို စက်တင်ဘာ ၇ ရက်က ကျောက်တန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မော်ဝန်းရတနာခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၅၀ ဖြင့် စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ မီးဘေး၊ သဘာဝဘေးများကြုံတွေ့လာပါက မီးသတ်ပစ္စည်းကိရိယာများ၊ ကူညီကယ်ဆယ်ရှာဖွေရေးလုပ်ငန်းသုံးပစ္စည်းများဖြင့် စာတွေ့လက်တွေ့သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သန့်ဇင်ထွန်း

## (၉-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၉ ~ ၃၆၇၁ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၇,၂၃၈,၂၁၆.၀၀ | ၁၂,၅၇၇,၇၃၀.၇၅ | ၈၇,၇၉၈,၀၈၇.၂၁ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၉ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၅၀၀ | ၃၀၄ | ၅,၆၂၂,၀၀၀ |
| MTSH | ၈,၉၀၀ | ၉,၀၀၀ | ၂,၀၁၃ | ၁၈,၀၁၅,၄၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၈၉၈ | ၁၁,၆၇၄,၀၀၀ |
| FPB | ၇,၀၀၀ | ၇,၀၀၀ | ၁,၁၆၄ | ၈,၁၄၈,၀၀၀ |
| TMH | ၃,၅၀၀ | ၃,၄၀၀ | ၆၅၀ | ၂,၂၁၀,၃၀၀ |
| EFR | ၁,၈၅၀ | ၁,၈၅၀ | ၅,၁၆၄ | ၉,၃၇၈,၄၀၀ |
| AMATA | ၄,၃၀၀ | ၄,၃၀၀ | ၆၅၀ | ၂,၇၉၅,၀၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၈,၉၆၅ | ၆၀,၀၆၇,၅၀၀ |
| MADPL(PLB) | ၆,၆၀၀ | ၆,၆၀၀ | ၃၀ | ၁၉၈,၀၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၇၀၀ | ၅,၁၉၅ | ၃၄,၄၁၀,၇၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လို

**စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့ လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည် မဖွံ့ဖြိုး မတိုးတက်စရာ အကြောင်းမရှိပါဘူး။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စုပ္ပန်ကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ကျား၊ မရေးရာအကြမ်းဖက်မှု အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရေး၊ အကြမ်းဖက်ခံရသူများအတွက် လိုအပ်သော ဝန်ဆောင်မှုများကို ထိရောက်စွာပေးအပ်နိုင်ရေး၊ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ဘေးကင်းလုံခြုံရေးနှင့် ဂုဏ်သိက္ခာကာကွယ်မြှင့်တင်ပေးနိုင်ရေးတို့အတွက် ဝန်ကြီးဌာနများမှဝန်ထမ်းများကို ဖွင့်လှစ်ပို့ချပေးမည့် **“ကျား၊မအခြေပြုအကြမ်းဖက်ခံရသူများအတွက် ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ သင်တန်း”**ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ Hotel Amara ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီဥက္ကဋ္ဌ အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ လက်ထောက်အတွင်းဝန်၊ အမျိုးသမီးရေးရာ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ ဘာသာရပ်ပို့ချမည့်သူများ၊ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အိမ်တွင်းအကြမ်းဖက်မှုသည် အမျိုးသမီး တစ်ဦးချင်းအပေါ်သာမက ၎င်းတို့နှင့်ဆက်စပ်နေသော လူ့အသိုင်းအဝိုင်းများနှင့် လူ့အဖွဲ့အစည်းအတွက် ပြင်းထန်သော ထိခိုက်မှုများ ဖြစ်ပေါ်စေကြောင်း၊ အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်များအား ဖြစ်ရပ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်များနှင့်အညီ စနစ်တကျ ကိုင်တွယ်ဆောင်ရွက်နေပါကြောင်း၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်တစ်ခုကို ဖြေရှင်းရာတွင် ရဲတပ်ဖွဲ့အခန်းကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဥပဒေရေးရာကဏ္ဍ၊ အုပ်ချုပ်ရေးကဏ္ဍ၊ လူမှုရေးရာကဏ္ဍ၊ အမျိုးသမီးရေးရာကဏ္ဍ စသည့် ကဏ္ဍများရှိပါကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း ဥပဒေရေးရာကိစ္စရပ်များ၊ လူကုန်ကူးခံရသူများအတွက် ဆောင်ရွက်ပေးမှုများ၊ ကျား၊ မ အခြေပြု အကြမ်းဖက်မှုဖြစ်ရပ်နှင့်ပတ်သက်၍ အခြေခံသဘောတရားများ၊ ကျား၊ မရေးရာ အခြေပြု အကြမ်းဖက်မှုအတွက် ဝန်ဆောင်မှုပေးသူ တစ်ဦးအနေဖြင့် လိုက်နာရမယ့်အခြေခံမူများ၊ လုပ်ငန်းစဉ်များကို ပိုမိုနားလည်သဘောပေါက်လာကြမည် ဖြစ်ကြောင်း ပြောကြားသည်။

သင်တန်းသို့ ဝန်ကြီးဌာနငါးခုနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းကာလသုံးရက်တာ ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

**✻ မော်တော်ယာဉ်မောင်းနှင်မှုမှ**

စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်မပြတ်လည်ပတ်စေရန်တို့အတွက် အထက်ပါထုတ်ပြန်ခဲ့သည့် ပြည်သူသို့ အသိပေးကြေညာချက်များအား ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၉ ရက်မှစတင်၍ ပယ်ဖျက်လိုက်သည်။

၃။ မော်တော်ယာဉ်များအား “စုံ” ရက်၊ “မ” ရက် ခွဲခြားမောင်းနှင်မှုအစား ပုံမှန်အတိုင်းပြန်လည်မောင်းနှင်နိုင်ပါကြောင်းနှင့် နိုင်ငံ၏စွမ်းအင်လုံခြုံရေးအတွက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချခြင်းစနစ်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လက်ရှိကျင့်သုံးလျက်ရှိသော “စုံ” / “မ” ရက်စနစ်-QR Code သတ်မှတ်ချက်နှင့်အညီ ဆက်လက်ဝယ်ယူရန်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်သမ္မတရုံး**

**❖ ရှေ့ဖုံးမှ**

အမှတ်(၁) အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ယနေ့အခမ်းအနားသည် တောင်ကြီးမြို့နယ်အတွင်းရှိ “School Milk Program” အစီအစဉ်ဖြင့် ကျောင်းနေအရွယ် ကျောင်းသား ကျောင်းသူများ၏ အာဟာရပြည့်ဝမှုနှင့် ကျန်းမာဖွံ့ဖြိုးမှုကို အားပေးရန် ရည်ရွယ်၍ ပေါင်းတင်ပိုးသတ်ပြီး အသင့်သောက်နွားနို့များအား ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်း စတင်၍ တိုက်ကျွေးဆောင်ရွက်ရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက အသင့်သောက်နွားနို့များကို ဆရာမ၊ ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

ယင်းနောက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးသာယာရှိ ပေ(၉၀ x ၃၀) တစ်ထပ် RCC စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုကိုလည်းကောင်း၊ အေးသာယာမြို့ စက်မှုဇုန်ရှိ စုတ်ဖွားရွက်ဖျန်းမြေဩဇာထုတ်လုပ်ရေးစက်ရုံ၌ ရွက်ဖျန်းမြေဩဇာဆေးထုတ်လုပ်မှု အဆင့်ဆင့်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**



## ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က Artificial Intelligence (AI) နည်းပညာသင်တန်း ဖွင့်လှစ်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ဦးစီး၍ Artificial Intelligence (AI) နည်းပညာ သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ နည်းပညာအကြံပေး ဦးဌေးလင်းက သင်တန်းကာလအတွင်း သင်ကြားပို့ချသွားမည့် အကြောင်းအရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသူဦးရေ စုစုပေါင်း ၃၅ ဦး ပါဝင်တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

**✤ ပွင့်ဖြူမြို့နယ်မှ**

“ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ပဲမျိုးစုံသီးနှံဧက ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ အောက်တိုဘာလလောက်မှာ စတင်စိုက်ပျိုးသွားမှာဖြစ်ပြီး တောင်သူတွေကိုလည်း ပဲမျိုးစုံသီးနှံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ယခင်နှစ်ကထက် သီးနှံအထွက်နှုန်းများ ပိုမိုရရှိအောင် ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်များကို ရွေးချယ်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ စိုက်ပျိုးရေး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ ပညာပေးတာတွေကို ကွင်းဆင်းကြီးကြပ်ပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကုလားပဲ ၅၆၀၅၁ ဧက၊ မတ်ပဲ ၇၂ ဧက၊ ပဲကြီး ၄၇၁၃ ဧက၊ စားတော်ပဲ ၃၃၁၂ ဧက၊ ပဲလွမ်း ၃၂၃၃ ဧက၊ ပဲနောက် ၄၁၇ ဧက၊ ပဲယဉ်း ဧက ၂၃၀၊ ပဲကျား ၂၂ ဧက၊ ထောပတ်ပဲ ဧက ၉၅၈၀၊ အခြားပဲသီးနှံ ၉၄၅ ဧက စုစုပေါင်း ပဲမျိုးစုံသီးနှံ ၇၈၅၇၅ ဧကဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ပဲသီးနှံအထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနက သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့်ချိတ်ဆက်၍ ဒေသခံတောင်သူများကို လိုအပ်သည့် မျိုးကောင်းမျိုးသန့်များ၊ သွင်းအားစုပစ္စည်းများ၊ ပိုးမွှားကျရောက်မှုမရှိစေရေး ကြိုတင်ကာကွယ်နှိမ်နင်းရမည့် နည်းလမ်းများကို တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်လှစ်

**နေပြည်တော် စက်တင်ဘာ ၉**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဓာတုပစ္စည်းစီမံခန့်ခွဲရေးဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါသင်တန်းကို ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းဆိုင်ရာ လုပ်ငန်းလုပ်ကိုင်သူ၊ ကိုင်တွယ်အသုံးပြုသူများ၊ သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း ဆောင်ရွက်သူများအား ဓာတုပစ္စည်းများ သိုလှောင်ခြင်း၊ အသုံးပြုခြင်း၊ ကိုင်တွယ်ခြင်းနှင့် စွန့်ပစ်ခြင်းတို့တွင် လိုက်နာရမည့် လုံခြုံရေးဆိုင်ရာနည်းလမ်းများကို သိရှိနားလည်ပြီး လုပ်ငန်းခွင်တွင် လက်တွေ့အသုံးချနိုင်ရန်၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သည့်အခြေအနေကို ကြိုတင်ခန့်မှန်းသိရှိနိုင်စေရန်၊ ထိုအန္တရာယ်များကို စနစ်တကျ တားဆီးကာကွယ်နိုင်သည့် အသိပညာများရရှိစေရန်နှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို သိရှိစေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။



သင်တန်းဖွင့်ပွဲသို့ စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ရုံးအမှတ် (၃၀) အစည်းအဝေးခန်းမမှ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး ဓာတုပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ကိုင်တွယ်အသုံးပြုခြင်းနှင့် စွန့်ပစ်ခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တွင် လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး (Occupational Safety and Health– OSH) ကို အထူးအလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

မွန်းလွဲပိုင်းတွင်လည်း စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် (Fed.MES) တို့ ပူးပေါင်းဆောင်ရွက်သည့် ဉာဏ်ရည်တု အသုံးချနည်းပညာမြှင့်တင်ရေးအစီအစဉ်ဖြစ်သော MSME များအတွက် ဉာဏ်ရည်တုဆိုင်ရာ အသိပညာမြှင့်တင်ရေးဆွေးနွေးပွဲ (AI Awareness Webinar) သို့ Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ပြီး အမှာစကား ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲတွင် ဉာဏ်ရည်တု (AI)နှင့် အကြောင်းအရာအသစ်များ ဖန်တီးနိုင်သည့် ဉာဏ်ရည်တု (Generative AI)၊ ဉာဏ်ရည်တုနှင့် စက်မှုအလိုအလျောက်စနစ် (AI နှင့် Automation)၊ ASEAN MSME များတွင်ဉာဏ်ရည်တု(AI) ကိုလက်တွေ့အသုံးချနေမှု၊ ဈေးကွက်ရှာဖွေရေး၊ ဖောက်သည်ဝန်ဆောင်မှု၊ ကုန်ပစ္စည်းလက်ကျန်နှင့် စာရင်းကိုင် စသည့်လုပ်ငန်းကဏ္ဍများတွင် အသုံးချနိုင်သည့် စီးပွားရေးလုပ်ငန်းများတွင်အသုံးပြုရန် ထုတ်လုပ်ထားသော ဉာဏ်ရည်တု (AI) ပါဝင်သည့် ဆော့ဖ်ဝဲ/ အက်ပလီကေးရှင်းများ (Business AI Tools) များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **သတင်းစဉ်**

# သံအမတ်ကြီး ဦးမင်းသိမ်း ကူဝိတ်နိုင်ငံ အကြီးအကဲထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် စက်တင်ဘာ ၉**

ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမင်းသိမ်းသည် ၎င်း၏သံအမတ်ခန့်အပ်လွှာကို စက်တင်ဘာ ၈ ရက်တွင် ကူဝိတ်မြို့ရှိ ဘယန်နန်းတော်၌ ကူဝိတ်နိုင်ငံဘုရင် ရှိတ် မီရှာ အယ်လ်-အာမက် အယ်လ်-ဂျာဘား အယ်လ်-ဆာဘား ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်



# မကွေးမြို့၌ အထူးကုဆေးကုသရေးအဖွဲ့ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

**မကွေး စက်တင်ဘာ ၉**

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် ရန်ကုန်/မန္တလေး/နေပြည်တော်မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီးများသည် ခရိုင်/မြို့နယ်များသို့ အထူးကုဆေးကုသရေးခရီးစဉ်များ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အထူးကုဆေးရုံကြီး(ခုတင်-၅၀၀)-ရန်ကုန်နှင့် ကလေးဆေးရုံကြီး-ရန်ကုန်တို့မှ ပါမောက္ခ/ အထူးကုဆရာဝန်ကြီး ၁၂ ဦး ပါဝင်သည့် အထူးကုဆေးကုသရေးအဖွဲ့သည် မကွေးမြို့ ပြည်သူ့ဆေးရုံကြီး၌ ဒေသခံပြည်သူများအား ကွင်းဆင်းဆေးကုသပေးခြင်းကို စက်တင်ဘာ ၈ ရက်မှ ၉ ရက်အထိ ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆေးကုသမှုခရီးစဉ်တွင် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများက အထွေထွေရောဂါ၊ နှလုံးဆေးကုသမှုဆိုင်ရာရောဂါ၊ အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာရောဂါ၊ ဦးနှောက်နှင့်အာရုံကြောဆေးကုသမှုဆိုင်ရာရောဂါ၊ ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အသည်းဆေးကုသမှုဆိုင်ရာရောဂါ၊ ဆီးချိုနှင့်ဟော်မုန်းရောဂါ၊ ဆီးနှင့်ကျောက်ကပ်ဆေးကုသမှုဆိုင်ရာရောဂါ၊ အဆုတ်နှင့်ရင်ခေါင်းဆေးကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောအဆစ်ရောဂါ၊ ကလေးဦးနှောက်နှင့် အာရုံကြောရောဂါ၊ ကလေးသွေးနှင့် ကင်ဆာရောဂါများဖြင့် လာရောက်ပြသသော မကွေးတိုင်းဒေသကြီးအတွင်းရှိ စုစုပေါင်းဒေသခံပြည်သူ ၂၀၉၈ ဦးတို့အား စမ်းသပ်စစ်ဆေးကုသပေးနိုင်ခဲ့ပြီး အထူးခွဲစိတ်ကုသမှု လိုအပ်သည့်လူနာများနှင့် အထူးကုသမှု ဆက်လက်ခံယူရန်လိုအပ်သည့် လူနာများကို သက်ဆိုင်ရာဆေးရုံကြီးများသို့ လွှဲပြောင်းကုသမှုဆောင်ရွက်နိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



# News and News Article Writing သင်တန်းမှ သင်တန်းသား သင်တန်းသူများ နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင်လေ့လာ

**နေပြည်တော် စက်တင်ဘာ ၉**

ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် အိန္ဒိယနိုင်ငံ Indian Technical and Economic Cooperation (ITEC) တို့ပူးပေါင်းဖွင့်လှစ်သည့် News and News Article Writing သင်တန်းမှ အုပ်ချုပ်သူဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူ ၃၀ တို့သည် ယမန်နေ့နံနက်ပိုင်းက နေပြည်တော်-တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လေ့လာကြသည်။



ဦးစွာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံ Auditorium ခန်းမ၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများက MRTV Theme Song ဖြင့် သီဆိုကပြဖျော်ဖြေကြပြီး “နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းစွမ်းဆောင်နေသည့် နိုင်ငံတော်မီဒီယာ” Video Clip ကို ပြသသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစောမြင့်ဇော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး Studio အား ကြည့်ရှုလေ့လာကာ သင်တန်းသား သင်တန်းသူများသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ Radio Recording Studio၊ News Studio 2 နှင့် Audio Mastering Studio တို့တွင် အသံသွင်းမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စိန်ရတုပြတိုက်တွင် ခင်းကျင်းပြသထားရှိမှုများကို ကြည့်ရှုလေ့လာခဲ့ကြပြီး ပြတိုက်ဆိုင်ရာ မှတ်သားဖွယ်ရာ အဖြေလွှာများတွင် ပြည့်စုံစွာဖြေဆိုနိုင်သည့် သင်တန်းသား သင်တန်းသူများအား အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဖျာပုံမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံ သင်တန်းဖွင့်

**ဖျာပုံ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲကို စက်တင်ဘာ ၇ ရက်က ဖျာပုံမြို့နယ် မီးသတ်ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း အမှတ်စဉ်(၁/၂၀၂၆)ကို စက်တင်ဘာ ၇ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ဖွင့်လှစ်၍ ဖျာပုံမြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်မီးသတ်ဦးစီးမှူးနှင့် သန္ဓေတပ်ဖွဲ့ဝင်နည်းပြများက သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်တွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### ■ ကျွန်းလှမြို့နယ်မှ

အဆိုပါ မိုးစပါးစိုက်ခင်းများ တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိစေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်း မျိုးသန့်ရရှိရေး ဆောင်ရွက်ပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်ရေးကွင်းသရုပ်ပြခြင်း၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ အချိုးကျရောစပ်ပြီး အချိန်ကိုက်သုံးစွဲရေး ကွင်းဆင်းအသိပညာပေးလျက်ရှိကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

# ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် စက်တင်ဘာ ၉**

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို အထောက်အကူဖြစ်စေရေး၊ အားကစားသမားများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရေး၊ လူငယ်မျိုးဆက်သစ် ဂျူဒိုအားကစားသမားများ ပေါ်ထွက်လာစေရေး၊ အရည်အသွေးမြင့် လက်ရွေးစင် အားကစားသမားများ ရွေးချယ်မွေးထုတ်ပေးနိုင်စေရေးနှင့် မြန်မာ့ဂျူဒိုအားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဂျူဒိုပြိုင်ပွဲကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(C)၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း၊ ဦးသန်းမောင်နှင့် ဦးမောင်မြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့်ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက အမှာစကားပြောကြားပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒိုပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အားကစားသမားများ အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက် ရွတ်ဆိုပြီး မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်၍ အမှတ်တရလက်ဆောင်များပေးအပ်ကာ ပြိုင်ပွဲတွင်ပါဝင်ကူညီအားဖြည့်ပေးခဲ့သည့် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သုံးသိန်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဂျူဒိုအမျိုးသား (-၃၈)ကီလိုတန်း ပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ဇင်ညီညီ(ပဲခူး)နှင့် သန်းထက်ဦး (နေပြည်တော်) အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကိုလည်းကောင်း၊ ဂျူဒိုအမျိုးသမီး (-၄၈) ကီလိုတန်းပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များအဖြစ် ခင်ပိုးပိုးအောင် (မန္တလေး)နှင့် နန်းဖြူသဇင်ဦး (ဧရာဝတီ) တို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဂျူဒို (အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်မှ ၁၁ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C)၌ ပြိုင်ပွဲကာလ လေးရက်ကြာ ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၄ သင်းစုစုပေါင်း ၂၃၈ ဦး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# မုဒုံမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကျင်းပ

**မုဒုံ စက်တင်ဘာ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် ကျေးလက်ဒေသများဖွံ့ဖြိုးရေး ပြည်သူ့ စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းက ကွေ့ဝမ်းကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးသက်ထွေးက အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်မြင့်က လွှတ်တော်နှင့်ဆိုင်သည့် ကိစ္စရပ်များရှိပါက ပြည်သူများအနေဖြင့် တင်ပြပေးရန်၊ လွှတ်တော်ဆိုသည်မှာ ဥပဒေပြုရေးကိစ္စများကို လုပ်ဆောင်ပေးရကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆိုင်သည့် ကိစ္စများရှိပါက ပြည်သူများအနေဖြင့် တင်ပြကြရန်၊ မုဒုံမြို့နယ်တွင် အဓိကစီးပွားရေးမှာ စိုက်ပျိုးရေးဖြစ်ပြီး လယ်ယာနှင့် ရော်ဘာများ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လိုအပ်သောကိစ္စရပ်များ တင်ပြပေးသွားကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်နယ်မှူး ဒေါ်စမ်းစမ်းနွယ်က ပြည်သူ့စကားဝိုင်း ပြုလုပ်ရခြင်း ရည်ရွယ်ချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မုဒုံမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို တင်ပြကြရန်နှင့် သက်ဆိုင်ရာဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရာမည(ပြန်/ ဆက်)**

# ရပ်ရွာဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုနှင့်တိုက်ရိုက်အချိုးကျသည့်အတွက် ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်



**လွိုင်ကော် စက်တင်ဘာ ၉**

ရပ်ရွာ ဖွံ့ဖြိုးတိုးတက်မှုသည် တည်ငြိမ်အေးချမ်းမှုနှင့် တိုက်ရိုက်အချိုးကျသည့်အတွက် ပြည်နယ်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအုံ့မော်က ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ် များနှင့် အတူ ယနေ့နံနက်ပိုင်းတွင် မိုင်းလုံး ဘုန်းတော်ကြီးကျောင်း၌ လွိုင်ကော်မြို့နယ် မိုင်းလုံးရပ်ကွက်၊ ရွာတန်းရှည်ရပ်ကွက်နှင့် ပန်ကန်းကျေးရွာအုပ်စု၊ စိုက်ကွင်းသုံး၊ မှုံပြာနှင့် ဒေါဆန်းဘွန်းကျေးရွာ နေပြည်သူများနှင့် တွေ့ဆုံစဉ် တိုက်တွန်းပြောကြားသည်။

ထို့အတူ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှတ်တော်တွင် အဆိုတင်သွင်းနိုင်မှုတို့ကို ရှင်းလင်းဆွေးနွေးပြီး ပြည်သူများက ရပ်ကွက်/ကျေးရွာအလိုက် လိုအပ်သည်များ တင်ပြဆွေးနွေးမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ကယားတိုင်းရင်းသားတို့၏ ရိုးရာစုပေါင်း အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် အဲဒိုပေါ်မီ (ခေါ်) ဒီးကူပွဲတော် ကျင်းပမည့် လုပ်ငန်းစဉ်များ၊ စီမံဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# လက်ပံတန်းမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း



**လက်ပံတန်း စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် ငွေတောက်ကွင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးကျော်ကျော်၏ လယ်မြေ ခုနစ်ကေ၌ ဆာဖိုးသာ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့တွင် ပြုလုပ်ရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းများ ညှိနှိုင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး မိုးစပါးစံကွက် ရိတ်သိမ်းရာ တစ်ကေလျှင် စပါးအစို တင်း ၁၂၀ ထွက်ရှိခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောင်းကုန်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျောင်းကုန်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကျောင်းအိုင်အုပ်စု အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) (ပျော်ဘွယ်ကုန်း)၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးသက်နိုင်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ခြင်း၏ အကျိုးကျေးဇူးအကြောင်းကို ဟောပြောခဲ့သည်။

ဆက်လက်၍ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးတင်ကိုက အန္တရာယ်ကင်းစွာစားသုံးရန် အသိပညာပေးဟောပြောပြီး ဝက်ချောင်းကျေးလက်ကျန်းမာရေးဌာနမှ အမျိုးသမီးဆရာမ ဒေါ်စန္ဒာမြင့်က ကျန်းမာရေးကိစ္စရပ်များ ဟောပြောခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ပြည်သူများ မျှော်ရည်သန်ရာ အနာဂတ် ရွှေပြည်တော်ကြီးဆီ ပူးပေါင်းအားဖြင့် အရောက်ချီမည်

ရွှေယွန်း

ပြည်မြန်မာကို စပါးခင်းများ၊ သီးနှံစိုက်ခင်းများဖြင့် ရာသီပတ်လုံး စိမ်းစိုသာယာစေလိုကြသည်။ **"ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ"** ဆိုသကဲ့သို့ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးစေလိုကြသည်။ ပြည်ရွာအနှံ့ လျှပ်စစ်ယာဉ် ရထားများစီး၍ လွယ်လင့်တကူ ခရီးလမ်းပန်း ပွင့်လန်းစေလိုကြသည်။ ပြည်မြန်မာတွင် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်သော နည်းပညာများလည်း ထွန်းကားစေချင်ကြသည်။ စက်ရုံ၊ အလုပ်ရုံများ စည်စည်ဝေဝေဖြင့် အလုပ်အကိုင် အခွင့်အလမ်း ပေါများစေလိုကြသည်။

ထို့အတူ ရာသီအလိုက် ပွဲတော်များကျင်းပရင်း ကမ္ဘာအနှံ့အပြားက မြန်မာပြည်လာခရီးသွားများကို **"ဒါတို့မြန်မာ့ယဉ်ကျေးမှု"**ဟု ဖိတ်ခေါ်ဟစ်ကြွေးလိုကြသည်။ ဘုရား၊ ကျောင်းကန်၊ တန်ဆောင်းများတွင် လှူဒါန်းကုသိုလ်ပြုသူများဖြင့် ရာသီမပြတ် စည်ကားလိုကြသည်။ ကမ္ဘာတည်သရွေ့ မြန်မာပြည်ကြီးတည်ရှိကာ တိုင်းရင်းသားသွေးချင်း ညီရင်းအစ်ကို သွေးချင်းမောင်နှမအချင်းချင်း ချစ်ကြည်စည်းလုံးစွာ နေထိုင်လိုကြသည်။ မြေပေါ် မြေအောက်ပေါကြွယ်ဝသည့် သယံဇာတများကို အနာဂတ်မြန်မာနိုင်ငံသားတို့အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းသွားလိုကြသည်။ ထိုထက်မက ပြည်မြန်မာကို ဖွံ့ဖြိုးသာယာစေလိုသည့်ဆန္ဒများလည်း ရှိကြသည်။

ပြည်မြန်မာထက်သာသည့် တစ်ပြည်တစ်ရွာကို မြင်လေတိုင်း၊ တွေ့လေတိုင်း အမိနိုင်ငံတော်ကြီးကို သူတို့ထက် ပို၍သာလွန်စေချင်ကြသည်၊ တိုးတက်ဖွံ့ဖြိုးစေချင်ကြသည်မှာ နိုင်ငံသားတိုင်း နိုင်ငံအပေါ် ထားရှိသည့်စေတနာဖြစ်ပါသည်။ ထိုကဲ့သို့ အမိနိုင်ငံသားများ လိုလားတောင့်တသော ပို၍သာလွန်ကောင်းမွန်သည့် အနာဂတ်နိုင်ငံကို လက်တွေ့လုပ်ဆောင်မှုမပါဘဲ တည်ဆောက်၍မရနိုင်သည်မှာလည်း အမှန်တရားဖြစ်ပါသည်။

### ပြည်သူများကပါဝင်ကာ ပုံဖော်ဖန်တီးကြရမည်

ဤနေရာတွင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ ရွေးချယ်မှုများသည် နိုင်ငံတော်အစိုးရ၏ တာဝန်၊ အစိုးရတစ်ရပ်ကသာ ဖော်ဆောင်သွားရမည့်အရေးကိစ္စများဖြစ်သည်ဟု ပြည်သူများက သတ်မှတ်ထား၍မရပါ။ မည်သည့်ကဏ္ဍများကို အလေးပေးမည်၊ ပြည်သူ့ကဏ္ဍအတွက် မည်သည်တို့က အရေးပါသည်ကို ပြည်သူများကပါဝင်ကာ ပုံဖော်ဖန်တီးကြရမည်ဖြစ်သည်။ အနာဂတ်နိုင်ငံတော်ကို ပုံဖော်ထုဆစ်ရာတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိနေသည့် မြန်မာ့စီးပွားရေးစနစ်အတွက် ပထဝီစီးပွားရေးအခွင့်အလမ်းများကို မလွတ်တမ်း ဆုပ်ကိုင်အသုံးချကြရမည်ဖြစ်သည်။ သို့အတွက် တည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းကြရမည်၊ သွေးစည်းကြရမည်၊ စည်းလုံးကြရမည်။

မြန်မာနိုင်ငံသည် စိန်ခေါ်မှုများ ရှိနေသော်လည်း ယခုထက်မက လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်နိုင်သည့် အလားအလာကောင်းများစွာ ရှိနေသည်၊ ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး အခွင့်အလမ်းများစွာ ရှိနေသည်ကို ပထဝီနိုင်ငံရေးကျွမ်းကျင်သူပညာရှင်များက အမြဲထောက်ပြဆွေးနွေးကြသည်။

> **မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ပါ။ ကမ္ဘာ့နိုင်ငံများသည် လိုအပ်သည့်စွမ်းအင်အတွက် နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းများ၊ လောင်စာများကနေ ထုတ်ယူသုံးစွဲနိုင်ရန်စီမံကြရသည်။ မိမိနိုင်ငံရှိ အရင်းအမြစ်၏ အားသာချက်၊ အားနည်းချက်များအပေါ် လိုက်ပါပြီး စီမံခန့်ခွဲကြရသည်။ မည်သည့်အရင်းအမြစ်မှမဆို ထုတ်ယူသုံးစွဲပါက ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေမည်မှာ အမှန်တရားဖြစ်ပါသည်။ သို့သော် ကောင်းကျိုးက များများ၊ ဆိုးကျိုးက နည်းနည်းဖြစ်အောင် ဆောင်ရွက်**

သို့သော် ဖွံ့ဖြိုးမှုအခွင့်အလမ်းများ ဖန်တီးရာတွင် ညှိနှိုင်းဖြေရှင်းရန် လက်ကမ်းမပေးသည့်၊ ပြည်သူများလိုလားသည့် လမ်းကြောင်းကို အစိုးရတစ်ရပ် မှန်မှန်ဖြောင့်ဖြောင့် အကောင်အထည်မဖော်နိုင်အောင် ရည်ရွယ်လုပ်ဆောင်နေသည့်၊ ပြည်တွင်းရေးရာကိစ္စရပ်များတွင် ပြည်ပဩဇာ ဝင်ရောက်စွက်ဖက်စေလိုသည့် အကြမ်းဖက်အင်အားစု၏ လုပ်ဆောင်မှုများကို ဤနေရာတွင် ပြည်သူများ သတိချပ်ရမည်သာ။

မည်သို့သော အဆိုးမြင် ဆန့်ကျင်လုပ်ဆောင်မှုများ ရှိနေလင့်ကစား အစိုးရနှင့် ပြည်သူပူးပေါင်းအားဖြင့် ကောင်းမွန်စွာကျော်လွှားသွားနိုင်ပါသည်။ ထို့အတွက် ပထဝီစီးပွားရေးအခွင့်အလမ်းများကို မိမိရရ ဆုပ်ကိုင်နိုင်ရန်၊ နိုင်ငံပိုမိုဖွံ့ဖြိုးရန် အစိုးရတစ်ရပ် ရှေ့ဆက်တက်လှမ်းရမည့် ခြေလှမ်းများအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်အားသည် အရေးပါလှသည်။

> **စွမ်းအင်လိုအပ်ချက်က ဖွံ့ဖြိုးမှုတစ်ဆင့်တက်တိုင်း တိုးတက်လိုအပ်နေဦးမည်သာ။ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှုအချိုး ၇၁ ဒသမ ၃၉ ရာခိုင်နှုန်း ရရှိသုံးစွဲနေပြီဖြစ်သော်လည်း ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လိုအပ်လျက်ရှိကြောင်း သိရှိရသည်။ လက်ရှိ ဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် ငါးရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas+ LNG+ Coal)မှ ၄၈ ရာခိုင်နှုန်းရှိပြီး လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားရရှိမှုအချိုး (Electrification Ratio) မှာ ၇၁ ဒသမ ၃၉ ရာခိုင်နှုန်း ရရှိသုံးစွဲလျက်ရှိ**

စာရေးသူသည် ၂၀၂၄ ခုနှစ် မတ်လက နေပြည်တော်၌ ကျင်းပခဲ့သည့် ပထဝီစီးပွားရေးနှင့် မြန်မာနိုင်ငံ (အခွင့်အလမ်းတွေ ဘယ်လိုရယူမလဲ) အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်နားထောင်ခဲ့ပြီး မှတ်စုစာအုပ်ထဲတွင် ကျောက်ဖြူစီမံကိန်းကို ယခင်နှစ်ပေါင်းများစွာကပင် စဉ်းစားပြင်ဆင်ခဲ့မှု၊ မြစ်ဆုံစီမံကိန်းသာ ဆောင်ရွက်နိုင်ခဲ့ပါက နိုင်ငံအတွင်း လျှပ်စစ်ဓာတ်အားလုံလောက်စွာ သုံးစွဲနိုင်မည့်အခြေအနေ၊ တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်း၍ ဆက်သွယ်ရေးလမ်းကြောင်းများဖောက်လုပ်ရန် စီစဉ်ခဲ့သည့်အခြေအနေ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု၊ Dry Port Zone များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ အထူးစီးပွားရေးဇုန်များ တည်ဆောက်ရန် လျာထားစဉ်းစားခဲ့မှု၊ လက်ရှိကာလပိတ်ဆို့မှုများနှင့် အစိုးရ၏ ဖြေရှင်းဆောင်ရွက်နေမှုများကို အသေးစိတ်ဆွေးနွေးပြောကြားခဲ့ကြောင်းဟူ၍ မှတ်သားထားခဲ့ပါသည်။

### လိုက်လျောညီထွေဖန်တီးဖော်ဆောင်

အဆိုပါဆွေးနွေးပွဲတွင် ထိုစဉ်က ပြည်ထောင်စုဝန်ကြီးများ၊ နိုင်ငံရေး လေ့လာသုံးသပ်သူပညာရှင်များ ဆွေးနွေးထောက်ပြသည့် အကြောင်းအရာများကို ၂၀၂၅ ခုနှစ် မတ်လတွင် ပြုလုပ်ခဲ့သည့် ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတွင် ထပ်ဆင့်ကြားသိခွင့်ရခဲ့ပါသည်။ အဆိုပါသုံးသပ်ဆွေးနွေးပွဲတွင် နိုင်ငံတကာနိုင်ငံရေးရာ ကျွမ်းကျင်သူများက မြန်မာ့အရေး စေ့စေ့ငုငု ရှင်းလင်းဆွေးနွေးပေးခဲ့ကြသည်။ အဓိက သဘောတရားကို စုစည်းအဖြေထုတ်ပါက ပြောင်းလဲလာနေသည့် ဗဟုဝင်ရိုးကမ္ဘာအစီအစဉ်ကြီးထဲတွင် မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှု စဉ်ဆက်မပြတ်ရရှိလိုပါက ပထဝီနိုင်ငံရေးနှင့် ပထဝီစီးပွားရေး ပကတိအခြေအနေအသစ်များကို လိုက်လျောညီထွေဖန်တီးဖော်ဆောင်ရေးသာဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံရှိပြီး လူဦးရေအများဆုံးဖြစ်သည့် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြားတွင် တည်ရှိသည်။ မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းနိုင်ငံများ၏ လူဦးရေမှာ လေးဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မိမိတို့နိုင်ငံမှထွက်ရှိသည့် ကုန်ပစ္စည်းများကို တင်ပို့နိုင်သော ခိုင်မာသည့်ဈေးကွက်ကို ဝေးဝေးရှာစရာမလိုတော့ပေ။ တည်ရှိသည့်အရင်းအမြစ်များကို ကောင်းစွာအသုံးချနိုင်ရေးသာ လိုအပ်တော့သည်ကို ဆွေးနွေးပွဲတွင် ပညာရှင်များက ထောက်ပြဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍများဖြစ်သည့် စားရေရိက္ခာ၊ စွမ်းအင်နှင့် နည်းပညာကဏ္ဍများကဲ့သို့ လုပ်ငန်းများကို ဦးစားပေး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားရေးကို အလေးပေးဆွေးနွေးကြသည်။ နည်းပညာနှင့် ဒီဂျစ်တယ်၊ အချုပ်အခြာပိုင်ဆိုင်မှု၏အရေးပါမှုကိုလည်း ဆွေးနွေးခဲ့ကြပါသည်။

ထို့အတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနှင့် အခြားစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်ထားသင့်သည့် အကြောင်းအရာများကို နိုင်ငံတကာရေးရာအခြေအနေနှင့်တကွ အကြံပြုဆွေးနွေးခဲ့ကြသည်။ ထိုကဲ့သို့ နိုင်ငံအတွက် ဆွေးနွေးခဲ့မှုများသည် စကားအရာဖြင့် ရပ်တန့်ထား၍မရပါ။

ထို့ကြောင့် လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူများ လက်တွေ့အကျိုးရလဒ်ခံစားရရှိအောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ဖွံ့ဖြိုးရေးအတွက် အခြေခံကျသည့် စွမ်းအင်လိုအပ်ချက် ပြည့်စုံဖူလုံရေးကို အလေးပေးဆောင်ရွက်လျက်ရှိသည်။ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ နျူကလီးယားနှင့် အခြားစွမ်းအင်ကဏ္ဍစုံအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ထားသည်။ ပြည်တွင်း၌လည်း နည်းလမ်းပေါင်းစုံဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။

### နိုင်ငံအတွင်း ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းလမ်းမျိုးစုံဖြင့်ကြိုးပမ်း

လက်ရှိပြည်တွင်း၌ ပြည်သူများ နေ့စဉ်အသုံးပြုနေသည့် စွမ်းအင်လိုအပ်ချက်အတွက် အစီအစဉ်များစွာဖြင့် ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်နေသည်။ စက်သုံးဆီနှင့်ပတ်သက်၍ နိုင်ငံအတွင်း ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။ လက်ရှိကာလတွင် ရာခိုင်နှုန်းပြည့် ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ခြင်းမရှိသေးသည့်အတွက် ပြည်ပမှ တင်သွင်းနေရမှုအပေါ် ပြည်သူလူထုအနေဖြင့် ဈေးနှုန်း၊ အရည်အသွေးနှင့် အခြင်အတွယ်ထိခိုက်နစ်နာမှုမရှိစေရေး အထူးဦးစားပေးဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှလည်း သဘာဝဓာတ်ငွေ့ရည်ကို သဘာဝဓာတ်ငွေ့ပြန်လည်ပြုလုပ်၍ ဓာတ်အားပေးစက်များ မောင်းနှင်သုံးစွဲနိုင်ရေး၊ အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်) တွင် ဆောင်ရွက်လျက်ရှိသည့် ရေနံချက်စက်ရုံသစ်စီမံကိန်းကဲ့သို့ စီမံကိန်းအသစ်များဖြင့် စွမ်းအင်ထုတ်လုပ်သုံးစွဲနိုင်ရေးတို့ကို ကြိုးပမ်းလျက်ရှိသည်။

**စွမ်းအင်လိုအပ်ချက်က ဖွံ့ဖြိုးမှုတစ်ဆင့်တက်တိုင်း တိုးတက်လိုအပ်နေဦးမည်သာ။ မြန်မာနိုင်ငံအနေဖြင့် တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားရရှိမှုအချိုး ၇၁ ဒသမ ၃၉ ရာခိုင်နှုန်းရရှိသုံးစွဲနေပြီဖြစ်သော်လည်း ဓာတ်အားလိုအပ်ချက် နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်လိုအပ်လျက်ရှိကြောင်း သိရှိရသည်။ လက်ရှိဓာတ်အားစနစ်တွင် ဓာတ်အားထုတ်လုပ်မှုအရင်းအမြစ် အချိုးအစား (Generation Mix) အနေဖြင့် ရေအား (Hydropower) မှ ၄၇ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် (Solar and RE) ဖြင့် ငါးရာခိုင်နှုန်း၊ အပူစွမ်းအင် (Gas+ LNG+ Coal) မှ ၄၈ ရာခိုင်နှုန်းရှိပြီး လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အား ရရှိမှုအချိုး (Electrification Ratio) မှာ ၇၁ ဒသမ ၃၉ ရာခိုင်နှုန်း ရရှိသုံးစွဲလျက်ရှိကြောင်း သိရသည်။**

နိုင်ငံအတွက် လိုအပ်နေသည့် စွမ်းအင်ဖြည့်ဆည်းနိုင်ရေးဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ၏ ရေမြေသဘာဝအနေအထားအရ တည်ရှိနေသည့်၊ ပေါကြွယ်ဝသည့် သဘာဝအရင်းအမြစ်များကို မေ့ထား၍မရပေ။ သဘာဝအရင်းအမြစ်များကို ထိခိုက်မှုမရှိစေဘဲ စနစ်တကျဆောင်ရွက်သည့် ရေအားလျှပ်စစ်၊ လေအားလျှပ်စစ်၊ နေရောင်ခြည်စွမ်းအင်သုံး အစရှိသည်ဖြင့် စွမ်းအင်ရရှိရေးစီမံကိန်းများစွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်နေသည်။ စာမျက်နှာ ၇ သို့ ❑

☆ ကျောဖုံးမှ

အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးသည်။

ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲပွဲစဉ်များအဖြစ် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယလုပွဲ ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက သာသနာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း၊ ဗိုလ်လုပွဲပွဲစဉ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အတိုးတက်ဆုံး အားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁) မောင်ဘုန်းသစ်ဟန်အား ဆုငွေကျပ်သုံးသိန်းကို မြန်မာနိုင်ငံပိုက်ကျော်ခြင်းဥက္ကဋ္ဌ ဦးရဲဝင့်ထွဋ်တင်က လည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းမှ ကျောနံပါတ် (၁၆) မောင်ဇော်မင်းခန့်အား ဆုငွေကျပ် သုံးသိန်းကို အားကစားရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးကျော်သူကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် အကောင်းဆုံးအားကစားသမားဆုရရှိသည့် ကျောနံပါတ် (၃) မောင်ဇင်မင်းဦးအား ဆုငွေကျပ် သုံးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသောင်းနိုင်ကလည်းကောင်း၊ အတိုးတက်ဆုံးအသင်းဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား ဆုငွေကျပ်ငါးသိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းအား Tropy နှင့် ဆုငွေကျပ်ခြောက်သိန်းကို မြန်မာနိုင်ငံအိုလံပစ် ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် စတုတ္ထဆုရရှိသည့် သာသနာရေးဝန်ကြီးဌာနအသင်းအား Tropy နှင့် ဆုငွေကျပ် ခြောက်သိန်းကို အမျိုးသမီးရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန်းစန်းနွယ်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် ၁၀ သိန်းကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲအဖွဲ့လိုက်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် ၁၀ သိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အားကစားရေးရာဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၂၀ ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်ကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၂၀ ကို သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၃၀ ကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းမောင်ကလည်းကောင်း၊ အမျိုးသားလေးယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ဆုငွေကျပ် သိန်း ၃၀ ကို နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်ကလည်းကောင်း၊ အမျိုးသားသုံးယောက်တွဲ ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု စုစုပေါင်း ရွှေတံဆိပ်နှစ်ခုဖြင့် တံခွန်စိုက်ဆုဖလားရရှိသည့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းအား တံခွန်စိုက်ဆုဖလားကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲကို စက်တင်ဘာ ၃ ရက်မှ စက်တင်ဘာ ၉ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ပြိုင်ပွဲကာလ ခုနစ်ရက်ကြာ ကျင်းပရာ ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၂၇ သင်း စုစုပေါင်း ပြိုင်ပွဲဝင် ၂၆၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



**ထားဝယ် စက်တင်ဘာ ၉**

တနင်္သာရီ တိုင်းဒေသကြီး ၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းဒေသကြီးအဆင့် ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ထားဝယ်မြို့ ပုလဲကေရီခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို တိုင်းဒေသကြီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗဟိုအဆင့်ပြိုင်ပွဲတွင် တိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်မည့် ကဗျာလွတ်အက၊ ထားဝယ် တိုင်းရင်းသားရိုးရာရေအိုးရွက်အကများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင် ၇၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို စက်တင်ဘာ ၁၀ ရက်တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒလမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများနှင့်ပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းက ပျော်ဘွယ်ကြီးကျေးရွာ ကံသာကျောင်းတိုက်၌ ကျင်းပသည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်သည့်အကြောင်းအရာများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက စိုက်ပျိုးရေးနှင့်မွေးမြူရေး ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သင့်သည့်အချက်များ၊ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး လက်ထောက်မန်နေဂျာက အွန်လိုင်းမီတာလျှောက်ထားခြင်းနှင့် အွန်လိုင်းမီတာဆောင်ခြင်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယဦးစီးမှူးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အကြောင်းအရာများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) က ကျေးလက်လမ်း၊ တံတားများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ပေးခြင်းစီမံကိန်းခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



# ယာဉ်သုံးစွဲမှုကုန်ကျစရိတ်များ ပေးအပ်

**ဟင်္သာတ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန တိုင်းဒေသကြီးပုဂ္ဂလိက မော်တော်ယာဉ်လုပ်ငန်း ယာဉ်များစနစ်တကျ ပြေးဆွဲရေးကြီးကြပ်မှုကော်မတီနှင့် ဟင်္သာတခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီတို့၏ လမ်းညွှန်မှုဖြင့် လေးမျက်နှာမြို့နယ် ရေဘေးကူညီကယ်ဆယ်ရေးတွင်အသုံးပြုခဲ့သည့် မော်တော်ယာဉ်များ၏ ကုန်ကျစရိတ်များကို ဟင်္သာတမြို့နယ် ပုဂ္ဂလိကမော်တော်ယာဉ်လုပ်ငန်းယာဉ်များ စနစ်တကျပြေးဆွဲရေးကြီးကြပ်မှုကော်မတီ(ခရိုင်သည်) ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❑ စာမျက်နှာ ၆ မှ

မြန်မာနိုင်ငံတစ်နိုင်ငံတည်းမဟုတ်ပါ။ ကမ္ဘာ့နိုင်ငံများသည် လိုအပ်သည့်စွမ်းအင်အတွက် နျူကလီးယား၊ ရေအား၊ သဘာဝဓာတ်ငွေ့၊ ကျောက်မီးသွေး၊ နေစွမ်းအင်၊ လေစွမ်းအင်၊ ဇီဝလောင်စာ၊ ဒီရေ၊ ဘူမိအပူစွမ်းအင်နှင့် အခြားစွန့်ပစ်ပစ္စည်းများ၊ လောင်စာများကနေ ထုတ်ယူသုံးစွဲနိုင်ရန် စီမံကြရသည်။ မိမိနိုင်ငံရှိ အရင်းအမြစ်၏ အားသာချက်၊ အားနည်းချက်များအပေါ်လိုက်ပါပြီး စီမံခန့်ခွဲကြရသည်။ မည်သည့်အရင်းအမြစ်မှမဆို ထုတ်ယူသုံးစွဲပါက ကောင်းကျိုး၊ ဆိုးကျိုး ဒွန်တွဲနေမည်မှာ အမှန်တရားဖြစ်ပါသည်။ သို့သော် ကောင်းကျိုးက များများ၊ ဆိုးကျိုးက နည်းနည်းဖြစ်အောင် ဆောင်ရွက်ကြရပါသည်။

ဤနေရာတွင် မြန်မာနိုင်ငံ၌ စွမ်းအင်ရရှိရေးစီမံကိန်းဆိုသည်နှင့် အကျိုးထက် အပြစ်ကိုသာ တွင်တွင်ထောက်ပြကြသော အဆိုးမြင်ဝေဖန်မှုများအပေါ် ပြည်သူများအနေဖြင့် အချက်အလက်၊ အကျိုးအကြောင်းဖြင့် မှန်မှန်ကန်ကန် စဉ်းစားသုံးသပ်စေလိုသည်။ ဆည်တာတမံများရှိသည်မှာ မကောင်း၊ ရေအားလျှပ်စစ်စီမံကိန်းဆိုသည်မှာမကောင်း၊ ကျောက်မီးသွေး အသုံးပြုစီမံကိန်းဆိုသည်မှာမကောင်း၊ နျူကလီးယားစွမ်းအင်လည်း မကောင်းဟု တွင်တွင်ဆိုနေပါလျှင် ဖွံ့ဖြိုးရေးရှေ့ရေးမှာ အရှိန်လျော့နေပေလိမ့်မည်။

ပစ္စုပ္ပန်သည် အကောင်းဆုံးအချိန်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပထဝီအနေအထားနှင့် ရေမြေရာသီဥတုအခြေခံ သဘာဝတရားများကို အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ကြရမည့် အချိန်ကောင်း၊ အခါကောင်းဖြစ်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတကြီးက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ကို ယခုထက်ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရန် ဆန္ဒရှိကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းကို အခါသင့်သည့်အချိန်တိုင်း ထုတ်ဖော်ပြောဆိုထားသည်။

သို့ဖြစ်၍ နိုင်ငံအတွက် လိုအပ်သော ဖွံ့ဖြိုးရေးစီမံကိန်းများကို လက်ကမ်းကြိုဆိုပြီး အရှိန်မြှင့်တင် ဆောင်ရွက်သင့်သောကာလလည်းဖြစ်ပါသည်။ ထို့အတူ အစိုးရနှင့်ပြည်သူ အတူလက်တွဲပြီး ပူးပေါင်းအားဖြင့် ပြိုင်တူရှေ့သို့ တက်လှမ်းချီကြရမည့် ကောင်းမွန်သည့်အချိန်သမယလည်းဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။



## ဘားအံမြို့၌ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်အဆင့်ပြိုင်ပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၉**

ကရင်ပြည်နယ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲကို ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစန်းကို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ သဘင်အစည်းအရုံး၊ ဂီတအစည်းအရုံးနှင့် ကျောင်းသား ကျောင်းသူများ၏ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုဆုများ ပေးအပ်သည်။

အဆိုပါပြိုင်ပွဲ၏ အကပြိုင်ပွဲနှင့် အတီးပြိုင်ပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမ၌ လည်းကောင်း၊ အဆိုပြိုင်ပွဲနှင့် အရေးပြိုင်ပွဲကို လူငယ်စင်တာ၌ လည်းကောင်း စက်တင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

**တွေ့ဆုံဆွေးနွေး**

ဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ(၂)၌ ကရင်ပြည်နယ် မြဝတီမြို့၌ အမေရိကန်ဒေါ်လာ ၁၃ သန်းခန့် ရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးရေး စွန့်ပစ်ပစ္စည်းများကို အသုံးပြု၍ ၁၀ မဂ္ဂါဝပ် ဇီဝလောင်စာသုံး ဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး အဆိုပြုတင်သွင်းသည့် K-STARS EMPIRE COMPANY LIMITED မှ တာဝန်ရှိသူများအား လက်ခံတွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံစဉ် K-STARS EMPIRE COMPANY LIMITED မှ တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံမှ ပညာရှင်များက ဇီဝလောင်စာ ဓာတ်အားပေးစက်ရုံ စီမံကိန်း၏ နည်းပညာဆိုင်ရာ သတ်မှတ်ချက်၊ ဆောက်လုပ်မည့် အချိန်ဇယား၊ အချက်အလက် ပြင်ဆင်မှု၊ မြို့ပြနှင့် ဖွဲ့စည်းပုံဆိုင်ရာ လုပ်ငန်းများ၊ စက်ယန္တရားနှင့် ပစ္စည်းကိရိယာများ တပ်ဆင်မှု၊ စမ်းသပ်မှုနှင့် စတင်အသုံးပြုမှုဆိုင်ရာကိစ္စရပ်များ၊ ဓာတ်အားရောင်းချမှု၊ လူမှုအသိုက်အဝန်းနှင့် ပတ်ဝန်းကျင်အပေါ် အပြုသဘောဆောင်သောသက်ရောက်မှုများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဓာတ်အားပေးစက်ရုံ တည်ဆောက်ဖြန့်ဖြူးရေး လုပ်ငန်းစဉ်များကို ဆွေးနွေးကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲ ကျင်းပ

**မော်လမြိုင် စက်တင်ဘာ ၉**

မွန်ပြည်နယ် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက မော်လမြိုင်တက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ အကပြိုင်ပွဲဝင်များ၏ ကပြယှဉ်ပြိုင်မှုနှင့် စန္ဒရားပြိုင်ပွဲဝင်တစ်ဦး၏ တီးခတ်ဖျော်ဖြေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် အဆိုပြိုင်ပွဲဝင် အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၂၀၊ အကပြိုင်ပွဲဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး ငါးဦး၊ အရေးပြိုင်ပွဲဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး၊ စန္ဒရားအတီးပြိုင်ပွဲဝင် အမျိုးသား တစ်ဦး စုစုပေါင်းပြိုင်ပွဲဝင် ၄၉ ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**



## ဖြူးမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းပေး

**ဖြူး စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ဥပဒေရုံး၏ ကြီးကြပ်မှုဖြင့် ရပ်ကွက် အုပ်ချုပ်ရေးမှူးများက ဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၁၆)ကို ယနေ့နံနက်ပိုင်းက ထန်းကုန်းရပ်ကွက် ကျောင်းသစ်ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ပြုလုပ်သည်။

**ဆွေးနွေးပို့ချ**

သင်တန်းတွင်ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း (TOT) သင်တန်းဆင်းများ ဖြစ်ကြသည့် ထန်းကုန်း၊ အုတ်ဖြတ်၊ သိမ်ကုန်း၊ ဘူတာမြောက်၊ ဘူတာတောင် ရပ်ကွက်တို့မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက သင်တန်းသားပြည်သူ ၉၄ ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေများကို ဆွေးနွေးပို့ချပြီး သင်တန်းသားများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်ဥပဒေအရာရှိ ဦးသူရဝင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း (ပထမအကြိမ်) ဖွင့်လှစ်



**ဘားအံ စက်တင်ဘာ ၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းမှ အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးဆောင်ရွက်သည့်လုပ်ငန်းဖြစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(ပထမအကြိမ်)ဖွင့်ပွဲကို စက်တင်ဘာ ၉ ရက် မွန်းလွဲပိုင်းက ဘားအံမြို့နယ် ကော့စိန်ဘန်ကျေးရွာအုပ်စု တံတားဦးကျေးရွာ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက တက်ရောက်အမှာစကားပြောကြားပြီး ပအိုဝ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးတို့က သင်တန်းသား သင်တန်းသူများအား သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် သင်တန်းသူ ၁၂ ဦးအား စက်တင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ ပထမအကြိမ် သင်ကြားပို့ချကာ ဒုတိယအကြိမ် ထပ်မံသင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ထူးချွန်သင်တန်းသူ ငါးဦးအား စိစစ်ရွေးချယ်၍ လုပ်ငန်းထူထောင်နိုင်စေရေး လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဝေါမြို့နယ်၌ တစ်သက်စာ ကျောင်းပြင်ပ အလယ်တန်းပညာရေး ဖွင့်ပွဲကျင်းပ

**ဝေါ စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တစ်သက်စာ ကျောင်းပြင်ပအလယ်တန်းပညာရေးအခြေစိုက်စခန်း ဖွင့်ပွဲကို စက်တင်ဘာ ၈ ရက် ညနေပိုင်းက အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကန်တော်၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်လှကြူမာက တစ်သက်စာ ကျောင်းပြင်ပအလယ်တန်းပညာရေးနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားကာ ကျောင်းပြင်ပ ပညာရေးတက်ရောက်နေကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ပေတံ၊ ဘောပင်တို့ကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**



## သရက်မြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**သရက် စက်တင်ဘာ ၉**

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး( မွမ်းမံ)သင်တန်း ( ၁/၂၀၁၆ ) ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက သရက်မြို့ အနောက်ရပ်တောင်ပိုင်းရပ်ကွက် အသောကဓမ္မာရုံ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးမောင်မောင်ထွေး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝေဖြိုးအောင်နှင့် တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်မိ/ ရပ်ဖများ၊ သင်တန်းသားများ စုစုပေါင်း အင်အား ၇၀ တက်ရောက်ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးက သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**ရှင်းခန့်အောင်**

# (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး (23rd AACC) အား Video Teleconference (VTC) ဖြင့်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

ဖိလစ်ပိုင်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၂၃) ကြိမ်မြောက် အာဆီယံ လေတပ်ဦးစီးချုပ်များ အစည်းအဝေး (23rd AACC) ကို Video Teleconference (VTC) ဖြင့် ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။







အဆိုပါအစည်းအဝေးတွင် ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းဝင်း၊ ဘရူနိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General Haji Haszahaidi Bin Haji Ahmad Daud၊ ကမ္ဘောဒီးယားနိုင်ငံ လေတပ်စစ်ဦးစီးအရာရှိချုပ် Lieutenant General Kong Mony၊ အင်ဒိုနီးရှားနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Mohamad Tonny Harjono၊ လာအိုနိုင်ငံ လေတပ်ဦးစီးချုပ် Brigadier General Khamleuangthep၊ မလေးရှားနိုင်ငံလေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris၊ ဖိလစ်ပိုင်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Arthur M Cordura၊ စင်ကာပူနိုင်ငံ လေတပ်ဦးစီးချုပ် Major General Kelvin Fan Sui Siong၊ ထိုင်းနိုင်ငံ လေတပ်ဦးစီးချုပ် Air Chief Marshal Sakesan Kantha၊ တီမောလက်စတေနိုင်ငံ လေတပ်ဦးစီးချုပ် Colonel Helder Da Costa၊ ဗီယက်နမ်နိုင်ငံ လေတပ်ဦးစီးချုပ် Lieutenant General Vu Hong Son နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Vice Commander ဖြစ်သူ Major General PABLO RUSTRIA JR က (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေး အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားကာ အစည်းအဝေးကို ဖွင့်လှစ်ပေးခဲ့ပြီး အာဆီယံလေတပ်များ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ်ဆိုင်ရာ video clip ကို ပြသသည်။

ထို့နောက် ဖိလစ်ပိုင်နိုင်ငံလေတပ်မှ Chief of Staff ဖြစ်သူ Major General Alvin M Hate က (၁၃) ကြိမ်မြောက် အာဆီယံလေတပ်များ၏ ပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းအဝေးရလဒ်များကို အစီရင်ခံတင်ပြသည်။

ယင်းနောက် အစည်းအဝေးသို့တက်ရောက်လာကြသော အာဆီယံလေတပ်ဦးစီးချုပ်များက (၂၃) ကြိမ်မြောက် AACC ၏ ဦးတည်ချက်ဖြစ်သော "ဘက်ပေါင်းစုံ အပြန်အလှန်ပူးပေါင်းချိတ်ဆက်မှုရှိသော အာဆီယံလေတပ်များ ဖြစ်ပေါ်လာစေရေး ဒေသတွင်းတည်ငြိမ်ရေးအတွက် တစုတစည်းတည်း ဆောင်ရွက်စို့" ခေါင်းစဉ်အပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိက (၂၃) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များ အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များကို ဖတ်ကြားရှင်းလင်းပြီး AACC အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် AACC Joint Statement အား အာဆီယံလေတပ်ဦးစီးချုပ်များက အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး (၂၄) ကြိမ်မြောက် အာဆီယံလေတပ်ဦးစီးချုပ်များအစည်းအဝေးကို သဘာပတိအဖြစ် တာဝန်ထမ်းဆောင်မည့် မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ် General Dato Sri Haji Muhamad Norazlan Bin Aris ကိုယ်စား ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူးထံသို့ AACC အထိမ်းအမှတ်ပစ္စည်းကို လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် မလေးရှားနိုင်ငံ လေတပ်ဦးစီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး စုပေါင်းဓာတ်ပုံရိုက်ကြကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရာဝတီတိုင်းဒေသကြီး၏ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ခရိုင် ရှစ်ခရိုင်မှ ပြိုင်ပွဲဝင် ၅၄၉ ဦး ပါဝင်ယှဉ်ပြိုင်

**ပုသိမ် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ရှစ်ခရိုင်မှ ပြိုင်ပွဲဝင် အဆို ၁၅၉ ဦး၊ အက ၂၀၉ ဦး၊အရေး ၁၂ ဦး၊ အတီး ၁၆၉ဦး စုစုပေါင်း ၅၄၉ ဦးပါဝင်ပြီး ဘာသာရပ်အလိုက် ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။



ဖွင့်ပွဲသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများ၊တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဧရာဝတီတိုင်းဒေသကြီး၏ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးခင်မောင်ကြည်၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးအောင်စန်းချစ်နှင့် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးမန်းသိန်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို ပညာအလင်္ကာ တေးဂီတအဖွဲ့က ရွှေခေတ်ရောက်ပြီ ဒို့ဧရာဝတီ၊ မြောင်းမြပညာရေးဒီဂရီကောလိပ် ကျေးလက်ရိုးရာယိမ်းအဖွဲ့က ဖွံ့ဖြိုးဝေစည်ဧရာဝတီ တေးသီချင်းများဖြင့် ဂုဏ်ပြုသီဆိုကပြခဲ့ကြသည်။

အဆိုပါ ဧရာဝတီတိုင်းဒေသကြီး၏ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကွင်းကောက်မြောက်ကျေးရွာအုပ်စု မြတ်ဓမ္မရောင်ခြည် သာသနာ့ဗိမာန်တော်၌ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အင်္ဂပူမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊ လေးမျက်နှာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်တို့က အားပေးစကား ပြောကြားကြပြီး ဆန်ရိက္ခာနှင့် ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်ကာ ပြည်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကွင်းကောက်မြောက်ကျေးရွာအုပ်စု တလုတ်ကုန်းကျေးရွာ ရတနာဓမ္မဗိမာန်ရှိ ယာယီနေရပ်စွန့်ခွာ ပြည်သူများအား အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နံနက်ပိုင်းကလည်း ဟင်္သာတမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ တိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဟိန္ဒူမိသားစုများ ကူညီထောက်ပံ့ရေးအဖွဲ့(မြန်မာ)က ဓာတ်မီးအလုံး ၁၀၀၀ နှင့် မြန်မာ-ထိုင်းချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အလှူငွေများလာရောက်လှူဒါန်းမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဇီးကုန်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

**ဇီးကုန်း စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ရုံးက လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေးခြင်းကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းအေးနှင့်ဝန်ထမ်းများက ယနေ့တွင် ဇီးကုန်းမြို့နယ် အထက (ဇီးကုန်း)၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဇီးကုန်းမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးထွန်းအေးနှင့် ဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းထွန်း၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ဦးစီးမှူး ဦးဝေမျိုးသက်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းဌေးနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်တို့က ကြည့်ရှုအားပေးကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နတ်တလင်းခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူ ၆၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်တို့ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင့်ဆွေ(ပြန်/ဆက်)**






# ကြို့ပင်ကောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်း ဆောင်ရွက်မည့်အခြေအနေ ကွင်းဆင်းစစ်ဆေး

**ကြို့ပင်ကောက် စက်တင်ဘာ ၉**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် မြို့လယ်ချောင်း-မကျီးပင်စု-အုတ်ဖိုတော်တနီကုန်းလမ်း ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်မည့်အခြေအနေအား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးထွန်းဝေ(ပဲခူးတိုင်းတာဝန်ခံ)နှင့် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)တို့က ယနေ့မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းသည် ကြို့ပင်ကောက်မြို့နယ်နှင့် အုတ်ဖိုမြို့နယ် နှစ်ခုအကြား ကျေးရွာချင်းဆက်လမ်းဖြစ်ကာ ကျေးရွာ ၁၅ ရွာရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို အကျိုးပြုမည်ဖြစ်ပြီး ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် သန်း ၁၉၀ ဖြင့် လမ်းအရှည်သုည ဒသမ ၂၅ မိုင်အား ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ **ဇေယျာထွန်း (ကြို့ပင်ကောက်)**

# အဖိုးမဖြတ်နိုင်တဲ့ အနုသုခုမတို့ဆုံစည်းရာ ဆို၊ က၊ ရေး၊ တီး ပွဲတော်ကြီး

ခင်ရတနာ

**နိုင်ငံတစ်နိုင်ငံရဲ့ အင်အားလို့ဆိုလိုက်ရင် စီးပွားရေးအင်အား၊ စစ်ရေးအင်အား၊ နည်းပညာအင်အားတွေကို အရင်ဆုံး ပြေးမြင်မိတတ်ကြပါတယ်။ ဒီအင်အားတွေက နိုင်ငံတစ်နိုင်ငံရဲ့တည်ရှိမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသလို မျက်စိနဲ့မြင်နိုင်၊ ကိန်းဂဏန်းတွေနဲ့ တိုင်းတာနိုင်တဲ့အင်အားတွေလည်းဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ငံတစ်နိုင်ငံရဲ့ ပုံရိပ်နဲ့တန်ဖိုးကို တည်ဆောက်ပေးနေတဲ့ အင်အားတွေထဲမှာ ကိန်းဂဏန်းနဲ့တိုင်းတာဖို့ ခက်ခဲတဲ့အင်အားတစ်ခုလည်းရှိပါတယ်။ အဲဒါကတော့ အမျိုးသားယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာဖြစ်ပါတယ်။**

> **မြန်မာနိုင်ငံမှာလည်း အဲဒီလို ကိုယ်ပိုင်ဝိသေသလက္ခဏာတွေရှိပြီးသားပါ။ မြန်မာ့သနပ်ခါး၊ မြန်မာ့သင်္ကြန်၊ တောင်ကြီးတန်ဆောင်တိုင်၊ မြန်မာ့ရိုးရာဝတ်စုံ၊ မြန်မာ့ရိုးရာအစားအစာတွေအပြင် ပိုမိုနက်ရှိုင်းတဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အဆို၊ အက၊ အရေး၊ အတီး အပါအဝင် ပန်းဆယ်မျိုးကဲ့သို့သော အနုသုခုမပညာရပ်တွေရှိပါတယ်**

နိုင်ငံတစ်နိုင်ငံရဲ့ ဘာသာစကား၊ သမိုင်းအမွေအနှစ်၊ ရိုးရာဓလေ့၊ အနုပညာ၊ အစားအစာ၊ ဝတ်စားဆင်ယင်မှု၊ လူမှုဘဝနဲ့ တန်ဖိုးထားမှုတွေဟာ အဲဒီနိုင်ငံရဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာကို ဖော်ဆောင်ပေးနေတဲ့ အစိတ်အပိုင်းတွေပါ။ ကိုယ်ပိုင်ဝိသေသလက္ခဏာ ခိုင်မာတဲ့ နိုင်ငံတစ်နိုင်ငံဟာ ကိုယ့်ကိုယ်ကိုယ် ဘယ်သူလဲဆိုတာ သိရုံတင်မကဘဲ အခြားသူတွေကလည်း အဲဒီနိုင်ငံကို ထူးခြားတဲ့ပုံရိပ်တစ်ခုနဲ့ မှတ်မိလာစေနိုင်ပါတယ်။

အဲဒီနေရာမှာ Soft Power ဆိုတဲ့ အယူအဆကလည်း ဆက်စပ်လာပါတယ်။ Soft Power ဆိုတာ အင်အားသုံးခြင်း၊ ဖိအားပေးခြင်းမဟုတ်ဘဲ ယဉ်ကျေးမှု၊ တန်ဖိုးထားမှု၊ မူဝါဒနဲ့ ဆွဲဆောင်မှုတွေကနေတစ်ဆင့် အခြားသူတွေအပေါ် ဩဇာသက်ရောက်စေနိုင်တဲ့ အင်အားမျိုးဖြစ်ပါတယ်။ ဒီအယူအဆကို နိုင်ငံရေးသိပ္ပံပညာရှင် Joseph Nye က ဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်နိုင်ငံရဲ့ ရိုးရာအနုပညာဟာ ဖျော်ဖြေရေးအတွက်သာ ရှိနေတဲ့အရာ မဟုတ်ပါဘူး။ ကိုယ့်လူမျိုးက ဘယ်လိုတွေးတယ်၊ ဘယ်လိုခံစားတယ်၊ ဘယ်လိုနေထိုင်တယ်ဆိုတာကို အခြားသူတွေ သိမြင်လာစေနိုင်တဲ့ ယဉ်ကျေးမှုဘာသာစကားတစ်ခုလည်းဖြစ်ပါတယ်။

ကိုရီးယားနိုင်ငံလို့ ပြောလိုက်ရင် K-pop၊ K-drama နဲ့ ကိုရီးယားအစားအစာတွေကို တွဲပြီးမြင်လာကြသလို ဂျပန်နိုင်ငံကို ပြောလိုက်ရင် Anime ကာတွန်းဇာတ်ကောင်တွေ၊ Manga၊ ရိုးရာအနုပညာနဲ့ အစားအစာတွေကို သီးခြားပုံရိပ်တွေအဖြစ် မြင်လာကြပါတယ်။ တရုတ်နိုင်ငံမှာလည်း သူတို့ရဲ့ ရိုးရာအစားအစာ၊ တရုတ်ဂီတ၊ ရုပ်ရှင်နဲ့ ယဉ်ကျေးမှုအနုပညာတွေကို နိုင်ငံရဲ့ပုံရိပ်နဲ့ တွဲဖက်ဖော်ဆောင်လာကြပါတယ်။

**မြန်မာနိုင်ငံမှာလည်း အဲဒီလို ကိုယ်ပိုင်ဝိသေသလက္ခဏာတွေရှိပြီးသားပါ။ မြန်မာ့သနပ်ခါး၊ မြန်မာ့သင်္ကြန်၊ တောင်ကြီးတန်ဆောင်တိုင်၊ မြန်မာ့ရိုးရာဝတ်စုံ၊ မြန်မာ့ရိုးရာအစားအစာတွေအပြင် ပိုမိုနက်ရှိုင်းတဲ့ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အဆို၊ အက၊ အရေး၊ အတီး အပါအဝင် ပန်းဆယ်မျိုးကဲ့သို့သော အနုသုခုမပညာရပ်တွေရှိပါတယ်။**

ဒီအနုပညာလေးမျိုးဟာ စင်မြင့်ပေါ်မှာ ဖျော်ဖြေတဲ့ အနုပညာလေးမျိုးဆိုတာထက် ပိုပါတယ်။ အဆိုမှာ အသံရှိတယ်။ အကမှာ ဟန်ရှိတယ်။ အရေးမှာ စကားရှိတယ်။ အတီးမှာ သံစဉ်ရှိတယ်။ အဲဒီအသံ၊ ဟန်၊ စကားနဲ့ သံစဉ်တွေ ပေါင်းစပ်လိုက်တဲ့အခါ မြန်မာ့ယဉ်ကျေးမှုရဲ့ ကိုယ်ပိုင်အသံတစ်သံ ထွက်ပေါ်လာပါတယ်။ အဲဒီအသံကို မပျောက်အောင် လက်ဆင့်ကမ်းပေးနေတဲ့နေရာတွေထဲမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးက အရေးပါတဲ့နေရာကနေ ရပ်တည်နေပါတယ်။

### အသံထဲမှာ မြန်မာ့သမိုင်းကို ကြားရတဲ့အခါ

အဆိုပညာကို လေ့လာကြည့်ရင် မြန်မာ့ဂီတရဲ့ ကိုယ်ပိုင်ဟန်ကို ထင်ထင်ရှားရှား တွေ့ရပါတယ်။ သီချင်းကြီး၊ သီချင်းခန့်တွေမှာ စာသားနဲ့ သံစဉ်တင်မကဘဲ အသံအနိမ့်အမြင့်၊ အကူးအပြောင်း၊ ဆိုဟန်နဲ့ စကားလုံးအဖွဲ့အနွဲ့တွေကို အချိုးကျကျ ပေါင်းစပ်ထားပါတယ်။ ဒါကြောင့် သီချင်းတစ်ပုဒ်ကို နားထောင်ရုံနဲ့ ခေတ်တစ်ခေတ်ရဲ့ အရသာ၊ လူမှုဘဝနဲ့ အတွေးအခေါ်တွေကိုပါ ခံစားနိုင်ပါတယ်။

(၂၆) ကြိမ်မြောက်ပြိုင်ပွဲမှာ မဟာဂီတ အဆိုပြိုင်ပွဲအတွက် “သာဆန်းရဂုံဘွေ” (ပတ်ပျိုး)၊ “ဇမ္ဗူရောင်ကွန့်” (ဘွဲ့) စတဲ့သီချင်းတွေကို အသက်အရွယ်အလိုက်ပြိုင်ပွဲဝင်တွေက သီဆိုယှဉ်ပြိုင်ခဲ့ကြပါတယ်။ အခြေခံပညာ အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသမီးပြိုင်ပွဲမှာ “မဟာဇနက” (ခေတ်ဟောင်းကာလပေါ်) ကို သီဆိုခဲ့ကြပြီး အဆင့်မြင့်ပညာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲတွေမှာ “မြန်မြေနယ်ဇမ္ဗူပါ (မြင်းခင်း)”ကို ယှဉ်ပြိုင်သီဆိုခဲ့ကြပါတယ်။

ဒါတွေဟာ သီချင်းဟောင်းတွေကို ပြန်ဆိုနေခြင်းသက်သက် မဟုတ်ပါဘူး။ သီချင်းတစ်ပုဒ်ကို မျိုးဆက်သစ်တစ်ယောက်က ပြန်သီဆိုတဲ့အခါ အဲဒီသီချင်းနဲ့အတူပါလာတဲ့ ဂီတဟန်၊ စကားလုံး၊ အသံအနိမ့်အမြင့်နဲ့ ယဉ်ကျေးမှုအရသာကိုပါ သူ့ရင်ထဲရောက်သွားပါတယ်။ ဒီလိုနဲ့ အဆိုပညာဟာ အသံကနေ မျိုးဆက်တစ်ဆက်ကို နောက်တစ်ဆက်နဲ့ ချိတ်ပေးနေတဲ့ ကြိုးတစ်ချောင်းဖြစ်လာပါတယ်။

### ကိုယ်ဟန်နဲ့ပြောတဲ့ မြန်မာ့စကား

အကပညာကတော့ စကားလုံးမသုံးဘဲ ကိုယ်ဟန်အမူအရာနဲ့ အကြောင်းအရာကို ဖော်ပြနိုင်တဲ့ အနုပညာပါ။ လက်ဟန်၊ ခြေဟန်၊ ကိုယ်ဟန်၊ မျက်နှာအမူအရာနဲ့ သံစဉ်တွေပေါင်းစပ်ပြီး ဇာတ်အကြောင်းအရာနဲ့ ခံစားချက်ကို ဖော်ပြရပါတယ်။ မြန်မာ့ရိုးရာအကမှာ နူးညံ့သိမ်မွေ့တဲ့ ဟန်ပန်တွေရှိသလို ဒေသနဲ့ လူမှုဘဝအလိုက် ထူးခြားတဲ့ အကပုံစံတွေလည်း ရှိပါတယ်။

ကဗျာလွတ်အကဆိုရင် သတ်မှတ်ထားတဲ့ ကကွက်၊ လက်ဟန်၊ ခြေဟန်၊ ခါးဟန်၊ မျက်နှာအမူအရာတို့ကို ပိုင်နိုင်စွာ ထိန်းချုပ်နိုင်ဖို့လိုပါတယ်။ အဲဒီအချက်တွေက အကကို လှပအောင်လုပ်ပေးရုံမက မြန်မာ့ရိုးရာအကရဲ့ စည်းကမ်းနဲ့ ဟန်ပန်ကို ထိန်းသိမ်းပေးထားတာပါ။ ယခင်ပြိုင်ပွဲမှတ်တမ်းတွေမှာလည်း ကဗျာလွတ်အကအတွက် သတ်မှတ်ကကွက်နဲ့ ဟန်ပန်တွေကို မှန်ကန်စွာ ဖော်ပြနိုင်ရေးကို အကဲဖြတ်သူတွေက အလေးထားကြတာကို တွေ့ရပါတယ်။

ဇာတ်တော်ကြီးကတော့ အကတစ်မျိုးတည်းနဲ့ မပြီးပါဘူး။ သရုပ်ဆောင်မှု၊ ဇာတ်ညွှန်း၊ အက၊ အတီး၊ သီဆိုမှုတို့ကို ဆို၊ ငို၊ ပြော ပေါင်းစပ်ပြီး ဇာတ်လမ်းတစ်ခုလုံးကို အသက်သွင်းရတာပါ။ မဟာဇနကဇာတ်တော်ကြီးနဲ့ပတ်သက်ပြီး ဇာတ်သရုပ်ဆောင်၊ နှစ်ပါးသွား၊ ဇာတ်ညွှန်း၊ ဒါရိုက်တာနဲ့ ပွဲပိုးဆိုင်းအဖွဲ့ ထူးချွန်ဆုတွေပါ ခွဲခြားချီးမြှင့်ခဲ့တာကို တွေ့ရပါတယ်။

ရုပ်သေးကတော့ မြန်မာ့အနုပညာမှာ နိုင်ငံတကာအထိ ထင်ရှားစေနိုင်တဲ့ အမွေအနှစ်တစ်ရပ်ပါ။ ကြိုးဆွဲရုပ်သေးမှာ ရုပ်သေးရုပ်ရဲ့လှုပ်ရှားမှု၊ ဇာတ်လမ်း၊ အသံ၊ တီးဝိုင်းနဲ့ ဇာတ်သဘင်ဟန်တွေပေါင်းစပ်ပြီး ရုပ်သေးနဲ့ ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုတွေက မြန်မာ့ဇာတ်သဘင်နဲ့ ရုပ်သေးသဘင်ရဲ့တန်ဖိုးကို ထင်ဟပ်စေတဲ့ အနုပညာတွေပဲဖြစ်ပါတယ်။

အရေးပညာကတော့ စာပေနဲ့ ဘာသာစကားနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ မြန်မာစာပေထဲမှာ ခေတ်အဆက်ဆက် ရေးသားခဲ့ကြတဲ့ ကဗျာ၊ စာ၊ ဆောင်းပါးနဲ့ စာပေလက်ရာတွေကနေ အဲဒီခေတ်ရဲ့ လူမှုဘဝ၊ အတွေးအခေါ်နဲ့ တန်ဖိုးထားမှုတွေကိုသိနိုင်ပါတယ်။ ဒါကြောင့် အရေးအနုပညာကို ထိန်းသိမ်းတယ်ဆိုတာ စာရေးတတ်ဖို့အတွက်သာမဟုတ်ဘဲ ကိုယ့်ဘာသာစကားနဲ့ ကိုယ့်စာပေအမွေအနှစ်ကို ဆက်လက်ထိန်းသိမ်းတာလည်းဖြစ်ပါတယ်။

### သံစဉ်တစ်ခုနဲ့ အနုပညာလောကတစ်ခုလုံးကို ထောက်ပံ့ပေးခြင်း

အဆိုရှိရင် အတီးရှိရပါတယ်။ အကရှိရင်လည်း အတီးရှိရပါတယ်။ သီချင်းရဲ့ သံစဉ်နောက်ကွယ်မှာ တီးဝိုင်းရဲ့ အခန်းကဏ္ဍက မရှိမဖြစ်ပါ။ မြန်မာ့ရိုးရာတူရိယာတွေထဲမှာ ဆိုင်းဝိုင်း၊ ပတ္တလား၊ စောင်း နဲ့ စတဲ့တူရိယာတွေဟာ မြန်မာ့ဂီတရဲ့ ကိုယ်ပိုင်အသံကို ဖော်ဆောင်ပေးနေပါတယ်။

အတီးပညာမှာ တူရိယာတစ်ခုချင်းစီကို တီးတတ်ရုံနဲ့ မပြီးပါဘူး။ အသံအတိုးအကျယ်၊ အချိန်အခါ၊ သံစဉ်နဲ့ အခြားတူရိယာတွေအကြား လိုက်ဖက်ညီအောင် တီးခတ်နိုင်ဖို့ လေ့ကျင့်မှုနဲ့ အတွေ့အကြုံလိုပါတယ်။ ဆိုင်းဝိုင်းကြီးတစ်ခုရဲ့ အသံကိုကြားတဲ့အခါ အဲဒီအသံနောက်ကွယ်မှာ နှစ်ပေါင်းများစွာ လေ့ကျင့်သင်ယူလာခဲ့တဲ့ ဆရာအဆက်ဆက်၊ မျိုးဆက်တစ်ဆက်ပြီးတစ်ဆက် လက်ဆင့်ကမ်းလာခဲ့တဲ့ ပညာရပ်တွေရှိနေပါတယ်။

### ဆုရဖို့သက်သက်သာမက မျိုးဆက်သစ်များ ပျိုးထောင်ခြင်း

ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပရခြင်းဟာ ဆုရရှိတဲ့ အနုပညာရှင်တွေ ပေါ်ထွက်လာဖို့သက်သက် မဟုတ်ပါဘူး။ မြို့နယ်အဆင့်ကနေ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ဗဟိုအဆင့်အထိ အဆင့်ဆင့် ရွေးချယ်ယှဉ်ပြိုင်ရတဲ့အတွက် ရိုးရာယဉ်ကျေးမှုအနုပညာကို စိတ်ဝင်စားတဲ့ လူငယ်တစ်ယောက်ဟာ ပထမဆုံးအကြိမ် စင်မြင့်ပေါ် တက်ရောက်ယှဉ်ပြိုင်တဲ့အချိန်ကနေ အတွေ့အကြုံတွေ ရရှိလာနိုင်ပါတယ်။ ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက်ပြိုင်ပွဲမှာ ဗဟိုအဆင့်အထိ ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ခဲ့တယ်ဆိုတာလည်း ဒီစင်မြင့်ရဲ့ အကျယ်အဝန်းကို ပြသနေပါတယ်။

မျိုးဆက်သစ်လူငယ်တွေဟာ အဆိုပညာ၊ အတီးအမှုတ်တူရိယာပညာ၊ မြန်မာ့ရိုးရာအကပညာနဲ့ သီချင်းရေးသားခြင်းတွေကို ယှဉ်ပြိုင်ခွင့်ရရှိပြီး ဆုမရစေကာမူ သူတို့အတွက် ကိုယ့်နိုင်ငံရဲ့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်အနုပညာကို ထိတွေ့ခံစားပါဝင်ဖူးတဲ့ အတွေ့အကြုံကောင်းတွေကို မလွဲမသွေ ပိုင်ဆိုင်နိုင်ကြမှာဖြစ်ပါတယ်။

နောင်တစ်ချိန်မှာ အဲဒီလူငယ်တွေထဲက အဆိုတော်တွေ ပေါ်လာနိုင်ပါတယ်။ အကပညာရှင်တွေ ဖြစ်လာနိုင်ပါတယ်။ စာရေးဆရာတွေ ဖြစ်လာနိုင်ပါတယ်။ တူရိယာပညာရှင်တွေ ဖြစ်လာနိုင်ပါတယ်။ တချို့က တေးရေးဆရာတွေ၊ ကျွမ်းကျင်အနုပညာရှင်တွေဖြစ်ပြီး နောက်မျိုးဆက်ကို ပြန်လည်သင်ကြားပေးနိုင်လိမ့်မယ်လို့ ယုံကြည်မိပါတယ်။

### အကဲဖြတ်ပညာရှင်တွေရဲ့ အခန်းကဏ္ဍကလည်း အရေးကြီး

**ပြိုင်ပွဲတစ်ခုရဲ့ အရည်အသွေးကို ပြိုင်ပွဲဝင်တွေနဲ့ပဲ ဆုံးဖြတ်လို့မရပါဘူး။ နောက်ကွယ်မှာ ပညာရပ်ကို နားလည်တဲ့ အကဲဖြတ်ပညာရှင်တွေ ရှိနေပါတယ်။ (၂၆) ကြိမ်မြောက် ဗဟိုအဆင့်ပြိုင်ပွဲမှာ အကဲဖြတ်ပညာရှင် ၁၀၇ ဦး ပါဝင်ခဲ့ပါတယ်။ ပြိုင်ပွဲကျင်းပရေးနဲ့ပတ်သက်ပြီး အကဲဖြတ်ပညာရှင်တွေက စည်းမျဉ်းစည်းကမ်းနဲ့အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ရေး၊ ဘက်လိုက်မှုကင်းရှင်းစွာနဲ့ မျိုးဆက်သစ်လူငယ်တွေကို ဖော်ထုတ်ပေးရေးဟာလည်း အလွန်အရေးကြီးပါတယ်။**

ကဗျာလွတ်အကမှာ လက်ဘယ်လိုထားသလဲ၊ ခြေဘယ်လိုရွှေ့သလဲ၊ ခါးချိုးတဲ့အခါ ကိုယ်ဟန်ဘယ်လိုရှိသလဲဆိုတာကအစ အနုပညာစည်းကမ်းတွေရှိပါတယ်။ အဆိုမှာ အသံ၊ သံစဉ်နဲ့ ဆိုဟန်ရှိပါတယ်။ အရေးမှာ အကြောင်းအရာနဲ့ ဘာသာစကားအပြင် ရေးသားပုံ၊ အတွေးအခေါ်ရှိပါတယ်။ အတီးမှာလည်း သံစဉ်၊ တီးချက်နဲ့ တူရိယာ ပိုင်နိုင်မှုတွေ ရှိပါတယ်။ ဒါကြောင့် ဒိုင်တွေရဲ့ အကဲဖြတ်မှုဟာ ပြိုင်ပွဲဝင်တစ်ဦးကို ဆုတစ်ခုပေးလိုက်ခြင်းထက် ဘယ်လိုအနုပညာပုံစံကို နောင်မျိုးဆက်ဆီ ဆက်ပို့မလဲဆိုတာကိုပါ ဆုံးဖြတ်ပေးနေခြင်းဖြစ်တာကြောင့် ပညာရှင်တွေရဲ့ အခန်းကဏ္ဍက အရေးကြီးတာကို ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးမှာ မြင်တွေ့ရပါတယ်။

### ခေတ်မီဆန်းသစ်မှုနဲ့ ရိုးရာမပျက်စေတဲ့ ယဉ်ကျေးမှုကို မျှတစွာ ဖော်ထုတ်ကြရန်လို

ယနေ့ခေတ်လူငယ်တွေဟာ နိုင်ငံခြားဂီတ၊ ရုပ်ရှင်၊ ဖက်ရှင်နဲ့ ဖျော်ဖြေရေးပုံစံတွေကို ဖုန်းတစ်လုံးနဲ့ အလွယ်တကူ ထိတွေ့နိုင်ကြပါတယ်။ ဒါပေမဲ့ ခေတ်မီလာတာနဲ့ ရိုးရာအနုပညာကို စွန့်ပစ်ရတာမျိုးမဟုတ်ပါဘူး။ တစ်ဖက်မှာ K-pop နားထောင်ရင်း တစ်ဖက်မှာ မြန်မာ့မဟာဂီတကို လေ့လာနိုင်ပါတယ်။ နိုင်ငံခြားရုပ်ရှင်တွေကြည့်ရင်း မြန်မာ့ဇာတ်တော်ကြီးကိုလည်း သိနိုင်ပါတယ်။ **စာမျက်နှာ ၁၁ သို့** ❖

> **ပြိုင်ပွဲတစ်ခုရဲ့ အရည်အသွေးကို ပြိုင်ပွဲဝင်တွေနဲ့ပဲ ဆုံးဖြတ်လို့မရပါဘူး။ နောက်ကွယ်မှာ ပညာရပ်ကိုနားလည်တဲ့ အကဲဖြတ်ပညာရှင်တွေ ရှိနေပါတယ်။ (၂၆) ကြိမ်မြောက် ဗဟိုအဆင့်ပြိုင်ပွဲမှာ အကဲဖြတ်ပညာရှင် ၁၀၇ ဦး ပါဝင်ခဲ့ပါတယ်။ ပြိုင်ပွဲကျင်းပရေးနဲ့ပတ်သက်ပြီး အကဲဖြတ်ပညာရှင်တွေက စည်းမျဉ်းစည်းကမ်းနဲ့အညီ မှန်ကန်စွာ သုံးသပ်ဆုံးဖြတ်ရေး၊ ဘက်လိုက်မှုကင်းရှင်းစွာနဲ့ မျိုးဆက်သစ်လူငယ်တွေကို ဖော်ထုတ်ပေးရေးဟာလည်း အလွန်အရေးကြီး**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက် ကျိုက်ဗောဓိစေတီတော်မြတ်ကြီးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလေး၊ သန်လျင်မြို့မရဲစခန်း စခန်းမှူး ဒုတိယရဲမှူး မျိုးအောင်တို့က ဦးစီး၍ ရဲတပ်ဖွဲ့ဝင်အရာရှိနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၅ ရက်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ကျော်ဆန်းမြင့်



(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၅ ရက် နံနက်ပိုင်းက ချင်းပြည်နယ်ရဲတပ်ဖွဲ့ဝင် ၁၆၀ က ဟားခါးပြည်သူ့ဆေးရုံကြီး ပတ်ဝန်းကျင်သန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်ရာတွင် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မောင်မောင်အေးနှင့် ချင်းပြည်နယ်ပြည်သူ့ကျန်းမာရေး/ကုသရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာချမ်းငြိမ်မောင်တို့က ကြည့်ရှုအားပေးစဉ်။ ခရိုင်(ပြန်/ဆက်)

# ခရီးသည်တင်ယာဉ် ၃၅၂၅ စီးနှင့် ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်

**နေပြည်တော် စက်တင်ဘာ ၉**

ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ခရီးသည်တင်ယာဉ်များနှင့် သတ်မှတ်ခွင့်ပြုထားသည့် ကုန်စည် ၁၄ မျိုးသာ တင်ဆောင်ရမည့် ကုန်တင်ယာဉ်ကြီးများသည် Telematics GPS စနစ်တပ်ဆင်ပြီးမှသာ လမ်းအသုံးပြုခွင့်ရမည် ဖြစ်ကြောင်း သိရသည်။



ရန်ကုန် –မန္တလေးအမြန်လမ်းမကြီးပေါ်တွင် Telematics စနစ် GPS စက်များ တပ်ဆင်ပြီး ဝန်ဆောင်မှုပေးခြင်း လုပ်ငန်းများကို ၂၀၂၄ ခုနှစ် ဇွန်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယနေ့အထိ ခရီးသည်တင်ယာဉ် ၃၅၂၅ စီးနှင့် ကုန်တင်ယာဉ် ၂၅၁၂ စီးတို့ကို Telematics စက်များ တပ်ဆင်ပေးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် နေပြည်တော် စီလမ်းဆုံ တိုးလ်ဂိတ်ရှိ Telematics Command & Control Center က ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် သွားလာလျက်ရှိသည့် ခရီးသည်တင်ယာဉ်များ သတ်မှတ်အရှိန်နှုန်း ကီလို ၉၀ အတွင်းသာ မောင်းနှင်စေရေး၊ ယာဉ်မရပ်ရသည့် နေရာများတွင် ရပ်တန့်မှု မရှိစေရေးတို့အတွက် တယ်လီဖုန်းဖြင့် သတိပေးခြင်းကို ၂၄ နာရီ ဝန်ဆောင်မှုဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုကဲ့သို့ Telematics Command & Control Center ၏ လုပ်ငန်းဆောင်ရွက်မှုများကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး (ရန်ကုန်-နေပြည်တော် လမ်းပိုင်း) ရှိ တိုးလ်ဂိတ်များရှိ CCTV အခန်းများ၊ ငွေကောက်ခံမှုစနစ်များ၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ထားမှု၊ ကတ္တားပေါ်၌ ယာဉ်များ ချိန်တွယ်၍ ဖြတ်သန်းမောင်းနှင် သွားလာနေမှုနှင့် တိုးလ်ဂိတ်အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုးလ်ဂိတ်အဆောက်အအုံများကို သတ်မှတ်အင်္ဂါရပ်များနှင့်အညီ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်သွားရန်၊ ယာဉ်များ သတ်မှတ်တန်ချိန် ကျော်လွန်မှု မရှိစေရေး ကြီးကြပ်ဆောင်ရွက်သွားရန်၊ တိုးလ်ဂိတ်ရှိ TFI Display Board များ၊ Barrier မောင်းတံများ၊ ကတ္တားများ၊ CCTV Camera များ၊ Computer နှင့် စပ်ဆက်ပစ္စည်းများ အမြဲတမ်းကောင်းမွန်အောင်ဆောင်ရွက်သွားရန်၊ပစ္စည်းများ ပျက်စီးမှု ဖြစ်ပေါ်လာပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြသွားရန်၊ လမ်းအသုံးပြုခကောက်ခံရရှိမှု စာရင်းဇယားများ စနစ်တကျ မှန်ကန်မှုရှိစေရန် မှာကြားသည်။

အဆိုပါခရီးစဉ်အတွင်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တစ်လျှောက် ကတ္တရာကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လမ်း၊ တံတားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းနှင့် လမ်းဘေးဝဲ/ယာတို့၌ သစ်ပင်စိုက်ပျိုးနေမှုနှင့် ဆွာချောင်းတံတား (အသွားလမ်း) တည်ဆောက်ရေးလုပ်ငန်းခွင်တို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

**✣ ခိုလမ်မှ**

သစ်တောထွက်ပစ္စည်းများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေး ပြုစုထိန်းသိမ်းရန်၊ သစ်တောဖုံးလွှမ်းလျက်ရှိပြီး အစိုးရကစီမံခန့်ခွဲခွင့်ရှိသောမြေများတွင် ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများတိုးချဲ့ဖွဲ့စည်းလာနိုင်ခြင်းဖြင့် သစ်တောနယ်မြေများ တိုးပွားလာစေရန်နှင့် ဒေသခံတိုင်းရင်းသားများ၏ အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ကြိုးပြင်ကာကွယ်တောကို သတ်မှတ်ခြင်းဖြစ်ပါသည်။

ခိုလမ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းအားဖြင့် ပေါက်ရောက်လျက်ရှိသော အင်ကြင်း၊ ထင်ရှူး၊ သစ်ယား၊ ထောက်ကြံ့၊ ယမနေ၊ သစ်မန်ကျည်း၊ သစ်နီ၊ ရင်းစပ်၊ သစ်စေး၊ ဆီးဖြူ၊ ကြို့၊ ရင်းတိုက်၊ လက်ပံနှင့် မြင်ဝါးတောများကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဝက်ဝံ၊ ယုန်၊ တောဝက်၊ ချေ၊ တောကြောင်၊ ကြက်တူရွေး၊ ဖျိုင်းငှက်များ၏ နေရင်းဒေသများ ထိန်းသိမ်းခြင်းအားဖြင့် ဂေဟစနစ်ပိုမို ကောင်းမွန်လာစေခြင်း၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်ခြင်းနှင့် ရာသီဥတုပြောင်းလဲမှုကို လျှော့ချပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

---

**❖ စာမျက်နှာ ၁၀ မှ**

နည်းပညာအသစ်တွေသုံးရင်း ကိုယ့်နိုင်ငံရဲ့ ရိုးရာတူရိယာအသံကို လူငယ်တွေ နားထောင်လာအောင် ပြန်လည်ဖော်ဆောင်ဖို့ မြန်မာနိုင်ငံသားတိုင်းမှာ တာဝန်ရှိပါတယ်။ ရိုးရာယဉ်ကျေးမှုဟာ အတိတ်ကအရာမဟုတ်ဘဲ မိမိတို့အားလုံးနဲ့ အနီးစပ်ဆုံးရှိသင့်တဲ့အရာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဂျစ်တယ်နည်းပညာ၊ လူမှုကွန်ရက်နဲ့ မီဒီယာတွေကို အသုံးချပြီး မြန်မာ့အနုပညာကို လူငယ်တွေနဲ့ ပိုမိုနီးစပ်အောင် ဖန်တီးပေးရပါမယ်။ ဒါမှသာ ယဉ်ကျေးမှုအနုပညာဟာ ပြတိုက်ထဲမှာပဲ ရှိနေတဲ့အရာမဟုတ်ဘဲ နေ့စဉ်ဘဝထဲမှာ ဆက်လက်ရှင်သန်နေတဲ့ အနုပညာဖြစ်လာမှာပါ။

နိုင်ငံတစ်နိုင်ငံရဲ့ ယဉ်ကျေးမှုဟာ ကိုယ့်နိုင်ငံသားတွေအတွက် ဂုဏ်ယူစရာဖြစ်သလို နိုင်ငံတကာမှာလည်း အဲဒီနိုင်ငံကို သိမြင်စေနိုင်တဲ့ တံခါးတစ်ချပ်ဖြစ်ပါတယ်။ မြန်မာအကကို နိုင်ငံခြားသားတစ်ယောက်မြင်ပြီး “ဒါ မြန်မာ့ရိုးရာအကပါလား” လို့သိလာတာ၊ မြန်မာ့ရိုးရာတူရိယာတစ်ခုရဲ့အသံကိုကြားပြီး မြန်မာ့ဂီတဆိုတာ ဘယ်လိုဟန်ရှိတယ်ဆိုတာ စိတ်ဝင်စားလာတာ၊ မြန်မာ့ရိုးရာဇာတ်တော်ကြီး၊ ရုပ်သေး၊ သီချင်းနဲ့စာပေတွေကို လေ့လာချင်လာတာတွေဟာ ယဉ်ကျေးမှုကနေတစ်ဆင့် ပေါ်ပေါက်လာနိုင်တဲ့ ဆွဲဆောင်မှုတွေပါ။ အဲဒီယဉ်ကျေးမှုဆိုင်ရာ ဆွဲဆောင်မှုကို စနစ်တကျ ဖော်ထုတ်အသုံးချနိုင်ရင် Soft Power ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးဟာ ပြည်တွင်းမှာ လူငယ်တွေကို ပြိုင်ပွဲဝင်စေပြီး ဆုချီးမြှင့်တဲ့ပွဲတစ်ခုအဖြစ်သာ မမြင်သင့်ပါဘူး။ မြန်မာ့ကိုယ်ပိုင်ဝိသေသလက္ခဏာကို ကိုယ်တိုင်ပြန်လည်သိရှိစေပြီး နိုင်ငံတကာအထိ ဖော်ဆောင်နိုင်မယ့် အခြေခံအင်အားကို စုစည်းပေးတဲ့ ယဉ်ကျေးမှုစင်မြင့်တစ်ခုအဖြစ်လည်း မြင်နိုင်ပါတယ်။

**(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီး နီးကပ်လာခဲ့ပြီ**

ယခုနှစ်မှာတော့ (၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာနဲ့ နိုင်ငံတော်အဆင့် ကျင်းပဖို့ ပြင်ဆင်နေကြပါပြီ။ “ဒီနှစ် ဘယ်သူဆုရမလဲ” ဆိုတာထက် ဘယ်လိုမျိုးဆက်သစ်တွေ ထွက်ပေါ်လာမလဲ၊ ဘယ်လို မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို လူငယ်တွေ ပြန်လည်စိတ်ဝင်စားလာမလဲ ဆိုတာက ပိုပြီးစိတ်ဝင်စားစရာဖြစ်ပါတယ်။

ကဗျာလွတ်ကနေ ရုပ်သေးအထိ၊ တစ်ပင်တိုင်ကနေ ဇာတ်တော်ကြီးအထိ၊ မဟာဂီတကနေ ကာလပေါ်တေးအထိ၊ ပတ္တလား၊ စောင်း၊ နှဲ၊ ဆိုင်းဝိုင်း၊ ဒုံမင်းစတဲ့ တေးသွားဂီတသံတွေ ဘယ်လိုဆက်လက်ရှင်သန်မလဲဆိုတာ၊ မြန်မာ့စာပေနဲ့ အရေးပညာကို နည်းပညာခေတ်ထဲမှာ ဘယ်လိုဆက်အသက်သွင်းမလဲဆိုတာ၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ကိုယ့်နိုင်ငံမှာသာမက နိုင်ငံတကာပရိသတ်တွေဆီ ဘယ်လိုရောက်အောင် ဖော်ဆောင်မလဲဆိုတာ လူငယ်တွေအထိ၊ ပြိုင်ပွဲဝင်တွေအထိ တွေးတောဆင်ခြင်ကြစေလိုပါတယ်။

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးမှာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်နဲ့ ဗဟိုအဆင့်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြတဲ့ တစ်ဦးတစ်ယောက်ချင်းဟာ သီချင်းတစ်ပုဒ်အတွက် အချိန်နာရီများစွာ သီဆိုလေ့ကျင့်ကြရသလို ကကွက်တစ်ခုချင်းစီကို စိတ်ရောကိုယ်ရောနှစ်ပြီး ထပ်ခါတလဲလဲ လေ့ကျင့်ကြသူများ၊ များစွာသောဗဟုသုတတွေကို ဖြည့်ဆည်းဖတ်ရှုပြီး တေးသီချင်းများစွာ ဖန်တီးရေးစပ်လေ့ကျင့်သူများ၊ တူရိယာအမျိုးမျိုးကို အခြေခံကနေစတင်ပြီး ကြိမ်ဖန်များစွာ တီးခတ်ပြင်ဆင်လေ့ကျင့်ခဲ့ရသူများဖြစ်တာကြောင့် သူတို့အားလုံးဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရဲ့ ဂုဏ်ယူဖွယ်ရာ အနာဂတ်အစိတ်အပိုင်းတွေ ဖြစ်ပါတယ်။

ဒီကနေ့ စင်မြင့်ထက်က ပြိုင်ပွဲဝင် လူငယ်တစ်ယောက်က အနာဂတ်မှာ ကျွမ်းကျင်တဲ့ အနုပညာဆရာတစ်ဦး ဖြစ်လာနိုင်သလို ဒီကနေ့ ဆရာတွေထံမှာ ပညာဆည်းပူးနေသူ လူငယ်တစ်ယောက်ဟာ နောင်တစ်ချိန်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှုကို နိုင်ငံတကာစင်မြင့်အထိ ယူဆောင်သွားနိုင်တာမို့ ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးဟာ တန်ဖိုးမဖြတ်နိုင်တဲ့ အနုပညာစင်မြင့်တစ်ခုပဲ ဖြစ်ပါတယ်။

ဒါကြောင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးဟာ အဆိုပြိုင်ပွဲတစ်ခု၊ အကပြိုင်ပွဲတစ်ခု၊ အရေးပြိုင်ပွဲတစ်ခု၊ အတီးပြိုင်ပွဲတစ်ခုကို သီးခြားကျင်းပနေခြင်း မဟုတ်ပါဘူး။ မြန်မာ့ယဉ်ကျေးမှုရဲ့ အသံ၊ ဟန်၊ စကားနဲ့ သံစဉ်တွေ တစ်နေရာတည်းမှာ ပြန်လည်ဆုံစည်းတဲ့ ဆုံမှတ်ဖြစ်သလို တစ်နိုင်ငံလုံးက မျိုးဆက်သစ်တွေကို မြန်မာ့ယဉ်ကျေးမှုအနုပညာနဲ့ ပြန်လည်ချိတ်ဆက်ပေးနေပါတယ်။ တစ်ချိန်တည်းမှာပဲ မိမိတို့နိုင်ငံရဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာကို ကိုယ်တိုင်နားလည်လာစေပါတယ်။ အဲဒီလို နားလည်မှုကနေ ဂုဏ်ယူမှုဖြစ်လာပါတယ်။ ဂုဏ်ယူမှုကနေ ထိန်းသိမ်းလိုစိတ် ဖြစ်လာရင်တော့ မျိုးဆက်သစ်ကို လက်ဆင့်ကမ်းနိုင်မှာ ဖြစ်ပါတယ်။ နောက်ဆုံးမှာတော့ ကိုယ့်ယဉ်ကျေးမှုကို ကိုယ့်နိုင်ငံအတွင်းသာမက ကမ္ဘာ့အလယ်မှာပါ သိမြင်လာအောင် ဖော်ဆောင်နိုင်တဲ့ အင်အားတစ်ခုဖြစ်လာမယ်ဆိုတာ ဧကန်ဖြစ်ပါတယ်။

အဆိုရဲ့အသံ၊ အကရဲ့ဟန်၊ အရေးရဲ့စာသားနဲ့ အတီးရဲ့သံစဉ်တွေဟာ မြန်မာ့အနုပညာရဲ့ အစိတ်အပိုင်းလေးခုသာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလေးခုထဲမှာ ကိုယ့်နိုင်ငံရဲ့ အတိတ်သမိုင်း၊ ကိုယ့်တိုင်းရင်းသားလူမျိုးတွေအားလုံးရဲ့ အတွေးအခေါ်၊ ခံစားချက်နဲ့ ကိုယ်ပိုင်အသံတွေ ပါဝင်နေပါတယ်။ အဲဒီအသံတွေ မတိတ်သွားအောင်၊ အဲဒီဟန်တွေ မပျောက်သွားအောင်၊ အဲဒီစာတွေ မပြတ်သွားအောင်၊ အဲဒီသံစဉ်တွေ မရပ်တန့်သွားအောင် မျိုးဆက်တစ်ဆက်ကနေတစ်ဆက် ဆက်လက်သယ်ဆောင်ပေးနိုင်ခြင်းကပဲ မြန်မာ့ရိုးရာယဉ်ကျေးမှုရဲ့ အနာဂတ်ကို ဆက်လက်ရှင်သန်စေမှာဖြစ်ပါတယ်။

ဒါကြောင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲကြီးကို ဂုဏ်ယူစွာ စောင့်မျှော်ကြိုဆိုရင်း မြန်မာ့ရိုးရာယဉ်ကျေးမှုကို မျိုးဆက်တစ်ဆက်ကနေတစ်ဆက် မပျောက်မပျက် လက်ဆင့်ကမ်းပြီး ကိုယ့်ရဲ့ အမျိုးသားယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဝိသေသလက္ခဏာကို ကိုယ်တိုင်တန်ဖိုးထားကာ နိုင်ငံသားတိုင်းက စိတ်အားတက်ကြွစွာနဲ့ မြန်မာ့ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ကြပါစေကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။



## ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ရောဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ဧရာဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစတင်၍ အလျား ပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ့်ကျမှုဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် မြစ်ကမ်းထိန်းလုပ်ငန်းဖြစ်သည့် porcupine ချထားခြင်း၊ Steel Cable Groyne ဆောင်ရွက်ခြင်း၊ တာမိုင် (၁၁/၅) မှ (၁၁/၇) ကြား ဆည်မြောင်းတာ အပြင်ဘက်ခြမ်း ဧရာဝတီမြစ်အတွင်း နိုင်လွန်ပိုက်ထုပ် သဲအိတ်ချခြင်းလုပ်ငန်းနှင့် ရေလမ်းသောင်တူးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ်ခြောက်မြို့နယ်ရှိ ရပ်ကွက် ၁၉ ခုနှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထုးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ သဲိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာ အချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။



ထိုသို့ ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့နယ်အတွင်း ငဝန်မြစ်ရေသည် ဩဂုတ် ၁၄ ရက်တွင် ခုနစ်ပေ ကိုးလက်မအထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် လေးပေ လေးလက်မခန့်သာ ကျန်ရှိသဖြင့် သုံးပေ ငါးလက်မခန့် ကျဆင်းသွားကြောင်း၊ ရေကြည်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၂၄ ရက်တွင် ၁၁ ပေ ၂ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ၅ ပေ ၁၀ လက်မခန့်သာ ကျန်ရှိသဖြင့် ငါးပေ လေးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း၊ သဲိုင်းချောင်းမြို့နယ်အတွင်း ငဝန်မြစ်ရေသည် ဩဂုတ် ၂၃ ရက်တွင် ၁၀ ပေ ၉ လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခုနစ်ပေခန့်သာ ကျန်ရှိသဖြင့် သုံးပေ ကိုးလက်မခန့် ကျဆင်းသွားကြောင်း၊ ကျုံပျော်မြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ရှစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံး ဝင်ရောက်ခဲ့ပြီး ယနေ့တွင် ခြောက်ပေခန့်သာ ကျန်ရှိသဖြင့် နှစ်ပေ တစ်လက်မခန့် ကျဆင်းသွားကြောင်း၊ ကျောင်းကုန်းမြို့နယ်တွင် ငဝန်မြစ်ရေသည် ဩဂုတ် ၃၀ ရက်တွင် ခုနစ်ပေ တစ်လက်မခန့်အထိ အမြင့်ဆုံးဝင်ရောက်ခဲ့ပြီး ယနေ့တွင် ငါးပေ ခုနစ်လက်မခန့်သာ ကျန်ရှိသဖြင့် တစ်ပေ ခြောက်လက်မခန့်ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့်နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ် မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေး စခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများ အသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေး လုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ပုဇွန်တောင်မြို့နယ်၌ ဥပဒေအသိပညာပေး ပြည်သူ့စကားဝိုင်း ကျင်းပ

ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန် တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာတို့ ပူးပေါင်းကျင်းပသည့် ဥပဒေအသိပညာပေး ပြည်သူ့စကားဝိုင်းကို အမှတ်(၂) ရပ်ကွက် မာဃလုလင် ဆွမ်းလောင်းဓမ္မာရုံ၌ ယနေ့ ကျင်းပသည်။



ဦးစွာ ပြည်သူ့စကားဝိုင်း၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်စန်းဦးနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်စွာဝင့်တို့က အမှာစကား ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၁) ဦးစည်သူကြည်မြင့်၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်(၂) ဦးစိုးမြင့်နှင့် တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေး၊ မူးယစ်ဆေးဝါးဥပဒေ၊ စည်ပင်သာယာဥပဒေနှင့် ပတ်သက်၍ ဖြစ်လေ့ဖြစ်ထရှိသော လူမှုပတ်ဝန်းကျင် နေထိုင်မှုပုံစံများ၊ ပြစ်မှုပြစ်ဒဏ်များ၊ ဥပဒေဆိုင်ရာ အသိပညာပေးခြင်း၊ မှုခင်းပညာပေးဆိုင်ရာ အကြောင်းအရာများကို ဦးဆောင်ဆွေးနွေးခဲ့ပြီး ရပ်ကွက်နေပြည်သူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဆွေးနွေး ဖြေကြားခဲ့ကြောင်း သိရသည်။

ဟန်စုယဉ်

မွန်ပြည်နယ် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်၊ အမှတ်(၉)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(မော်လမြိုင်)ရဲမှူး၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေး၊ အမျိုးသမီးရေးရာ တာဝန်ရှိသူများက မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ အကြိုအဖြစ် စက်တင်ဘာ ၈ ရက်တွင် မော်လမြိုင်မြို့ အမှတ်(၉) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ (မော်လမြိုင်)ရုံးရှေ့နှင့် မြိုင်သာယာဟသ်ာအဝိုင်းမိန်လမ်းတွင် (အလျား ၁၀ ပေ x အနံ ၈ ပေ)ရှိ“လူကုန်ကူးမှုနောက်ကွယ်က လိမ်လည်မှု ထောင်ချောက်တွေကို တိုက်ဖျက်ကြ” စာတန်းပါလူကုန်ကူးမှု အသိပညာပေး Billboard ကို စိုက်ထူစဉ်။

ခရိုင်(ပြန်/ဆက်)



## မြိတ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ပန်းချီပိုစတာပြိုင်ပွဲ ကျင်းပ



မြိတ် စက်တင်ဘာ ၉


တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် စာစီစာကုံးနှင့် ပန်းချီပိုစတာပြိုင်ပွဲကို အထက(၁)မြိတ်ပညာဗိမာန်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက ကြီးမှူးကျင်းပသည်။

အဆိုပါပြိုင်ပွဲကို “ကမ္ဘာမြေ ပိုမိုအေးမြဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့” ခေါင်းစဉ်ဖြင့် ကျင်းပပြီး အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၈ ဦး၊ ပန်းချီပိုစတာပြိုင်ပွဲတွင် ၂၁ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၂၆ ဦး၊ ပန်းချီပိုစတာပြိုင်ပွဲတွင် ၂၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ဗီယက်နမ်- ရုရှား ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်မည်




**မော်စကို စက်တင်ဘာ ၉**

ဗီယက်နမ်နှင့် ရုရှားနှစ်နိုင်ငံကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွင် အားကောင်းသည့် အောင်မြင်မှုများ ဖော်ဆောင်ရန် လိုအပ်ကြောင်း ဗီယက်နမ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်နှင့် နိုင်ငံတော်သမ္မတဖြစ်သူ တိုလန်းက ရုရှားနိုင်ငံဝန်ကြီးချုပ် မီခေးမီရှူ စတင်နှင့် မော်စကိုမြို့တော်၌ ယမန်နေ့က တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

**ပြောကြား**

ဗီယက်နမ်နိုင်ငံ သမ္မတ၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံကြား ပူးပေါင်း ဆောင်ရွက်ရေးတွင် ကောင်းမွန်သည့် အလှည့်အပြောင်းတစ်ခုအား ဖန်တီးနိုင်မည်ဟု မိမိယုံကြည်ကြောင်း ဝန်ကြီးချုပ် မီရှူစတင်က ပြောကြားသည်။

နှစ်နိုင်ငံ ခေါင်းဆောင်များကြား ရရှိခဲ့သော သဘောတူညီချက်များနှင့် ဦးတည်ချက်များကို အကောင်အထည် ဖော်ရာတွင် နှစ်နိုင်ငံအစိုးရများ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ သမ္မတ တိုလန်းက အလေးပေးပြောကြားခဲ့ပြီး နှစ်ဖက်အစိုးရများအနေဖြင့် လက်ရှိ ယန္တရားဖြစ်သည့် ဗီယက်နမ်- ရုရှား စီးပွားရေး- ကုန်သွယ်ရေးနှင့် သိပ္ပံ-နည်းပညာ ပူးပေါင်းဆောင်ရွက်မှုကော်မတီကို ထိရောက်စွာ အသုံးချရန် ပန်ကြားခဲ့သည်။

နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှု ယန္တရားအသစ်များနှင့် နယ်ပယ်အသီးသီးတွင် အထူးပြုလုပ်ငန်းအဖွဲ့များ တည်ထောင်ခြင်းကို လေ့လာရန်လည်း သဘောတူညီခဲ့ကြပြီး နှစ်ဖက်စီးပွားရေးလုပ်ငန်းများ အနေဖြင့် ဈေးကွက်များတွင် ၎င်းတို့၏ လုပ်ငန်းများကို အပြန်အလှန် တိုးချဲ့ရန်နှင့် စီးပွားရေးလုပ်ငန်းအချင်းချင်း ချိတ်ဆက်မှုကို မြှင့်တင်အားပေးရန် ခေါင်းဆောင်များကြား ကတိပြုခဲ့ကြသည်။

နှစ်ဖက်အကြား ရေကြောင်း၊ ရထားလမ်းနှင့် ဘက်စုံသယ်ယူပို့ဆောင်ရေး၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန် နည်းလမ်းများအား လေ့လာသင့်ကြောင်း၊ တည်ငြိမ်သော ထောက်ပံ့ရေးကွင်းဆက်များကို ထူထောင်ပြီး နှစ်နိုင်ငံအကြား ကုန်စည်ဖလှယ်မှုကို လွယ်ကူချောမွေ့စေသင့်ကြောင်း ရုရှားဝန်ကြီးချုပ်မီခေးမီရှူစတင်က ပြောကြားသည်။

နှစ်နိုင်ငံကြား လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ပြည်သူအချင်းချင်း ကူးလူးဆက်ဆံမှုနှင့် သိပ္ပံနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် ခေါင်းဆောင်များကြား သဘောတူညီခဲ့ကြောင်း သိရသည်။

**ကိုးကား – Vn Express**
**ဘာသာပြန် -စိုးသူရ**

# ဟော်မုဇ်ရေလက်ကြားဝန်းကျင်ရှိ အခြေအနေများကို လေ့လာဆန်းစစ်ရန် အရှေ့အလယ်ပိုင်းဒေသသို့ တောင်ကိုရီးယား စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့

**ဆိုးလ် စက်တင်ဘာ ၉**

ဟော်မုဇ်ရေလက်ကြားဝန်းကျင်ရှိ အခြေအနေများကို လေ့လာဆန်းစစ်ရန် အရှေ့အလယ်ပိုင်းဒေသသို့ တောင်ကိုရီးယား စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ဝါရှင်တန်၏ တောင်းဆိုချက်အရ တောင်ကိုရီးယားအစိုးရက တပ်ဖွဲ့ဝင်များ စေလွှတ်ရန် ပြင်ဆင်နေကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြနေချိန်တွင် ယခုကဲ့သို့ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့စေလွှတ်မှု ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက အဆိုပါသတင်းကို စက်တင်ဘာ ၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အမေရိကန်၏ တောင်းဆိုချက်အရ ဟော်မုဇ်ရေလက်ကြားသို့ ကင်းလှည့်လေယာဉ်များ စေလွှတ်ခြင်းကဲ့သို့သော ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးရန် တောင်ကိုရီးယားအစိုးရက စဉ်းစားလျက်ရှိကြောင်း မီဒီယာများက သတင်းဖော်ပြကြသည်။

အဆိုပါအဖွဲ့သည် ပြီးခဲ့သည့်ရက်သတ္တပတ်ကပင် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ဖော်ပြခဲ့သည်။

၎င်းတို့သည် စစ်ရေးဆိုင်ရာ အဆောက်အအုံများကို လေ့လာကြည့်ရှုခြင်းနှင့် အခြားစစ်ဆေးမှုများပြုလုပ်ရန် စီစဉ်ထားပြီး ယခုအပတ်အတွင်း တောင်ကိုရီးယားနိုင်ငံသို့ ပြန်ရောက်လာဖွယ်ရှိကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# တရုတ်နိုင်ငံ၌ ကမ္ဘာ့လျှပ်စစ်ကားကွန်ဂရက် ကျင်းပမည်

**ဟိုကူ စက်တင်ဘာ ၉**

၂၀၂၆ခုနှစ် ကမ္ဘာ့လျှပ်စစ်ကားကွန်ဂရက်အား တရုတ်နိုင်ငံတောင်ပိုင်း ဟိုင်နန်ပြည်နယ် ဟိုကူမြို့တွင် စက်တင်ဘာ ၂၂ မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများက ယနေ့ ပြောကြားခဲ့သည်။

"အသွင်ပြောင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်း၊ ပြန်လည်ကောင်းမွန်လာသော တိုးတက်မှု" ဟူသော ဆောင်ပုဒ်အောက်တွင် ကျင်းပသည့် အဆိုပါကွန်ဂရက်သို့ နိုင်ငံနှင့် ဒေသပေါင်း ၂၀ ကျော်မှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်မည်ဖြစ်ပြီး ၎င်းတို့တွင် နိုင်ငံစုံမှ မော်တော်ယာဉ်ကုမ္ပဏီများမှ အမှုဆောင်အရာရှိများ၊ နိုင်ငံတကာ စက်မှုလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ထိပ်တန်းပညာရှင်များပါဝင်သည်။

ဆွေးနွေးမှုများတွင် နည်းပညာဆန်းသစ်တီထွင်မှု၊ စက်မှုနှင့် ထောက်ပံ့ရေးကွင်းဆက်ခံနိုင်ရည်ရှိမှု၊ ကာဗွန်လျှော့ချရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် လျှပ်စစ်ကားထုတ်လုပ်ရေးကဏ္ဍတွင် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစသည့် ကိစ္စရပ်များ ပါဝင်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၏ ပထမခုနှစ်လအတွင်း တရုတ်နိုင်ငံသည် လျှပ်စစ်ယာဉ် ၂ ဒသမ ၉၁ သန်း တင်ပို့ခဲ့ပြီး ၎င်းအရေအတွက်သည် နိုင်ငံ၏ စုစုပေါင်းယာဉ်တင်ပို့မှု၏ ၄၇ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း စက်မှုလုပ်ငန်းဒေတာများအရ သိရသည်။ ၂၀၂၅ ခုနှစ်တွင် တရုတ်နိုင်ငံသည် လျှပ်စစ်ယာဉ် ၁၆ ဒသမ ၄၉ သန်း ရောင်းချခဲ့ပြီး ယခင်နှစ်ထက် ၂၈ ဒသမ၂ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကာ အဆိုပါအရေအတွက်သည် ယာဉ်အသစ်ရောင်းချမှုအားလုံး၏ ၄၇ ဒသမ ၉ ရာခိုင်နှုန်းကို ကိုယ်စားပြုကြောင်း သိရသည်။ **ကိုးကား –ဆင်ဟွာ၊ ဘာသာပြန် -စိုးသူရ**

# ဂျပန်နိုင်ငံရှိ လေဆိပ်များတွင် ဉာဏ်ရည်တုနည်းပညာစနစ်တစ်ခုကို စမ်းသပ်ဆောင်ရွက်လျက်ရှိ

**တိုကျို စက်တင်ဘာ ၉**

ဂျပန်နိုင်ငံရှိ လေဆိပ်များတွင် လေယာဉ်ပြေးလမ်းများနှင့် အခြားသော အဆောက်အအုံဆိုင်ရာအစိတ်အပိုင်းများကို စောင့်ကြည့်စစ်ဆေးခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဉာဏ်ရည်တုနည်းပညာစနစ်တစ်ခုကို စမ်းသပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လေဆိပ်ပေါင်း ၁၉ ခုတွင် လာမည့်နှစ် မတ်လအထိ အဆိုပါ စမ်းသပ်မှုများကို လုပ်ဆောင်သွားမည်ဖြစ်သည်။ လုပ်သားအင်အားရှားပါးမှုပြဿနာ ဖြစ်ပေါ်နေချိန်တွင် အဆောက်အအုံနှင့် စက်ကိရိယာများ စီမံခန့်ခွဲမှုလုပ်ငန်းကို ပိုမိုထိရောက်မှုရှိစေမည့် စနစ်တစ်ခုကို မိတ်ဆက်အသုံးပြုရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။



တိုကျိုမြို့အနီးရှိ နာရီတာလေဆိပ်နှင့် ကင်ကီဒေသရှိ လေဆိပ်များတွင်လည်း အဆိုပါစမ်းသပ်မှုကို ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဉာဏ်ရည်တုစနစ်ကို ဆူမီတိုမို ကုန်သွယ်ရေးကုမ္ပဏီက ကူညီပံ့ပိုးပေးခဲ့သည်။

စစ်ဆေးရေးယာဉ်များနှင့် ဒရုန်းများပေါ်တွင် တပ်ဆင်ထားသော ကင်မရာများမှရရှိသည့် အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် လေယာဉ်ပြေးလမ်းများပေါ်ရှိ အက်ကွဲကြောင်းများ သို့မဟုတ် အခြားသော ပုံမှန်မဟုတ်သည့်အခြေအနေများကို စစ်ဆေးနိုင်ကြောင်း ကုမ္ပဏီက ပြောကြားသည်။

နိုင်ငံတကာ ခရီးသွားဧည့်သည်များအရေအတွက် မြင့်တက်လာမှုကြောင့် လေကြောင်းခရီးသွားလာမှုအရေအတွက် မြင့်တက်လာသော်လည်း လေဆိပ်များတွင် ကျွမ်းကျင်သော စစ်ဆေးရေးဝန်ထမ်းများ ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရသည်။ ယခုအသုံးပြုသည့် ဉာဏ်ရည်တုနည်းပညာသုံး စောင့်ကြည့်စစ်ဆေးမှုနည်းလမ်းသည် စစ်ဆေးချိန်ကို တစ်ဝက်ခန့်အထိ လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း ကုမ္ပဏီက ပြောကြားခဲ့သည်။ စမ်းသပ်မှုများ ပြီးဆုံးသွားပါက လေဆိပ်များအနေဖြင့် အဆိုပါစနစ်ကို စတင်မိတ်ဆက်အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

# ယူနက်စကိုက ကမ္ဘာတစ်ဝန်းရှိ ကျောင်းများအပေါ် တိုက်ခိုက်မှုများ ဆက်လက်မြင့်တက်နေခြင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြောင်း ပြောကြား

**ပါရီ စက်တင်ဘာ ၉**

ကမ္ဘာတစ်ဝန်းရှိ ကျောင်းများအပေါ် တိုက်ခိုက်မှုများ ဆက်လက်မြင့်တက်နေခြင်းနှင့်ပတ်သက်၍ ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO) က စိုးရိမ်ပူပန်ကြောင်း ယမန်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

နောက်ဆုံးရ ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် စာသင်ကျောင်းများအပေါ် တိုက်ခိုက်မှုများ စိုးရိမ်ဖွယ်ရာအဆင့်အထိ မြင့်တက်လာကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း ကုလသမဂ္ဂက အတည်ပြုမှတ်တမ်းတင်ထားသည့် ကျောင်းများအပေါ် တိုက်ခိုက်မှုပေါင်း ၁၆၈၀ ရှိခဲ့ပြီး အဆိုပါပမာဏသည် ၂၀၂၄ ခုနှစ်က ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုပေါင်း ၁၂၆၅ ခုနှင့် နှိုင်းယှဉ်ပါက ၃၃ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့က "တိုက်ခိုက်မှုများမှ ပညာရေးကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာနေ့" ၏ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းရှိ အကျပ်အတည်းများကြောင့် ကလေးငယ်နှင့် ဆယ်ကျော်သက်ပေါင်း ခန့်မှန်းခြေ ၂၅၈ သန်းခန့်၏ ပညာရေး ထိခိုက်နှောင့်နှေးခဲ့ရပြီး ၎င်းတို့အနက် ၉၃ သန်းမှာ ကျောင်းမတက်နိုင်သည့်အခြေအနေတွင် ရှိနေကြောင်း ယူနက်စကိုက ပြောကြားခဲ့သည်။

ထိုသို့သော အခြေအနေများတွင် အထိခိုက်အလွယ်ဆုံးဖြစ်သူများအတွက် ပညာသင်ယူမှုဆိုင်ရာ အတားအဆီးများမှာ အကြီးမားဆုံးဖြစ်နေပြီး ဒုက္ခသည်ကလေးငယ် ၇၄ ရာခိုင်နှုန်း၊ နေရပ်စွန့်ခွာထွက်ပြေးရသူကလေးငယ် ၅၂ ရာခိုင်နှုန်းနှင့် မသန်စွမ်းကလေးငယ် ၄၅ ရာခိုင်နှုန်းတို့မှာ ကျောင်းမတက်နိုင်သည့်အခြေအနေတွင် ရှိနေကြောင်း ယူနက်စကိုက ထောက်ပြပြောကြားခဲ့သည်။

ယူနက်စကို ညွှန်ကြားရေးမှူးချုပ် ခါလက်အယ်အီနန်နီက ကျောင်းများနှင့် တက္ကသိုလ်များကို အမြဲမပြတ်ကာကွယ်စောင့်ရှောက်ထားရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ပဋိပက္ခဖြစ်ပွားနေသည့် အဖွဲ့အစည်းအားလုံးအနေဖြင့် နိုင်ငံတကာဥပဒေကို လေးစားလိုက်နာရန်နှင့် အကျပ်အတည်းကာလအတွင်း၌ပင် ပညာရေးကို ဘေးကင်းလုံခြုံစေရန်



ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

"တိုက်ခိုက်မှုများမှ ပညာရေးကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ နိုင်ငံတကာနေ့" ကို ၂၀၂၀ ပြည့်နှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ တညီတညွတ်တည်းဆုံးဖြတ်ချက်ဖြင့် သတ်မှတ်ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလ ၉ ရက်နေ့ကို နှစ်စဉ်ကျင်းပသည့်နေ့အဖြစ် သတ်မှတ်ထားသည်။ **ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ယဉ်ကျေးလိမ္မာစာပဒေသာ

# ဓမ္မဒါယာဒတရားအမွေခံ




ကျွန်တော်တို့သည် အမွေခံနှင့်စပ်လျဉ်း၍ လေ့လာနေကြရာ ယခုအခါ သာသနာ့ဒါယဇ္ဇ-သာသနာ့အမွေခံနှင့် ဒါယဇ္ဇပရိဘောဂ-ပစ္စည်းလေးပါးသုံးစွဲရာ၌ အမွေခံအဖြစ်နှင့် သုံးစွဲနိုင်မှုတို့ကို လေ့လာပြီးကြလေပြီ။

အခုဆက်လက်လေ့လာရမှာက နံပါတ်(၃) အချက်ဖြစ်သော ဓမ္မဒါယာဒ-တရားအမွေခံအကြောင်းဖြစ်သည်။ ဓမ္မဒါယာဒ - တရားအမွေခံဟူသည် ရှင်ရှင် လူလူ မည်သူမဆို အမွေခံထိုက်သော အမွေဖြစ်သည်။

ကျွန်တော်တို့ လောကီလူ့ဘောင်၌ အမွေဟုကြားလျှင် ရွှေ၊ ငွေ၊ ကျောက်သံပတ္တမြား၊ လယ်၊ ယာ၊ မိုးမြေ၊ ဥယျာဉ်ပန်းမန်စသော ပစ္စည်းဥစ္စာများကို တန်းမြင်ကြသည်။ ထိုလောကီဥစ္စာ ရတနာတို့ကိုသာ အမွေခံထိုက်သူတို့က ခွဲဝေယူငင်ကြလေသည်။

ထိုသို့ခွဲဝေကြရာ၌ အချို့ ညီညီညွတ်ညွတ်နှင့်၊ အချို့ မညီမညွတ်နှင့်၊ အချို့ နင်ပဲငဆနှင့် ဒေါသမီးတောက်လောင် ငြင်းကြ၊ ခုန်ကြ၊ တရားတဘောင်ဖြစ်ကြနှင့် ရှိကြလေသည်။ ကျွန်တော်တို့သာသနာ၌ ဗုဒ္ဓဘုရားရှင်က အမွေနှစ်မျိုးကို သွန်ပြတော်မူသည်။ ထိုအမွေနှစ်မျိုးက (၁) အာမိသအမွေနှင့် (၂) ဓမ္မအမွေတို့ ဖြစ်သည်။

ဤအမွေနှစ်မျိုးအနက် အခုပြောခဲ့သည့် လောကီစည်းစိမ်များသည် အာမိသအမွေများဖြစ်ကြလေသည်။ ကျွန်တော်တို့သန္တာန်တွင် အနုသယကိလေသာ-သတ္တိအရှိန်အစော်လေးနှင့် ကိန်းတည်နေသော ကိလေသာမီးခဲလေးများ တည်ရှိနေကြသည်။ ထိုအနုသယကိလေသာများကို မဂ်နှင့် မပယ်သပ်နိုင်သေးသရွေ့ သူသူငါငါ၏ သန္တာန်တွင် အခုလည်းတည်နေသည်။ နောင်လည်း တည်ကိန်းနေမည်သာဖြစ်သည်။

အမွေခံမည့်သူ၏ သန္တာန်၌ တည်ကိန်းနေသော လောဘတဏှာ ကိလေသာသည် အမွေပစ္စည်းအာရုံနှင့် တွေ့လိုက်သည်နှင့် ဟုန်းခနဲထတောက်တော့သည်။ ထိုအခါ "ကိုယ်လိုချင်တာတို့၊ ကောင်းတာလိုချင်တာတို့" နှင့် စသည်ဖြင့် အကြမ်းပတမ်းကြီးကို လောဘဇောတိုက်တော့သည်။ ကိုယ်မှန်းသလို ရလျှင် ကောင်းသည်။ မရလျှင် ဒေါသကိလေသာ ဝုန်းဒိုင်းကြဲပြလာ၏။ တော်၏၊ မတော်၏၊ ကောင်း၏၊ မကောင်း၏ စသည်ဖြင့် ဝေခွဲချင့်ချိန်သော အသိပညာက ခေါင်းမပြူနိုင်၊ သူ့ကို မသိမှုမောဟကိလေသာက နှိမ်ထားသည်။

သို့ဖြင့် အာမိသပစ္စည်းဟူသည် မည်သည့်အခါမျှ ကောင်းကျိုးမပေး။ အရိယာသူတော်စင်တို့ အာမိသပစ္စည်းနှင့်စပ်လာလျှင် ဥပေက္ခာပြုကြလေသည်။ ပစ္စည်းရမှုသည် အသနိစက္က မိုးကြိုးစက်များလို ကြောက်စရာကောင်းလောက်အောင် ဖြစ်သည်ဟုမြင်သည်။ သို့နှင့် ဗုဒ္ဓသည် ထိုအမွေနှစ်ခုအနက် **"ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ- တရားအမွေခံသာဖြစ်ကြကုန်"။ "မာ အာမိသ ဒါယာဒါ အမွေခံမဖြစ်ကြကုန်နှင့်"**ဟု မိန့်တော်မူခဲ့လေသည်။

စင်စစ် ဓမ္မဒါယာဒ တရားအမွေဟူသည် သီလ သမာဓိ ပညာဟူသော သိက္ခာသုံးပါးပင်ဖြစ်လေသည်။ ထိုသိက္ခာသုံးပါး မိမိသန္တာန်၌ တည်ကိန်းနေအောင် ပြုလုပ်ခြင်းဖြင့် တရားအမွေခံဖြစ်အောင် အားထုတ်သင့်ပေသည်။

"အဲဗျာ. . . သာသနာအပေါ်ယုံကြည်မှုနှင့် စပ်ပြီး သိသင့်သိထိုက်တဲ့ အချက်အလက်တွေကို ကျွန်တော်လက်လှမ်းမီသမျှ တင်ပြလိုက်ပါတယ်။

"ဓမ္မမိတ်ဆွေသူတော်ကောင်းတို့ကသာ မိမိနဲ့ အကျွမ်းတဝင်မရှိသေးတာတွေကို မှတ်သားပြီး အရင့်အရင်ထက် ပိုမိုသဒ္ဓါစေတနာထားနိုင်ကြပါစေ လို့သာ ကျွန်တော်ဆန္ဒပြုလိုက်ရပါတယ်။ ။

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများ လေ့လာ



**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသားလူငယ်များအား မျိုးချစ်စိတ် ရှင်သန်ထက်မြက်လာစေရန်၊ ခေတ်အဆက်ဆက် တပ်မတော်သမိုင်းအစဉ်အလာများကို သိရှိနားလည်နိုင်စေရန်၊ သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) တပ်ကုန်းမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ညောင်လွန့်)မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်)သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော် သမိုင်းမှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ဆက်လက်၍ ပြတိုက်တာဝန်ရှိသူက ပြတိုက်၏ သမိုင်းနှင့် ပြခန်းများအကြောင်း ရှင်းလင်း ပြောကြားသည်။ ထို့နောက် ကျောင်းသား ကျောင်းသူများသည် တပ်မတော် (ကြည်း၊ ရေ၊ လေ)နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံးပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို စိတ်ပါဝင်စားစွာ မေးမြန်းကြသည်။ ထို့ပြင် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက် ပစ္စည်းများကိုပါ လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကြသည်။

ထို့ပြင် ယနေ့လေ့လာမှတ်သားခဲ့သည့် ဗဟုသုတများကို ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပပြုလုပ်ကာ ပြတိုက်တာဝန်ရှိသူများ၏ မေးမြန်းချက်များကို မှန်ကန်စွာ ဖြေဆိုနိုင်သော ကျောင်းသား ကျောင်းသူများအား ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုနှင့် အထူးဆုများအဖြစ် ထမင်းချိုင့်၊ ထီး၊ ဗလာစာအုပ်နှင့် စာရေးကိရိယာများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်က ကွမ်းခြံကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးသိန်းနိုင်ဦးဆောင်၍ မြို့မရဲစခန်းမှူး ဒုရဲမှူးစိုင်းကျော်အေးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၅၄) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်ဖွဲ့စုမှူး ဒုရဲအုပ်အောင်ဇော်မိုးတို့က မြို့နယ်ပြည်သူ့ဆေးရုံအတွင်း/အပြင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ဆွေနွယ်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြေးတိုင်အင်းချောင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ကျားရဲကျေးရွာအုပ်စု ရွှေညောင်ပင်ဂုံညှင်းတန်းပိုင်းအင်းနှင့် လဟာတာအင်းတို့၏ လဟာတာကွင်းအင်းရေပြင်ကျယ်အတွင်းနှင့် အုပ်ရှစ်ချောင်းရေပြင်ကျယ်အတွင်း၌ ဆောင်ရွက်ကြစဉ်။

မြို့နယ်(ပြန်/ဆက်)

## (၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**မန္တလေး စက်တင်ဘာ ၉**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးစိန်ယု၊ ခရိုင်မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၏ဇနီး၊ ခရိုင်မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ကော်မတီဝင်များ၊ တပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များသည် ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ရတနာမဏ္ဍူဘုရားဝင်းအတွင်း လုပ်အားဒါန စုပေါင်းသန့်ရှင်း ရေးဆောင်ရွက်ခဲ့ကြပြီး ရတနာမဏ္ဍူဘုရား ဩဝါဒါစရိယဆရာတော် ဦးဝိလာသအား ခရိုင်ရဲတပ်ဖွဲ့ စည်းရုံးရေးကော်မတီက ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■

## ဥတုရာသီ တောကိုမှီ၏

# မူဆယ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

မူဆယ် စက်တင်ဘာ ၉

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၁၈)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲပိတ်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီက မူဆယ်မြို့ ပြည်ထောင်စုအားကစားကွင်း၌ ကျင်းပသည်။




အခမ်းအနားတွင် ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌက မိန့်ခွန်းပြောကြားကာ ပိတ်ပွဲအခမ်းအနားကို မီးရှူးမီးပန်းများ ပစ်ဖောက်ဂုဏ်ပြုပေးခဲ့ပြီး စစ်ကြောင်းမှူးနှင့် အလံကိုင်အဖွဲ့များက ဦးဆောင်ကာ အားကစားသမားများ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာခဲ့ကြသည်။

ဆက်လက်၍ ဖူဆယ်ပြိုင်ပွဲတွင် အကောင်းဆုံးဂိုးသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ တတိယဆု၊ ဒုတိယဆု၊ ပထမဆုနှင့် ဒိုင်းဆုများကို ချီးမြှင့်ပေးအပ်ပြီး ဘောလုံးပြိုင်ပွဲတွင်အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းဆု၊ အကောင်းဆုံးအလယ်တန်းဆု၊ အကောင်းဆုံးရှေ့တန်းဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ အသန့်ရှင်းဆုံး အသင်းဆု၊ တတိယဆု ကျပ်သိန်း ၂၀ နှင့် ဒုတိယဆု ကျပ်သိန်း ၄၀ တို့ကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ပြီး ပထမဆု ကျပ်သိန်း ၆၀ နှင့် ချန်ပီယံဆုဖလားကို ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ခရမ်းမြို့နယ်၌ အခြေခံဖူဆယ်ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲကျင်းပ

ခရမ်း စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ်၌ မြို့နယ်ဘောလုံးအဖွဲ့ချုပ်နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ အခြေခံဖူဆယ်ဒိုင်လူကြီးသင်တန်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး မြို့နယ်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်ထက်လင်းက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



အဆိုပါ အခြေခံဖူဆယ်ဒိုင်လူကြီးသင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းသား ၂၀ တက်ရောက်သင်ကြားကြကြောင်း သိရသည်။

ခရမ်း(ပြန်/ဆက်)

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲခြေစစ်ပွဲ မြန်မာကလပ် ရှမ်းယူနိုက်တက်နှင့် လာအိုကလပ် Ezra အသင်း စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် ယှဉ်ပြိုင်မည်

ရန်ကုန် စက်တင်ဘာ ၉

၂၀၂၆-၂၀၂၇ ရာသီ အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့ စက်တင်ဘာ ၁၁ ရက်နှင့် ၁၄ ရက်တို့တွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

လာအိုကလပ် Ezra အသင်းသည် အိမ်ကွင်း လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် နှစ်ကျော့စလုံးကို မြန်မာနိုင်ငံတွင်သာ ကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် အသင်း လေးသင်းပါဝင်ပြီး ရှမ်းယူနိုက်တက် (မြန်မာ)နှင့် Ezra (လာအို)၊ မနီလာဒီဂါ (ဖိလစ်ပိုင်)နှင့် ကာဆူကာ (ဘရူနိုင်း) အသင်းတို့ တွေ့ဆုံနေသည်။ ရှမ်းယူနိုက်တက်အသင်းသည် အာဆီယံကလပ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် သုံးကြိမ်ဆက်တိုက် ခြေစစ်ပွဲအဆင့်မှ စတင်ယှဉ်ပြိုင်ရပြီး ပြီးခဲ့သည့်နှစ်ကြိမ်တွင် ခြေစစ်ပွဲအောင်မြင်ကာ နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခဲ့ရသည်။ လာအိုကလပ် Ezra အသင်းသည် စက်တင်ဘာ ၈ ရက်က ရန်ကုန်မြို့၌ ကျင်းပသည့် AFC Challenge League ခြေစစ်ပွဲတွင် မြန်မာကလပ် ရန်ကုန်ယူနိုက်တက်အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ ထို့ကြောင့် Ezra အသင်းသည် ပြိုင်ပွဲနှစ်ခုဆက်တိုက် မြန်မာကလပ်များနှင့် တွေ့ဆုံခြင်းဖြစ်သည်။

အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စုပွဲများကို ခုနစ်သင်းနှစ်အုပ်စုခွဲကျင်းပမည်ဖြစ်ပြီး မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ပါက အုပ်စု(B)တွင် ထိုင်းကလပ် Port အသင်း၊ မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်အသင်း၊ စင်ကာပူကလပ် Lion City Sailors အသင်း၊ ဗီယက်နမ်ကလပ် ကောင်အန်ဟန္နိုင်းအသင်း၊ အင်ဒိုနီးရှားကလပ် ပါဆစ်အသင်း၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မောင်ညီ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမြန်လမ်းမကြီးရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ၁၃၀ နှင့် မိသားစုဝင် ၂၅ ဦးတို့သည် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇအောင်မြေဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မင်းမင်းလတ်(ရုပဗေဒ)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့ မြို့မရပ်ကွက် လောကသယမ္ဘူစေတီတော်မြတ်ကြီးနှင့် တာဝတိံသာဘုရား ပရိဝုဏ်အတွင်း/အပြင်တို့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်စိုး၊ မြို့ရဲစခန်းမှူး ဒုရဲမှူးလှခိုင်တို့ ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဖြိုးဝေလင်း(ပြန်/ဆက်)



## ❂ ချန်ပီယံလိဂ်

အင်တာမီလန်အသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ အော်ဂတ်စတိုက သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

အမ်ဘတ်ပီဟာ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်သွင်းဂိုး ၇၁ ဂိုး ရှိသွားပြီဖြစ်ပြီး အမ်ဘတ်ပီထက် ချန်ပီယံလိဂ်သွင်းဂိုး ပိုမိုသွင်းယူထားနိုင်တဲ့ ကစားသမားတွေကတော့ ဘင်ဇီမာ(ဂိုး ၉၀)၊ လီဝန်ဒိုစကီ(၁၀၉ ဂိုး)၊ မက်ဆီ(၁၂၉ ဂိုး)၊ စီရိုနယ်လ်ဒို(ဂိုး ၁၄၀)တို့ပဲဖြစ်ပါတယ်။ ဒေါ့မွန်အသင်းနဲ့ ဗီလာရီးယဲလ်အသင်းတို့ပွဲစဉ်မှာ ဒေါ့မွန်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အခြားသောပွဲစဉ်တွေမှာတော့ ရီးယဲလ်ဘတ်တစ်အသင်းက လိုင်လီအသင်းကို သုံးဂိုး-နှစ်ဂိုး၊ အက်စ်တွန်ဗီလာအသင်းက ကလက်ဘရုဂျ်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ အေအီးကေအသင်းက LASK အသင်းကို တစ်ဂိုး-ဂိုးမရှိစသဖြင့် အသီးသီးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်

## ✦ အာရှအားကစားပြိုင်ပွဲမှ

အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းတွင် ဂိုးသမား-မျိုးမြမြငြိမ်း(သစ္စာအားမာန်)၊ အိစန္ဒာဇော်(ဧရာဝတီ)၊ ဖူးလတ်နဒီ(အား/ကာသိပ္ပံ)၊ နောက်တန်း-ဇွန်ယုယဦး၊ ဖြူဖြူဝင်း(ဧရာဝတီ)၊ လင်းလဲ့ဦး၊ သန်းသန်းနွယ်(အား/ကာသိပ္ပံ)၊ ဇွန်သဲဦး၊ ခင်မျိုးသန္တာထွန်း (ရှမ်းယူနိုက်တက်)၊ ယုယုနိုင် (ရန်ကုန်ယူနိုက်တက်)၊ မေသက်မွန်မြင့် (သစ္စာအားမာန်)၊ အလယ်တန်း-နော်ထက်ထက်ဝေ(ဧရာဝတီ)၊ ဝင်းဝင်း၊ ဇင်မာထွေး(သစ္စာအားမာန်)၊ ခင်မာလာထွန်း၊ လင်းမြင့်မိုရ်(အား/ကာသိပ္ပံ)၊ ဒေစီအောင်(ရန်ကုန်ယူနိုက်တက်)၊ ရှေ့တန်း-ရူပါခိုင်(ရှမ်းယူနိုက်တက်)၊ မြတ်နိုးခင်(သစ္စာအားမာန်)၊ ရွှေရည်ထွန်း(အား/ကာသိပ္ပံ)၊ ဝင်းသီဂီထွန်း(ရတနာပုံ)၊ မေထက်လူ(ဧရာဝတီ)နှင့် စုစုကြည်(ရန်ကုန်ယူနိုက်တက်)တို့ ပါဝင်သည်။ ဒဏ်ရာရနေသည့် ကစားသမားအချို့မှလွဲ၍ အမာခံကစားသမားအများစု အပြီးသတ်လူစာရင်းတွင်ပါဝင်လာပြီး စုစုကြည်၊ ဒေစီအောင်၊ ဇင်မာထွေး၊ ဇွန်သဲဦးတို့ ပထမဆုံးအကြိမ်ရွေးချယ်ခံရသည်။

မြန်မာအသင်းသည် မြောက်ကိုရီးယား၊ တောင်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး စက်တင်ဘာ ၁၄ ရက်တွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မြောက်ကိုရီးယားအသင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အသင်း ၁၂ သင်းကို အုပ်စုသုံးခုခွဲကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီက အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်း ကွာတားဖိုင်နယ်တက်ရောက်ခွင့်ရမည်ဖြစ်သည်။

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - MFF



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၃၁၇/၁) ဖာလုံရှိ ရွှေတောက်ကျင်းဓမ္မရိပ်သာကျောင်းတိုက်တွင် မန္တလေးတပ်ဖွဲ့စုမှူး ရဲမှူး ဆန်းထွန်းအောင်၊ ပြင်စည်အမြန်လမ်းမကြီး ရဲစခန်းမှ စခန်းမှူးရဲအုပ်ရဲဝင်းနိုင်၊ အမြန်လမ်းမကြီး အကူတပ်ခွဲ (၃) မှ ရဲအုပ် လှိုင်မင်းဦးတို့ဦးစီးသော တပ်ဖွဲ့ဝင်များနှင့်မိသားစုဝင်များစုပေါင်း၍ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)

## ❖ နိုင်ငံတကာဖိတ်ခေါ်မှ

ဆီမီးဖိုင်နယ်သို့ မြန်မာကလပ်သုံးသင်းအထိ တက်ရောက်နိုင်ခဲ့ပြီး ပြည်ပကလပ်သုံးသင်းအနက် အင်ဒိုနီးရှားကလပ်တစ်သင်းသာ တက်ရောက်နိုင်ခဲ့သည်။

ဆီမီးဖိုင်နယ်ရောက်လေးသင်းအနက် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းနှင့် မြန်မာကလပ် MIU အသင်းတို့မှာ အုပ်စုသုံးပွဲစလုံးအနိုင်ရရှိပြီး တက်ရောက်လာခြင်းဖြစ်သည်။


မြန်မာနိုင်ငံတွင် ပထမဆုံးကျင်းပသည့် နိုင်ငံတကာဖိတ်ခေါ်ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မည်သည့်အသင်း ဗိုလ်လုပွဲတက်ရောက်နိုင်မလဲ စောင့်ကြည့်ရမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

# တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံတော် အစိုးရအနေဖြင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာပြီး ဒေသတွင်း ပြည်သူလူထုကိုသာမက ကမ္ဘာတစ်ဝန်းရှိ လူသားမျိုးနွယ်အားလုံး၏ လူမှုစီးပွားဘဝများကို ထိခိုက်ပျက်စီးအောင် အလုံးစုံအန္တရာယ်ပေးလျက်ရှိသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများအား ရှာဖွေဖော်ထုတ် တားဆီးကာကွယ်ခြင်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် နေရာပြပုံ။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့အတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူများ ရောက်ရှိနေထိုင်လျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့များက အဆိုပါမြို့အတွင်း ရပ်ကွက်များရှိ နေအိမ်များအား စုံစမ်းရှာဖွေ ဖော်ထုတ်မှုများဆောင်ရွက်ခဲ့ရာ ယနေ့ညနေ ၄ နာရီခန့်တွင် ဝမ်ကောင်းရပ်ကွက်အတွင်းရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသားငါးဦး၊ မြန်မာနိုင်ငံသား အမျိုးသား ၂၅ ဦးနှင့် မြန်မာနိုင်ငံသား အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၅၆ ဦးတို့အား ကွန်ပျူတာမျိုးစုံ အလုံး ၆၀၊ Wifi စက်ငါးလုံး၊ စားပွဲ ၁၄ လုံး၊ ထိုင်ခုံ ၅၁ လုံး၊ လိုင်စင်မဲ့ မော်တော်ယာဉ်နှစ်စီး၊ ဆက်စပ်ပစ္စည်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများအား လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်အတွင်း အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိမှု။



တရားမဝင် အွန်လိုင်းလောင်းကစားမှု လုပ်ကိုင်သည့်နေရာတွင် လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိမှု။

## အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်

**သရက် စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့က ခရိုင် အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနရုံးတွင် ကျင်းပသည်။

**ပေးအပ်**

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကိုက အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းနှစ်ခုမှ လုပ်ငန်းရှင် ၁၀ ဦး၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှာ စီမံကိန်းလုပ်ငန်းသုံးခုမှ လုပ်ငန်းရှင် ၁၅ ဦး၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းလုပ်ငန်းလေးခုမှ လုပ်ငန်းရှင် ၂၀၊ သုံးနှစ်တာကာလအတွင်း လုပ်ငန်းရှင် စုစုပေါင်း ၄၅ ဦး မွေးထုတ်ပေးခဲ့ကြောင်း ပြောကြားသည်။



ထို့နောက် လုပ်ငန်းထူထောင်မည့် သင်တန်းသား သင်တန်းသူများအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် အမှတ်(၁)နှင့် အမှတ်(၂)၊ သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌတို့က ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံး ပစ္စည်းများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေယံ(သရက်)**

## လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်းဆင်းပွဲ ကျင်းပ

**ပြည်ကြီးတံခွန် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနက ကြီးမှူးကျင်းပသော လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာကော်မတီဝင်များအတွက် သင်တန်းအမှတ်စဉ် (၁/၂၀၂၆) သင်တန်းဆင်းပွဲကို အဆိုပါကျောင်းရှိ သင်တန်းခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးလှကြွယ်က အမှာစကားပြောကြားပြီး သင်တန်းပြီးမြောက်ကြောင်း လက်မှတ်များကို သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးအား ပေးအပ်ချီးမြှင့်သည်။

အဆိုပါ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာသင်တန်း (၁/၂၀၂၆)ကို စက်တင်ဘာ ၇ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး



**မုံရွာ စက်တင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမဦးစီးဌာန မုံရွာမြို့တွင် သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်းများ၊ လူမှုစီးပွားမြှင့်တင်ရေး(သက်တန့်ရောင်)စီမံကိန်းနှင့် သမဝါယမစနစ်ကို အခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသော စိုက်ပျိုးရေးစနစ် (CBFP)နှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းစဉ်များ ခရိုင်အဆင့်ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် မုံရွာမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဒေါ်ကြူကြူစိန်က အမှာစကားပြောကြားသည်။

ဆက်လက်၍ မုံရွာခရိုင်အတွင်းရှိ မုံရွာမြို့နယ်၊ အရာတော်မြို့နယ်၊ ချောင်းဦးမြို့နယ်နှင့် ဘုတလင်မြို့နယ်တို့မှ သမဝါယမဦးစီးအရာရှိများက သမဝါယမကဏ္ဍမှ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## လေလံကြော်ငြာ

၁။ ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ထုခွဲအဆင့်ရောက်ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း မြန်မာနိုင်ငံသား အများပြည်သူများသို့ ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည် ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်–

(က) နေ့ရက်/အချိန် – ၁၇–၉–၂၀၂၄ နံနက် (၉:၀၀)နာရီ

(ခ) နေရာ – အမှတ် (၅) ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး

(ဂ) ပစ္စည်းအမျိုးအစား – လူသုံးကုန်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ

(ဃ) လေလံပုံစံရောင်းချခြင်း– လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့်လေလံပစ္စည်းစာရင်း ပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀,၀၀၀/–) (ကျပ်တစ်သောင်း)နှုန်းဖြင့် (၁၄–၉–၂၀၂၄)ရက်နေ့မှ (၁၆–၉–၂၀၂၄) ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်သည်။

(င) ပစ္စည်းပြသချိန် – လေလံပုံစံဝယ်ယူသူများသည် လေလံစည်းကမ်းချက်ပါအတိုင်း အာမခံစပေါ်ငွေ ပေးသွင်းသူများကိုသာ (၁၅–၉–၂၀၂၄)ရက်နေ့မှ (၁၆–၉–၂၀၂၄) ရက်နေ့အထိ နံနက် (၁၀:၀၀) နာရီမှ (၁၆:၀၀) နာရီအထိ (၂)ရက် ပြသမည်။

၂။ အသေးစိတ်သိရှိလိုသူများသည် အမှတ်(၅)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ဘားအံမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ဘားအံမြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဥက္ကဋ္ဌ**
**လေလံတင်ရောင်းချရေးအဖွဲ့၊ ဘားအံမြို့**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် –၈၊ မြေကွက်အမှတ်(၉၂၇/က)၊ အကျယ်အဝန်း–၀.၀၂၇၅ ဧက(၂၀ပေx၆၀ပေ) (၁၂၀၀)စတုရန်းပေရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြ/မြေစီမံခန့်ခွဲမှုဌာန၏ မြေစာရင်းတွင် ဒေါ်အေးအေးခိုင်[၉/ညဥန(နိုင်)၁၅၇၉၃၆] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အမှတ်(၉၂၇/က)၊ နှင်းဆီလမ်း(၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟု ခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ရောင်းချသူကအမည်ပေါက် လက်ရှိထား ပိုင်ဆိုင်စီမံလျက်ရှိပြီး အမွေပိုင်ဆိုင်မှုမှအစ အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်းကြောင်းနှင့် ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချသည်ကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အတွက် ရောင်းဖိုးငွေအဖြစ် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းထက် (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၂၇၆)**
**အမှတ်(၄၃၃)၊ ကတန်ကျွန်းလမ်း၊(၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၂၀၀၁၁၅၇၆၊ ၀၉–၉၇၆၇၅၆၀၆၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇ–ရပ်ကွက်၊ အကွက်အမှတ်–နန–၂၇၊ ဦးပိုင်အမှတ်–၁၁/၁၃၂x ၁၃၃ကြား၊ ၅၇x၅၈လမ်းကြားရှိ ဦးထွန်းမောင် အမည်ပေါက် ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၄၁၁၈/၂၀၁၉)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်ခင်စန်း[၉/ပသက(နိုင်)၀၂၉၄၀၆]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၆၆၈၀/၂၀၁၉) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ဟောကိုင်ဖိန်း[၁၃/တမည(နိုင်)၀၀၅၄၀၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၂၆)၊ ဦးပိုင်အမှတ်(၁၁)၊ ၅၀x၅၁ ကြား၊ ၁၂၃x ၁၂၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝေဝေရှိန် [၆/ကသန(နိုင်)၀၃၃၂၂၈]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဋ)ရပ်ကွက်၊ အကွက်အမှတ် (တတ–၂၆)၊ ဦးပိုင်အမှတ်(၈)၊ ၅၀x၅၁ကြား၊ ၁၂၃x၁၂၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်ခိုင်ထွန်း[၁၀/ကထန(နိုင်)၁၂၅၆၀၆] က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်ပို့စ်ပျောက်

(ဘ)ဦးစိုးကြည်၏ သားမောင်နိုင်လင်းအောင် [၉/မထလ(နိုင်)၁၇၁၃၃၁၀]၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၂၀၁၃၃၂**

## အမည်ပြောင်း

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အ.မ.က(၉) မူလွန်ကျောင်း၊ Grade–6 မှ (အဖ) ဦးကျော်ဇော်ဝင်း၊ (အမိ) ဒေါ်မြအိအိပြည့်တို့၏ သမီး မထူးအေးအေးဝင်း အမည်ကို မထက်အိရွှေစင်ဝင်း ဟု ပြောင်းလဲခေါ်ပါရန်။

**မထက်အိရွှေစင်ဝင်း**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉) ရပ်ကွက်၊ မြေကွက်အမှတ်(၁၂၈၃– က)၊ (၁၂၈၃–ခ)ဟုခေါ်တွင်သည့် နဝရတ်(၂) လမ်းတွင်တည်ရှိသော (ဦးအေးကြိုင်)အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် စာချုပ်ရရှိထားသော ဧရိယာအကျယ်အဝန်းအားဖြင့် ဂရန်တွင် အတိအလင်းဖော်ပြထားသော မြေတစ်ကွက်လျှင်(၁၂၀၀)စတုရန်းပေ၊ အကျယ်အဝန်းအားဖြင့် မြေပြင်တွင်ရှိသော အကျယ်အဝန်းမှာ မြေတစ်ကွက်လျှင် အလျား(၂၀)ပေ၊ အနံ(၆၀)ပေ အကျယ်အဝန်း အသီးသီးရှိကြသော မြေကွက်များနှင့်တကွ ၎င်းမြေကွက်ပေါ် ဆောက်လုပ်ထားသော(ပျဉ်ထောင်)နေအိမ်အဆောက်အဦ (၁)လုံး၊ ရေမီးအစုံနှင့်တကွ ဆက်စပ်ပတ်သက်တွယ်ကပ်ပါရှိသော သီးပင် စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် မိမိဂရန်အမည်ပေါက် ပစ္စည်းဖြစ်ကြောင်း၊ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ခွင့်ရှိပြီးအမွေစား အမွေခံအရှုပ်အရှင်းကင်းရှင်းပါကြောင်း ဖွင့်ဟဝန်ခံ၍ ဦးအေးကြိုင်[၁၂/သကတ(နိုင်)၀၂၄၅၇၁]မှ ရောင်းချရန် ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းလပြည့်ဝန်း [၁၂/ပဇတ(နိုင်) ၀၃၅၈၉၈]မှ ၉–၉–၂၀၂၄ ရက်နေ့တွင် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ပါ ကြော်ငြာတွင်ပါရှိသော အရောင်းအဝယ်ပြုလုပ်သည့် အိမ်အပါအဝင် ဝင်းခြံမြေကွက်နှင့်ပတ်သက်၍ အကျိုးခံစား သက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း တိကျခိုင်မာသော ဂရန်မူရင်းအပါအဝင် ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဲနုဝင်း**
**အထက်တန်းရှေ့နေ(စဉ်–၄၅၅၇၇)**
**No.(121)၊ ဘောဂလမ်း၊ အောင်သုခရပ်ကွက်၊ မှော်ဘီမြို့နယ်။**
**Ph:09–401154600, 09–450046686**

## "အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း(၁၆)၊ (၃)ရပ်ကွက်၊ တော်ဝင်လမ်းသွယ်(၁၀)လမ်း၊ အိမ်အမှတ်(၅၂၀)၊ ပါမစ်အမည် ဒေါ်ခင်ကြည် (AR–၀၈၀၄၅၄)၊ အလျား(၆၀)ပေxအနံ(၆၀)ပေရှိသော ခြံမြေကွက်အား ဆက်စပ်စာချုပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ခင်ချိုဝင်း (ဘ)ဦးခင်မောင်မြင့်[၇/မလန(နိုင်)၀၈၇၈၅၉]မှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီသီမြင့်[၁၂/အစန(နိုင်)၀၆၄၈၈၁]အား အထက်ပါ ခြံမြေအား ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ (၂၇–၃–၂၀၂၄)ရက်နေ့တွင် ခြံမြေအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ ဝယ်ယူခဲ့ပါသည်။ ၎င်းခြံမြေအား ယခုအခါ ပြန်လည်ရောင်းချမည်ဖြစ်၍ ကန့်ကွက်မည့်သူများရှိပါက ကြေးမုံသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ရှေ့နေထံသို့ စာရွက်စာတမ်းစုံလင်စွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ ထိုသို့ ကန့်ကွက်ခြင်းများမရှိလျှင် ဥပဒေနှင့်အညီ ပြုလုပ်ရောင်းချမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီသီမြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိမ့်သိမ့်အေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၁၈၆)(၂၇–၁–၂၀၂၁)**
**အမှတ်(၂၉၄/က)၊ ဦးအောင်ဇေယျလမ်း၊ အောင်တော်မူပန်းခြံ(၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း–၀၉–၄၅၅၇၂၅၃၀၉**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ–ရပ်ကွက်၊ အကွက်အမှတ်–သ–၅၊ ဦးပိုင်အမှတ်– ၃၈ခဲစင်း၊ ၆၉x ၇၀လမ်းကြား၊ ၁၁၅x၁၁၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဖခင် ဦးလိအကွယ်(ခ)လိကွယ်ဖူ(ခ)အကွယ် [၁၃/ကခန(နိုင်)၀၀၈၈၂၈]မှ သား လီကျန်ရှော(ခ)ဦးမြင့်အောင်အား ခဲစင်းမြောက်ခြမ်းအားလည်းကောင်း၊ သမီး ဒေါ်လီအပ်ချီ(ခ)ဘောက်ဆိုင်အား ခဲစင်းတောင်ခြမ်းအားလည်းကောင်း ပေးကမ်းမည် ဖြစ်ပါသဖြင့် ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ–ရပ်ကွက်၊ အကွက်အမှတ်–တတ–၈၊ ဦးပိုင်အမှတ်–၅၇၊ ၁၂၄x ၁၂၅ လမ်းကြား၊ ၆၀F နှင့် ၆၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခင်ခင် [၁၃/မဆတ(နိုင်)၀၃၂၈၁၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ–၂၂)၊ ဦးပိုင်အမှတ်(၅၅ ခဲစင်းတောင်ခြမ်း/မြောက်ခြမ်း)၊ ၆၇x၆၈ ကြား၊ ၁၂၀x၁၂၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်းပါ–၄ ဦးအနက် ဒေါ်မြင့်မြင့်သန်း [၉/မနတ(နိုင်)၀၅၆၂၀၅]၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၆/၂၀၂၀)ဖြင့်လည်းကောင်း၊ ဒေါ်လှသွေး[၉/မနတ(နိုင်)၀၀၂၇၀၆]၊ ဒေါ်အေးအေးခိုင် [၉/မနတ(နိုင်)၀၀၂၇၀၇]၊ ဦးရဲမင်းသူ [၉/ပကခ(နိုင်)၀၀၂၆၄၁]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၆၀/၂၀၂၀)ဖြင့်လည်းကောင်း လွှဲအပ်ခြင်းခံရသူ ဦးတင်လင်း[၈/နမန(နိုင်)၀၉၀၈၀၃]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**




## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၊ 66W/82022 အမျိုးအမည် Zong Shen–110 အမျိုးအစား၊ M/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ဝင်းမြတ်နု မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၃၃၂၂၉၁]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မုံရွာမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စ–ရပ်ကွက်၊ အကွက်အမှတ်–တတ–၈၊ ဦးပိုင်အမှတ်–၅၈၊ ၁၂၄x၁၂၅ကြား၊ ၆၀Fနှင့် ၆၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နန်းခင်ခင် [၁၃/မဆတ(နိုင်)၀၃၂၈၁၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ပြင်ဆင်ဖတ်ရှုပါရန်"

(၉–၉–၂၀၂၄) ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၉)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်ဝါဝါလွင် ကြော်ငြာတွင် ဘဏ်ချိတ်စနစ်ဖြင့် တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်၌ အကျယ်အဝန်း(၃၀x၅၀) ပေအစား (၁၅x၅၀)ပေဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့၊ ရွှေဥဒေါင်းရပ်ကွက်၊ ရွှေသွယ်လေးလမ်းနေ (ဘ)ဦးဝင်းမြင့် ၏ သားဖြစ်သူ ဦးလွင်မျိုးထက်[၇/မညန(နိုင်)၀၅၀၇၉၉]၏ အမည်မှန်မှာ ဦးလွင်မျိုးထက် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ် အထက(မြို့မ)ကျောင်း GRADE–12 မှ မောင်ဇေဟန်ထွဋ်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်[၇/ပမန(နိုင်)၁၃၃၇၃၈] ဖြစ်ပါကြောင်း။

**ဦးသက်နိုင်**
**[၇/ပမန(နိုင်)၁၃၃၇၃၈]**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(ဒဒ–၂၆)၊ ဦးပိုင်အမှတ်(၆၅)၊ ၁၂၈x၁၂၉ ကြား၊ ၅၀x၅၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒု–ဗိုလ်မှူးကြီး ရဲထွန်းဦး [၉/မခန(နိုင်)၁၈၃၂၂၄]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်(၈၅၇၇/ ၂၀၁၅)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်ဖြိုးမြတ် [၉/မရမ(နိုင်)၀၉၂၄၈၁]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ–၂၇)၊ ဦးပိုင်အမှတ်(၅၂)၊ ၄၉x၅၀ ကြား၊ ၁၂၈x၁၂၉ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးအောင်မျိုးမြင့် [၁၂/ရကန(နိုင်)၀၁၃၅၁၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မာဃလမ်းသွယ်(၁)၊ အိမ်အမှတ်(၃)၊ အကွက်အမှတ်(၁၆)၊ ပဲခူးစုတောင်ကွက်၊ ဦးပိုင်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၁၀၆/၁၃၉)၊ ဧရိယာ(၀.၀၅၅)ဧကအကျယ်ရှိ ကိုကြည်မောင် အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နော်ဖော့ကူး (ဘ)ဦးစောပန်းအေး[၁၂/သလန(နိုင်)၀၀၆၂၂၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမင်းဆွေမြတ်[၁၂/သလန(နိုင်)၁၁၉၀၀၃]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သီရိဦး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၄၂၀၁၉၇၈၆၊ ၀၉–၇၉၉၂၉၁၈၃**

# နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ ရတနာရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးဆန်းဝင်း (ဘ) ဦးချို၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၈/ရစက (နိုင်) ၀၀၀၀၄၂] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

၁။ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားဝင်လုပ်ငန်းလိုင်စင်ရရှိပြီး ရန်ကုန်မြို့၊ မန္တလေးမြို့အပါအဝင် အခြားသောမြို့ကြီးများနှင့် နေပြည်တော်တွင် ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်၍ ကိုယ်ပိုင်လက်ရာနှင့် ဒီဇိုင်းများ၊ ခေတ်မီစက်ကြီးများဖြင့် ထုတ်လုပ်သော ကိုယ်ပိုင် စိန်၊ ရွှေ ရတနာများအား ရောင်းဝယ်ရာတွင် ပြည်သူများ၏ တစ်ခဲနက် ဝယ်ယူအားပေးမှုနှင့် အတူ ကောင်းသတင်းကျော်စောမှုဖြင့် အမည်ကောင်းတန်ဖိုး (Good Will)ကို ရရှိခဲ့ပါသည်။

၂။ ထိုသို့ ကောင်းသတင်းကျော်စောမှုရရှိခဲ့ခြင်းအပေါ် မသမာသူများက ထိခိုက်နစ်နာဆုံးရှုံးမှုရှိစေရန်ရည်ရွယ်၍ နှောင့်ယှက်ခြင်း၊ အသရေ ဖျက်ခြင်းဖြစ်စေရန်လည်းကောင်း၊ ဆက်သွယ်ရေးကွန်ရက်မှတစ်ဆင့် အင်တာနက်နှင့် နည်းပညာအသုံးပြု၍ လိမ်လည်လှည့်ဖြားလိုသော အကြံဖြင့် ၎င်းတို့၏ကိုယ်ကျိုးစီးပွားအတွက် သူတစ်ဦးဦး၏ ငွေကြေးကိုဖြစ်စေ၊ အဖိုးတန်ပစ္စည်းကိုဖြစ်စေ လှည့်ဖြားရယူရန် အွန်လိုင်းလိမ်လည်မှု (Online Scam) ကျူးလွန်၍လည်းကောင်း နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးပြုလျက်ရှိသော Facebook နှင့် Tik Tok Official Accounts များအား တုပ၍ အကောင့်အတုများဖြင့် အွန်လိုင်းမှ ဇွဲထက်ဒါရိုက်တာအဖွဲ့များ၏ အမည်နှင့် ရုပ်ပုံများ၊ ရတနာပစ္စည်းများကြော်ငြာရာတွင် သရုပ်ဆောင်ခဲ့သော အနုပညာရှင်များ၏ ရုပ်ပုံများ၊ video များကို အသုံးပြု၍လည်းကောင်း၊ လွန်ခဲ့သည့်နှစ်အနည်းငယ်၌ ဇွဲထက် စိန်၊ ရွှေ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဝယ်ယူအားပေးသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြုလုပ်ခဲ့သော ကားကံစမ်းမဲ ရုပ်ပုံများကိုအသုံးပြု၍လည်းကောင်း၊ ကားကံစမ်းမဲ၊ အိမ်ကံစမ်းမဲများပြုလုပ်ခြင်းဟုဖော်ပြပြီး ငွေကြေးများ လိမ်လည်ရယူခြင်း၊ ငလျင်ဘေးဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန္တလေးမြို့ မစိုးရိမ်တိုက်အား တစ်ဦးတည်း အလှူရှင်အဖြစ် ဆောက်လုပ်လှူဒါန်းသည့် လုပ်ငန်းစဉ်အဆင့်ဆင့်၏ B.O.D အဖွဲ့ဝင်ရုပ်ပုံများကို အသုံးပြု၍လည်းကောင်း ထည့်ဝင်လှူဒါန်းရန် အလှူငွေများကောက်ခံခြင်း၊ ငွေစုငွေချေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ K Pay, Wave Pay များဖြင့် မုန့်ဖိုးပေးသည်ဟု post တင်ခြင်း၊ B.O.D မွေးနေ့ နှင့်စပ်လျဉ်း၍ ကံစမ်းမဲပြုလုပ်သည်ဟု post တင်ခြင်း၊ Games ဆော့ခိုင်းပြီး မုန့်ဖိုးပေးမည်ဟု post တင်ခြင်း၊ ရတနာပစ္စည်းများအား လိုင်းပေါ်တွင် ပြသကာ ဝယ်ယူမည့်သူများအား ငွေကြိုတင်လွှဲခိုင်း၍ Voucher အတုဖြင့် ဇွဲထက် စိန်၊ ရွှေ ရတနာဆိုင်သို့ ၎င်းရတနာပစ္စည်းအား လာရောက် ထုတ်ယူစေရန် စေလွှတ်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို လူမှုကွန်ရက်ပေါ်မှ အထောက်အထားများနှင့် မြေပြင်သတင်းများအရ တွေ့ရှိရပါသည်။ အထူးသဖြင့် အိမ်ကံစမ်းမဲနှင့် ကားကံစမ်းမဲများကို ဆောင်ရွက်လာခြင်းအား လွန်ခဲ့သည့် (၁)လကျော်ခန့်တွင် တွေ့ရှိရပါသည်။

၃။ နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် မိမိတို့၏ ကိုယ်ပိုင်လက်ရာနှင့် ဒီဇိုင်းများ၊ ကိုယ်ပိုင်စက်သစ်ကြီးများနှင့်ထုတ်လုပ်သည့် ရတနာအထည်များအား မိမိ၏ ကိုယ်ပိုင် Official Tik Tok Account (3) ခု ဖြစ်သော Followers 5.5 M နှင့် အထက်ရှိသည့် ZweHtet GoldJewellery Channel 1 (User name @ zwehtetgoldchannel1), Followers 4.9 M နှင့် အထက်ရှိသည့် ZweHtet GoldJewellery Channel2 (User name @ zwehtetgold channel2), Followers 4.6 M နှင့် အထက်ရှိသည့် ZweHtet Gold &Jewellery (User name @ zwehtetgoldchannel3) နှင့် ကိုယ်ပိုင် Official Facebook Account (3) ခု ဖြစ်သော Followers 294k နှင့် အထက်ရှိသည့် Zwe Htet Media, Followers 3.2 M နှင့် အထက်ရှိသည့် Zwe Htet Gold & Jewellery Channel3, Followers 476 k နှင့် အထက် ရှိသည့် Zwe Htet Biggest Branded Quality First Page များဖြင့် မိတ်ဆက်ကြော်ငြာပေးခြင်း အစီအစဉ်တစ်ခုတည်းကိုသာ စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းဖြစ်သည်ကို ဖော်ပြပါ Official Account များထဲသို့ ဝင်ကြည့်ပါက တွေ့မြင်သိရှိနိုင်မည်ဖြစ်ပါသည်။

၄။ နိုင်ငံကျော် ဇွဲထက် စိန်၊ ရွှေ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် လွန်ခဲ့သည့်နှစ်အနည်းငယ်၌ ဝယ်ယူအားပေးသူများအား ကျေးဇူးတုံ့ပြန်သောအားဖြင့် ပြုလုပ်ခဲ့သော ကား ကံစမ်းမဲ အပြင် လက်ရှိကာလ၌ အထက်တွင် ဖော်ပြသကဲ့သို့ ကား ကံစမ်းမဲ၊ အိမ် ကံစမ်းမဲ၊ ငွေစုငွေချေးလုပ်ငန်း၊ အွန်လိုင်းပေါ်မှ K Pay, Wave Pay ဖြင့် မုန့်ဖိုးပေးခြင်း၊ B.O.D မွေးနေ့ကျင်းပရာတွင် မုန့်ဖိုးပေးခြင်း၊ Games ဆော့ခိုင်း၍ မုန့်ဖိုးပေးခြင်းများကို မည့်သည့်အခါမျှ ပြုလုပ်ခြင်းမရှိပါ။ မန္တလေးမစိုးရိမ်တိုက်သစ် ပြန်လည်ဆောက်လုပ်ခြင်း အလှူဒါနကို ဇွဲထက်မိသားစု တစ်ဦးတည်းကသာ အလှူရှင်အဖြစ် လှူဒါန်းခြင်းဖြစ်ပြီး မည်သူတစ်ဦးတစ်ယောက်ထံမှ အလှူငွေကောက်ခံခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ မရှိသည့်အပြင် ရတနာပစ္စည်းများအား အွန်လိုင်းပေါ်တင်၍ ရောင်းချခြင်း၊ ငွေကြိုတင်လွှဲခိုင်းခြင်းနှင့် အရောင်းဘောက်ချာ ပေးပို့ခြင်းမျိုး တစ်ကြိမ်တစ်ခါမျှ ပြုလုပ်ခဲ့ခြင်း လုံးဝမရှိကြောင်း အသိပေးအပ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နိုင်ငံကျော်ဇွဲထက် စိန်၊ ရွှေ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းနှင့်စပ်လျဉ်းပြီး အသုံးပြုလျက်ရှိသော Facebook နှင့် Tik Tok Official Account များကို အတုပြုလုပ်လျက် အထက်အပိုဒ်(၂)ပါအတိုင်း ပြုမူကျူးလွန်နေခြင်းများအား ယနေ့မှစပြီး ဆက်လက်မပြုလုပ်ရန်နှင့် လက်ရှိပြုမူကျူးလွန်နေသော Facebook နှင့် Tik Tok Account အတုများအား ရပ်ဆိုင်းပယ်ဖျက်ပါရန် သတိပေးတားမြစ်လိုက်ပါသည်။ လိုက်နာခြင်းမရှိပါက ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်ပြီး ဆက်သွယ်ရေးဥပဒေ၊ အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေအပါအဝင် အခြားဆက်စပ်သည့် တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းသို့ ကျူးလွန်သည့် မသမာသူများနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ –** | **လွှဲအပ်ညွှန်ကြားချက်အရ –** | |
| **ဦးဆန်းဝင်း (ဘ) ဦးချို** | **ဦးတိုးမြင့် (LL.B)** | **ဒေါ်စန္ဒာ (LLB)** |
| **[၈/ရစက (နိုင်) ၀၀၀၀၄၂]** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ် – ၆၂၀၁/၂၂–၅–၁၉၉၅)** | **(စဉ်–၂၅၄၅၁/၂၀၀၇)** |
| | **ဖုန်း – ၀၉–၄၂၀၀၇၈၈၈၃** | **ဖုန်း – ၀၉–၄၂၀၇၀၈၆၉၅** |

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက်အမှတ်(၁၈၄)၊ (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်ရှိ မြေကွက်ကို မျက်နှာမူ၍ကြည့်သော် (ညာခြမ်း) (အလျား ၂၀ပေx အနံ ၆၀ပေ)ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၃)ရပ်ကွက်၊ ဗိုလ်ချိန်(၇)လမ်း၊ အမှတ်(၁၈၄) ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန/ ရန်ကုန်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဌာနတွင်ဦးသောင်းတင် [၁၂/လမန(နိုင်) ၀၈၈၇၀၉] အမည်ပေါက်ပြီး ၎င်းထံမှ အဆက်စပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားသောရောင်းသူ ဒေါ်ဆုဇာလွင်ထက် [၁၂/ဒဂမ(နိုင်) ၀၂၅၆၆၇]မှ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်ထွေးနန္ဒာ [၁၂/မဘန(နိုင်)၀၉၁၄၈၂] နှင့် ဒေါ်ထွေးထွေးရီ [၁၂/ဥကတ(နိုင်) ၁၃၀၄၆၈]တို့မှ အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်– ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း(၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၁–၃၇၃၀၄၆၊ ၀၉–၅၄၀၆၆၁၁**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade–12 မှ မောင်ထွန်းဝင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကိုဦး [၁၄/မမက(နိုင်) ၁၃၆၀၁၄] ဖြစ်ပါကြောင်း။

**ဦးအောင်ကိုကိုဦး**
**[၁၄/မမက (နိုင်) ၁၃၆၀၁၄]**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ လှည်းကူးမြို့နယ်၊ လှည်းကူး အ.ထ.က (ဘိုးရင်းကလေး) ကျောင်းတွင် ပညာသင်ကြားနေသည့် Grade–9 မှ မသက်မှူးခင်၏ ဖခင်အမည်မှန်မှာ ဦးမိုးဆွေ [၁၂/လကန (နိုင်) ၁၆၂၆၂၆] ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် (အ–၂၀)၊ ဦးပိုင်အမှတ် (၄၃)၊ ၇၃x၇၄ ကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ် (၅၅/၁၉၉၀–၁၉၉၁)အရ ဦးဘမော် မှတ်ပုံတင်အမှတ် [၉/မရတ (နိုင်) ၀၇၇၉၅၅] အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဒေါ်နုနုလွင် [၉/မရတ(နိုင်) ၁၂၃၇၀၆]၊ ဒေါ်ဇာလီမော် [၉/ခမစ (နိုင်) ၀၁၅၃၇၂]၊ ဦးသိန်းထိုက် [၉/မရတ(နိုင်) ၁၇၇၄၅၀]၊ ဦးစိုးဝင်း အောင် [၉/မရတ(နိုင်) ၁၂၃၇၀၄]၊ ဦးတင်အောင်မင်း [၉/မရတ(နိုင်) ၁၀၈၃၂၂]တို့မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ အကွက်အမှတ် (၅၀၆)၊ ဦးပိုင်အမှတ် (၁–က)၊ စစ်ကိုင်း–မန္တလေးလမ်းနှင့် ဘုရားကြီးအနောက်မုခ် တောင်ဘက်အနီးနှင့် ၁၀၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဦးစိုးတင့် [၉/မရတ (နိုင်) ၀၂၃၇၆၇]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ မြေကွက်အမှတ်(၆၆)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးသန်းလွင် (S/OKA–၀၇၀၀၇၀)** အမည်ပေါက် မြေချပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော မူလမြေကွက်ကြီး၏ (လမ်းမှ မြေကွက်အား မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ ကုန်းဘောင်(၄)လမ်း၊ အမှတ်(၆၆)ဟုခေါ်တွင်သည့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟုဆိုလာသူ **ဦးမျိုးလွင် [၅/တဆန(နိုင်) ၀၇၈၇၈၆]**က ၎င်းသာလျှင် တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်မြတ်အိမွန် [၁၂/ဗတထ(နိုင်) ၀၃၄၄၆၈]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန်(စဉ်–၁၃၄၉၆)[တရားလွှတ်တော်ရှေ့နေ]**
**[LL.B, D.B.L, D.I.L, D.I.P.L, DL–101 WIPO (Switzerland)]**
**ဖုန်း – ၀၉–၇၉၉၆၆၄၅၅၇ ၊ ၀၉–၇၈၁၅၃၅၈၂၄ ၊ ၀၉–၅၀၄၉၁၇၄**
**အမှတ် – ၃၀၂(၁၂+၁)၊ ParamiCondominium ၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးဆွမ်းဝင် (ဘ) ဦးကြူကွေဖန် [၁၃/ဟပတ (နိုင်) ၀၀၀၂၆၅]မှ (၁–၆–၂၀၂၂)ရက်နေ့တွင် ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၈၉၆၁/၂၀၂၂) ဖြင့် ဒေါ်လင်ရှောက်ဆီ (ဘ) ဦးလင်ချန်ရှိုး [၁၃/ကခန(နိုင်) ၀၃၀၈၂၇]သို့ အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ပေးခဲ့ပါသည်။ ယခုအခါ ၎င်းအထူး ကိုယ်စားလှယ်လွှဲစာအား ဆက်လက်အသုံးပြုရန် မလိုအပ်တော့ပါသဖြင့် ဤကြေညာပါသည့်နေ့မှစ၍ ခြွင်းချက်မရှိ အပြီးအပိုင် ပြန်လည်ရုပ်သိမ်းပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဆွမ်းဝင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နှင်းယုဝင်း ( LL.B )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၇၈၄၂)**
**အမှတ်– ၁၊ အောင်စိတ္တာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၈၇၁၇၇၇၄၃**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်နေ ဦးအေးကြိုင် (ဘ) ဦးအောင်တင့်၏ လွှဲအပ်ညွှန်ကြားချက်အရ (၂–၄–၂၀၂၄)ရက်စွဲဖြင့် ဦးအေးကြိုင်မှ ဦးနေလင်းထွန်း (ဘ) ဦးစိုးဝင်း [၁၂/ဥကတ(နိုင်) ၁၆၅၇၃၀] အား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၃၈၁/၂၀၂၄/၁၅၃၇) ပေးအပ်ခဲ့ပါသည်။ ဤကြေညာပါသည့်နေ့ရက်မှစတင်ပြီး အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးကြိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိမွန့်အိမွန့်ဦး (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ (စဉ်– ၅၆၈၁၆) (၁၁–၃–၂၀၂၅)**
**၀၉–၆၇၈၆၀၄၈၆၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်– အ–၁၈၊ ဦးပိုင်အမှတ်– ၃၁၊ ၇၃x၇၄ ကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဒေါ်သန်းသန်းတင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးကောင်းထွဋ်ကျော်က တရားပြိုင် ဒေါ်သန်းသန်းတင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် မန္တလေးခရိုင် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၇၈၂/၂၀၂၀)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏အနိုင်ဒီကရီရရှိသူ ဦးကောင်းထွဋ်ကျော် [၉/မခန(နိုင်) ၁၅၉၇၅၆]က ၂၄၀၀/–၊ ၄၀၀၀/– ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်– တတ–၄၉၊ ဦးပိုင်အမှတ်– ၇၀ ခဲစင်း မြောက်ခြမ်း၊ ၅၈x၅၉ ကြား၊ ၁၂၅x၁၂၆ လမ်းကြားရှိ ဒေါ်ခင်ဆွေ အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးမြင့်စိုး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးထွန်းကြိုင်)က တရားပြိုင် ဒေါ်ခင်ဆွေအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၁၈/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမြင့်စိုး [၉/သပက(နိုင်) ၀၆၉၂၄၄]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ ယာယီ(ဦးထွန်းအောင်လမ်း(ခ)ဘဲခြံလမ်း)၊ မြေကွက်အမှတ်(၉၆၄)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနနှင့်ရန်ကုန်မြို့ မြို့ပြနှင့် အိမ်ရာဦးစီးဌာနတွင် ဒေါ်ညွန့်ညွန့်ရွှေ(ISN-546986)အမည်ပေါက်တည်ရှိပြီး ၎င်းထံမှ ယခုရောင်းချသူ ဒေါ်ရန့်ရွှင်ရှမ်း[၁၃/ကခန(နိုင်)၀၁၀၁၈၇]က အရပ်ကတိစာချုပ်များ အဆင့်ဆင့်ချုပ်ဆို၍ ပါမစ်မူရင်းနှင့်တကွ မြေကွက်အား မိမိတရားဝင်လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပါကြောင်း၊ တရားရုံးနှင့်တကွ အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာ တစ်ဆင့်ပြန်လည် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဝင်းနိုင်မြင့်[၁၃/တကန(ဧည့်)၀၁၀၅၂၀] သည် အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ တရားဝင် အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်အိမ့်ဖြူနိုင် LL.B, D.B.L, DML တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၇၇)**
**အမှတ်(၃၀၅)၊ တိုက်(ဘီ-ခ)၊ မြေညီ၊ ဘုမ္မာ(၉)လမ်း၊ (ည)ရပ်ကွက်**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၇၆၄၅၀၅၄၈၂၊ ၀၉-၅၅၀၅၄၈၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ EstellaTownhouses၊ အိမ်အမှတ်(ETH-964)၊ လမ်းအမည်(Lane-1)၊ ခန့်မှန်းမြေဧရိယာ(၁၂၁၀)စတုရန်းပေ၊ ခန့်မှန်းအဆောက်အအုံဧရိယာ(၁၂၇၇)စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ် တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဦးစိုင်းဆမ်ထွန်း[၁၃/လရန(နိုင်)၀၁၃၃၈၄]မှ ဖွင့်ဟဝန်ခံ၍အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်မှလည်း အပြီးအပြတ်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်မောင်သီ**
**[၈/ပဖန(နိုင်)၀၀၁၅၈၆]**
**ဖုန်း-၀၉-၅၁၄၃၉၈၄**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ မြေကွက်အမှတ်(၃၇/၂)၊ ဧရိယာ(၆၀x၁၄၁)ပေခန့်၊ (၀.၁၇၀)ဧကရှိ မြေအမျိုးအစား-မြေပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်အမှတ်(၅/၇/၉/၁၁)၊ မြနန္ဒာလမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်ဟုခေါ်တွင်သာ (၄)ခန်းတွဲ (၈ ၁/၂) ထပ်တိုက်၏ မြေရှင်ပိုင်ဆိုင်သည့်အခန်းများထဲမှ တတိယထပ်(၄-လွှာ)နှင့် ဆဋ္ဌမထပ်(၇-လွှာ) တိုက်ခန်း(၂)ခန်းအား မြေရှင်နှင့်ကန်ထရိုက်တာတို့သဘောတူ စာချုပ်အရ မြေရှင်တစ်ဦးဖြစ်သူ ဒေါ်မြသန်း[၁၂/ကမရ(နိုင်)၀၃၁၄၃၈]မှ ပိုင်ဆိုင်လာခဲ့သော်လည်း အဆိုပါတိုက်ခန်း(၂)ခန်းသည် ဒေါ်မြသန်း၏ သမီးအရင်းဖြစ်သူ ဒေါ်တင်တင်လှ[၁၂/ကမရ(နိုင်)၀၂၅၁၄၅]နှင့် သားမက်ဖြစ်သူ ဦးမောင်မောင်သန်း[၁၂/လမန(နိုင်)၀၇၀၀၆၉]တို့သည်လည်း ပူးတွဲပိုင်ဆိုင်ခွင့်ရှိသည်ဖြစ်ပါသောကြောင့် ဒေါ်တင်တင်လှနှင့် ဦးမောင်မောင်သန်းတို့ သိရှိသဘောတူညီခြင်းမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းပြုလုပ်ပါက ကန့်ကွက်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ယွန်းလဲ့လဲ့ထွန်း LL.B** | **ဒေါ်လွင်မာဦး LL.B** |
| **(စဉ်-၂၀၁၀၁/၂၀၂၅)** | **(စဉ်-၄၅၀၄၄/၂၀၁၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်-၉၀၄(A+B)၊ (၄-လွှာ)၊ ရတနာပုံ(၅)လမ်း၊ (၉)ရပ်ကွက်၊**
**သာကေတမြို့နယ်။ ဖုန်း-၀၉-၄၂၂၁၁၉၉၀**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃/စက်မှုဇုန်)၊ တောင်ကြီးလမ်း၊ မြေကွက်အမှတ်-၆၁၊ အကျယ်အဝန်း(၆၂x၁၂၀)ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြမြေစီမံကိန်းနှင့်မြေယာစီမံခန့်ခွဲမှုဌာန(မြို့မြေစာရင်း)တွင် ယခုရောင်းချသူ ဒေါ်တင်တင်နွယ်[၁၂/ရကန(နိုင်)၀၅၂၇၄၀] အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ယခုရောင်းချသူမှ ယင်းမြေကွက်အား လက်ရှိထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း၊ ဝန်ခံကတိပြု၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာချို(LL.B, DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၇၀)**
**အမှတ်-၄၈၅/က၊ ဏန္ဒာ(၅)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၄၀၀၀၈၃၉၊ ၀၉-၇၅၀၁၅၄၀၂၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၆)၊ ဦးပိုင်အမှတ်(၅၁-ခ)၊ ၅၄x၅၅ကြား၊ ၁၀၆x၁၀၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကောင်းမြတ်[၈/ဆပ၀(နိုင်)၀၉၄၀၂၆]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ သမာဓိ(၃)လမ်း၊ (အမှတ်၁/က)(၁၉၈/၇/၁၀/၇)ယာအုံအရ၊ ဦးဇော်ဇော်အောင်+၃ ပိုင် ၂ ခန်းတွဲ ၃ ထပ်ခွဲတိုက် (RC)အဆောက်အဦ၏ ဒုတိယထပ် မှန်ခန်း(A)၊ (၂၅x၄၀)ပေရှိ မြေရှင်ပိုင်အခန်းမှ ၎င်းသာလျှင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ၎င်းအခန်းအား အရောင်းအဝယ် အဆက်စပ်စာချုပ်များနှင့် အပြီးအပိုင်ရောင်းချသူ ဒေါ်လှတင်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ချိုဦးမှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ချိုဦး၏ လွှဲအပ်ညွှန်ကြားအရ**
**ဒေါ်ဇာခြည်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၃၂)၊ သရေခေတ္တရာလမ်း၊ မြေကွက်အမှတ်(၈၉၂)ဟုခေါ်တွင်သော ဦးခင်မောင်ဝင်း(K/RGN.၀၂၁၉၀၁)(စာအမှတ်-၂၉၁)ပါမစ်မူရင်းအမည်ပေါက် (၄၀x၆၀)ပေမှ တရားဝင်မခွဲစိတ်ရသေးသော(၂၀x၆၀)ပေရှိ မြေကွက်မှမြေပေါ်မြေအောက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၎င်းသာလျှင်လက်ရှိလက်ဝယ် ပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး အပြီးအပိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အရောင်းအဝယ် အဆက်စပ်စာချုပ်မူရင်းများနှင့် အပြီးအပိုင်ရောင်းချသူ ဦးသန်းဇော်ဌေးထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နန်းနွေးခေါင်မှ အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန်းနွေးခေါင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇာခြည်သက်(LL.B) အထက်တန်းရှေ့နေ(စဉ်-၄၈၁၇၈)**
**ဖုန်း-၀၉-၄၄၀၉၈၆၁၄၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/အရှေ့)၊ မြေကွက်အမှတ်(၉၁၇)၊ ဧရိယာ(၄၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၉၁၇)၊ ဝေဇယန္တာအရှေ့(၁၄)လမ်း၊ (၆/အရှေ့)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးစိန်ဝင်း(TKA-၀၂၆၃၇၈)အမည်ပေါက်၊ နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးစိန်ဝင်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်မြင့်မြင့်[၁၂/သကတ(နိုင်)၀၁၉၈၂၈]မှ မိမိကသာလျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ နှစ်(၆၀)မြေငှားဂရန်မူရင်းမှာ ခြကိုက်ပျက်စီး ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ သာကေတမြို့မရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးစိန်ဝင်း(ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(က.စ)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အောင်မြင့်မိုရ်လမ်း၊ အမှတ်(၆)၊ အကွက်အမှတ်(၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ်(၁/ဃ)၊ ဧရိယာ(၀.၀၂၇)ဧကရှိ (မြို့မြေ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဖေခင် (ဘ)ဦးလှဖေ[၁၂/မရက(နိုင်)၁၀၉၈၆၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ထွန်းဝင်း[၁၂/ကမတ(ပြု)၀၀၀၀၇၇]၊ ဒေါ်ဆုရီတိုး[၁၂/သလန(နိုင်)၁၀၄၄၄၂]တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သီရိဦး (LL.B, LL.M) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)**
**အမှတ်(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၁၉၇၈၆၊ ၀၉-၇၉၉၂၂၉၁၈၃**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေး ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်စံပြကျေးရွာ(တောင်ပိုင်း)၊ မိုးမခလမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော အလျား(၉၉)ပေx အနံ(၅၀)ပေရှိ ဒေါ်ရင်ရင်ထက်[၁၂/မဂဒ(နိုင်)၁၂၉၄၁၁] အမည်ပေါက်မြေကွက်ကြီး အနက်မှ တောင်ဘက်ခြမ်းရှိ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း အလျား(၉၉)ပေxအနံ(၁၅)ပေအကျယ်ရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရင်ရင်ထက်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်အိအိဖြိုး[၈/ရစက(နိုင်)၁၈၇၁၉၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆက်ဆက်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၁၈၉)**
**အမှတ်(၅၃/၀)၊ မိုးမခလမ်း၊ ကုန်းတလပေါင်စံပြကျေးရွာ(တောင်ပိုင်း)၊**
**မင်္ဂလာဒုံမြို့နယ်။ ဖုန်း-09-428199804, 09-799957818**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အ.ထ.က ကြာပန်းကျောင်းမှ Grade-5တွင် ပညာသင်ကြားနေသော မောင်ဟိန်းမင်းဦး၏ ဖခင်အမည်မှန်မှာ ဦးကျော်ဇင်ဦး[၁၀/သထန (နိုင်) ၂၇၆၀၄၅]ဖြစ်ပါကြောင်း။

**ဦးကျော်ဇင်ဦး**
**[၁၀/သထန(နိုင်)၂၇၆၀၄၅]**

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ NOVA STAR PRIVATE HIGH SCHOOL Grade(12)မှ ဦးဂင့်လမ့်ထန် [၄/တတန(နိုင်) ၀၃၃၇၉၆]၏ သမီး မဂင့်စန်းကျိန်၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၁၁-၂၀၀၇) ဖြစ်ပါကြောင်း။

**မဂင့်စန်းကျိန်**

## ဖခင်အမည်မှန်

ရမည်းသင်းမြို့၊ ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း G-12တွင် ပညာသင်ကြားနေသော မမေသဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ထွန်း[၁၃/တကန (နိုင်) ၂၇၁၃၁၅] ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က(၄) သထုံကျောင်းမှ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Grade-12 တန်းခွဲ(B)မှ ခွန်ဇော်တိ ၏ ဖခင်အမည်မှန်မှာ ဦးမောင်တီး[၁၃/ပလန(နိုင်)၀၂၉၃၉၁]ဖြစ်ပါကြောင်း။

**ဦးမောင်တီး**
**[၁၃/ပလန(နိုင်)၀၂၉၃၉၁]**

## ဖခင်အမည်မှန်

ဝါးခယ်မမြို့၊ အ.ထ.က(၁) တွင် ပညာသင်ကြားနေသော G-12 STAMS 1 မှ မနှင်းဝေဖြိုးနှင့် G-7(4) မှ မောင်ဟိန်းသက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ထူး [၁၄/ဝခမ(နိုင်) ၁၇၆၀၆၈]ဖြစ်ပါကြောင်း။

**ဦးမောင်ထူး**

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၇၉)ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အိမ်အမှတ်(၁၀၀)နေ (ဘ) ဦးစိုးမင်းဦး [၁၄/မမက (နိုင်) ၂၆၃၉၅၄]၏ သမီး I-D-A-P (ကိုယ်ပိုင်အထက်တန်းကျောင်း) Grade-9 တွင် ပညာသင်ကြားနေသော မမိုးဟန်နီ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၇-၂၀၁၀)ဖြစ်ပါကြောင်း။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ်(ဆ-၇)၊ ဦးပိုင်အမှတ်(၂၆-ခ)၊ ၇၂လမ်း၊ ၁၀၈x၁၀၉လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးခိုင်[၅/မရန(နိုင်)၀၁၃၈၇၇]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၅၊ မြေကွက်အမှတ်-၈၉၆+၈၉၇၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)စီရှိ မြေချပါမစ်မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၄၅)ရပ်ကွက်၊ အမှတ်-၈၉၆+၈၉၇ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးရဲထွန်းနောင်[၈/ရစက(နိုင်)၁၂၆၇၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်များပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄-လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊**
**မိုးကောင်းလမ်းနှင့်အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၁)၊ မြေကွက်အမှတ်(၉၆၉/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်-(၉၆၉)၊ ဇဋိလ(၁)လမ်း၊ (၁၆/၁)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်သန်းခင်[၁၂/သဃက(နိုင်)၁၁၈၃၇၇]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်သန်းခင်ကို(တရားပြိုင်)ထားကာ ဦးတင်ဦးမှ (တရားလို)ပြုလုပ်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် သဃ်န်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၁၁၆/၂၀၂၅)၏ စီရင်ချက်၊ တရားမဇာရီမှုအမှတ်(၁၁၀/၂၀၂၅)(၂-၁၂-၂၀၂၅)၏ ထုံးပုံကျ အပြီးသတ်အမိန့်၊ ဂရန်မူရင်း၊ တရားရုံးဘီလစ်ခန့်စာကို တင်ပြ၍ တရားရုံးကိုယ်စား ဘီလစ်ဒေါ်နှင်းရည်ကျော် [၁၂/စခန(နိုင်)၀၇၅၂၁၇]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ မြေကွက်အမှတ်(၅၁၀/ခ)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက်သူ-ဒေါ်သန်းသန်းနု[၁၂/ဥကတ(နိုင်)၀၅၀၁၂၅]ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် မိမိမှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ထားပြီး၊ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင်စန္ဒာဦး[၁၂/ဒဂရ(နိုင်)၀၁၃၉၇၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်(၈-၉-၂၀၂၆) ရက်နေ့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝါဝါစံ**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၅၀)**
**အမှတ်(၄၇၉)၊ ၇-လွှာ၊ အောက်ပုဇွန်တောင်လမ်း၊ (၅)ရပ်ကွက်၊**
**ပုဇွန်တောင်မြို့နယ်။ ဖုန်း-၀၉-၄၂၀၁၅၂၅၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ် ၁၀ လမ်း၊ အမှတ်-၆၃၊ တတိယထပ်၊ ၄-လွှာ၊ ခြေရင်းခန်း(ယာ)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဦးနိုင်မင်းဦး[၇/သဝတ(နိုင်)၁၂၀၉၁၇]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးချစ်ဝင်းထွေး[၁၀/သထန(နိုင်)၂၁၀၉၄၂]က ဝယ်ယူရန် သဘောတူလက်ခံ၍ စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဦးချစ်ဝင်းထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမြတ်ဝေချို[B.A (Law), LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၅၀)**
**အမှတ်-၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၁၁၉၈၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်(ဏ-၄)၊ ဦးပိုင်အမှတ်(၅၅)၊ ၆၃x၆၄ကြား၊ ၁၀၅x၁၀၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမျိုးဇော်[၅/ကဘလ(နိုင်)၁၆၇၂၆၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေး ကြော်ငြာ

၁။ မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော ဆိုင်ကယ်အပိုပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူ(မြန်မာနိုင်ငံသား)များ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - ၁၇-၉-၂၀၂၆ ရက်နေ့ နံနက် (၁၀:၀၀) နာရီ

(ခ) နေရာ - မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ကျွဲဆည်ကန် (၁)လမ်းထိပ်၊ ၇၈ လမ်းပေါ်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

(ဂ) ပစ္စည်းအမျိုးအမည် - ဆိုင်ကယ်အပိုပစ္စည်း၊ လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ

(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်)တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်း)နှုန်းဖြင့် ၁၁-၉-၂၀၂၆ရက်နေ့မှ ၁၄-၉-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(င) ပစ္စည်းကြည့်ရှုခြင်းနှင့် အာမခံစပေါ်ငွေ ပေးသွင်းခြင်း - လေလံပုံစံတွင်ပါရှိသည့် လေလံစည်းကမ်းချက်ပါအတိုင်း အာမခံစပေါ်ငွေ ပေးသွင်းသူများကိုသာ (၁၄-၉-၂၀၂၆) ရက်နေ့နှင့် ၁၅-၉-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း) ပြသပါမည်။

၂။ အသေးစိတ်အချက်အလက် သိရှိလိုသူများသည် မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ကျွဲဆည်ကန်(၁)လမ်းထိပ်၊ ၇၈လမ်းပေါ်၊ ချမ်းမြသာယာ ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့သို့ ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**မန္တလေးမြို့။**

## "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃)ရပ်ကွက်၊ စက်မှုလယ်ယာ(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ်(-)၊ မြေကွက်အမှတ်(၃၀) ဦးတင်ထွန်း SGN-၀၀၀၀၀၈ အမည်ဖြင့် နှစ်(၆၀)မြေငှားဂရန် ထွက်ရှိထားသော အလျား(၄၂')xအနံ(၆၀')ရှိ မြေအနက်မှ အနောက်ဘက် ဂရန်မူရင်းခြမ်း မြေကွက်အလျား(၂၁')xအနံ(၆၀')ရှိမြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်(၁)လုံးအပါအဝင်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းရှင်းစွာရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူများဖြစ်သော ဒေါ်လဲ့လဲ့မင်း (ဘ)ဦးလှဝင်း[၁၂/ဥကတ(နိုင်)၁၅၅၅၂၂]နှင့် ဒေါ်အိအိအောင် (ဘ)ဦးဝင်းအောင်[၁၂/ဒဂမ(နိုင်)၀၃၀၈၈၁] တို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးအောင်ငြိမ်းချမ်းဝင်း၊ ဒေါ်ကေခိုင်လင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မဉ္ဇူအေးသိန်း (LL.B)** — **ဒေါ်ဝင်းမာဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၅၇)** — **အထက်တန်းရှေ့နေ(စဉ်-၅၇၀၂၁)**
**(မမ/၃၂၄)၊ တန်းမကြီးလမ်း၊ မြို့မရပ်ကွက်၊ လှည်းကူးမြို့နယ်။**
**ဖုန်း-၀၉-၅၀၄၁၄၈၃၊ ၀၉-၄၃၀၂၃၃၂**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စံပယ်လမ်း၊ စီမံကိန်း(၁၁)(၁၄/၁)ရပ်ကွက်၊ အမှတ်(၈၅)၊ မြေရိယာအကျယ်အဝန်း (၁၀ပေx၆၀ပေ)ရှိသော မြေကွက်နှင့် ဆက်စပ်သော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ဦးဖူးစလီ အမည်ပေါက် ဂရန်မြေအမျိုးအစားဖြစ်ပြီး အမွေဆက်ခံပိုင်ဆိုင်သူ သမီးဖြစ်သူ ဒေါ်မြင့်မြင့်ရီ[၁၂/ဥကတ(နိုင်)၁၀၃၇၈၇]မှ တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိ၍ ပြန်လည်ရောင်းချရာတွင် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝတ်ရည်ဦး[၁၂/ဥကတ(နိုင်)၁၈၁၇၆၂]မှ ရောင်းဖိုးငွေအပြေအကျေ ပေးချေပြီး ဝယ်ယူရာတွင် အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက စာရွက်စာတမ်းမူရင်းများကို ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ပြသ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆောင်ရွက်ပြီးမြောက်သွားပြီဖြစ်ကြောင်း မှတ်ယူလိုက်မည်ဟု အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ဦး[၁၂/ဥကတ(နိုင်)၁၈၁၇၆၂]၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျော့ကျော့ဦး(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၃၅၆)**
**အမှတ်(၄၇၄)၊ တတိယထပ်(၄လွှာ)၊ ရာဇမိရာဇ်လမ်း၊**
**(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၆၇၉၆၂၈၆၄၅**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဠ)ရပ်ကွက်၊ ဂရုဏာ(၁)လမ်း၊ အမှတ်(၆၁၃)(၁/၂)မြေကွက်မှ ခွဲခြမ်းစိတ်ဖြာထားသည့် အကျယ်အဝန်း(၁၀x၆၀)ပေရှိ ခြေရင်းဘက်ခြမ်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြင့်မြင့်ထွေး[၁၂/ဥကမ(နိုင်)၁၂၃၀၂၉] သည် ဒေါ်ယဉ်ယဉ်မော်[၁၄/ဘကလ(နိုင်)၃၆၇၁၆၆]ထံမှ (၂-၄-၂၀၁၈) ရက်နေ့တွင် ဝယ်ယူကာ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့် မြေကွက်တို့ကို လက်ရောက်ရရှိပိုင်ဆိုင်ခဲ့သည်မှာ ယနေ့အချိန်ထိဖြစ်ပါသည်။ အဆိုပါမြေကွက်ကို ဒေါ်မြင့်မြင့်ထွေး၏ ခွင့်ပြုချက်မရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မှ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ အာမခံ တင်သွင်းခြင်းတို့ မပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။ အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအာကာဦး(LL.B)** — **ဦးမျိုးကျော်သက်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၇၆၄)** — **အထက်တန်းရှေ့နေ(စဉ်-၅၄၉၉၆)**
**အမှတ်-၁၂၂၊ ပန်းဆိုးတန်းနှင့်အနော်ရထာလမ်းထောင့်၊ (၄)ရပ်ကွက်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၉၅၆၅၁၈၁၇၄**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မကွေးတိုင်းဒေသကြီး အတွင်းရှိ ဧရာဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ယာဉ် ငှားရမ်းခြင်းတို့အား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါပုံစံစတင်ရောင်းချမည့် နေ့ရက်/အချိန် | - | (၁၄-၉-၂၀၂၆)ရက်နေ့၊ နံနက်(၀၉:၃၀)နာရီ |
| တင်ဒါလျှောက်လွှာပိတ်သည့် နေ့ရက်/အချိန် | - | (၂၉-၉-၂၀၂၆)ရက်နေ့၊ ညနေ(၀၄ : ၀၀)နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန် | - | (၃၀-၉-၂၀၂၆)ရက်နေ့၊ နံနက်(၁၀: ၀၀)နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဧရာဝတီတံတား (သရက်-အောင်လံ) ရှင်းလင်းဆောင်ခန်းမ၊ အောင်လံမြို့။ |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့် ဧရာဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ရေးစီမံကိန်းရုံးတွင် (၁၄-၉-၂၀၂၆)ရက်နေ့၊ နံနက်(၀၉:၃၀)နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၄၃၁၆၅၁၀၈၊ ၀၉-၅၁၇၅၆၇၅၊ ၀၉-၄၀၁၅၅၆၂၃၃၊ ၀၉-၂၅၄၃၂၂၅၄၀ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(က+ခ)ရုံ၊ ရုံအမှတ်(ခ)၊ ဆိုင်အမှတ်(၁၉၇)၊ ဒေါ်တင်တင်မြင့်[၁၂/ပဘတ(နိုင်)၀၂၂၈၃၈]အမည်မှ ဒေါ်သက်ရီလှိုင်[၇/ဒဥန(ဧည့်)၀၀၀၁၅၆]သို့ အမည်ပြောင်းလဲပေးရန်လျှောက်ထားလာသဖြင့် သက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံဖုန်းနံပါတ်-၀၉-၄၄၈၀၄၆၃၇၅**

## အမည်မှန်နှင့် ဖခင်အမည်မှန်

ဒေးဒရဲမြို့နယ်၊ အထက(၁) စက်စိုက်မွေးကျောင်း Grade-12မှ မောင်ဝီလျှံထွန်း၏ အမည်မှန်မှာ မောင်ဝေလယံထွန်း ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးဆာဝရမူတူး ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဒေးဒရဲ မြို့နယ်၊ အထက(၁)စက်စိုက်မွေး ကျောင်း Grade-12 မှ မောင်မင်းသီဟကျော် ၏ ဖခင် အမည်မှန်မှာ ဦးသိန်းထွေးဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ညောင်တုန်းမြို့နယ်၊ အထက(ခွဲ)(ရွာသာညွန့်)ကျောင်းမှ Grade-12 တန်းတွင် ပညာသင်ကြားနေသော မနှင်းဟေမာန်၏ ဖခင် ဦးနေလင်းအောင်၏ အမည်မှန်မှာ ဦးနေဝင်း[၁၄/ညတန(နိုင်)၁၁၂၄၃၄]ဖြစ်ပါကြောင်း။

**ဦးနေဝင်း**

MRESA FIABCI APRENA ARENA

## မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (ဗဟို)

(Reg No.115482351 / Date . 28.6.2012) ၏

၂၀၂၆ - ၂၀၂၉ ခုနှစ်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံ အိမ် ခြံ မြေ ဝန်ဆောင်အသင်း(ဗဟို)၏ အမှုဆောင်ကော်မတီ (Executive Committee)၊ အသင်း(ဗဟို) အလုပ်အမှုဆောင်ကော်မတီ (Central Executive Committee) ရွေးချယ်တင်မြှောက်ခြင်းကိုအသင်းစတင်၍ သန္ဓေတည်သည့် အသင်းအဖွဲ့အစည်းမှတ်ပုံတင်ခြင်းအား အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA)တွင် အတည်ပြုခဲ့သည့် အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(၂၀၁၈) ၏ စည်းမျဉ်းအပိုဒ် ၄(ဂ)နှင့်(ဓ)၊ ၁၉(စ)၊ ၃၅ နှင့် ၆၀ တို့အရ ၂၀၂၆ - ၂၀၂၉ (၃)နှစ် သက်တမ်းအတွက် အသင်းသားများ၏ ပွင့်လင်းမြင်သာစွာ ရွေးချယ်တင်မြှောက်ခြင်း ဆောင်ရွက်မည်ဖြစ်ပါသောကြောင့် အသင်း၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များကို အသင်းသားများ၏ စုံညီသဘောတူညီချက်ဖြင့် သတ်မှတ်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့၏ စိတ်အားထက်သန်သော အဆိုပြုလွှာများကို အချိန်မီ တင်သွင်းနိုင်ပါရန် လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါ သည်။

၂။ (၈-၁၀-၂၀၂၆)ရက်၊ ကြာသပတေးနေ့၊ နံနက်(၉:၀၀)နာရီမှ နေ့လည်(၁:၀၀)နာရီအချိန်ထိ ရွေးချယ်ပွဲအား ကျင်းပပြုလုပ်ပါမည်။

၃။ အဆိုပြုလွှာ တင်သွင်းသူများအနေဖြင့် အောက်ပါအချက်များနှင့် ပြည့်စုံသူ မည်သူမဆို တင်သွင်းနိုင်ပါသည်-

(က) အသင်းဝင်သက်တမ်း ၁ နှစ်ပြည့်ပြီးသူဖြစ်ရမည်။
(ခ) အသင်းမှပေးအပ်သည့် တာဝန်များကို ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဂ) စမတ်ကတ် သက်တမ်းတိုးပြီးသူဖြစ်ရမည်။
(ဃ) အသင်းဖွဲ့စည်းပုံအခြေခံစည်းမျဉ်း(၂၀၁၈)ပါအချက်များနှင့် ကိုက်ညီသူဖြစ်ရမည်။
(င) အဆိုပြုလွှာများအား မြန်မာနိုင်ငံ အိမ် ခြံ မြေ ဝန်ဆောင်မှုအသင်းရုံး၊ အမှတ် (၁၇၃/၁၇၅)၊ အခန်းအမှတ်(၄၀၁)၊ (၅-လွှာ)၊ ၊ ပန်းဆိုးတန်းလမ်းမကြီး (အလယ် ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ (၈-၉-၂၀၂၆)ရက်နေ့မှ (၃၀-၉-၂၀၂၆) ရက်နေ့အထိ ကိုယ်တိုင်လာရောက် ဖြည့်သွင်းရမည်။
(စ) ဆက်သွယ်ရန်ဖုန်း - ၀၉ ၂၆၈ ၈၀၀ ၅၆၅၊ ၀၉ ၇၉၆ ၆၈၁ ၉၁၆

**အဆိုပြုလွှာစိစစ်ရေးကော်မတီ**
**မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ဗဟို)**

# ကုန်ပစ္စည်းနှင့်ပတ်သက်ပြီး အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ ၅-ရပ်ကွက်၊ ဗိုလ်ရွဲလမ်း၊ အမှတ် - ၃၃ နေ AUNG BROTHERS COMPANY LIMITED ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူ ဦးအောင်ကျော်[၁၃/နခန(ဧည့်)၀၀၀၀၀၁] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါကုန်ပစ္စည်းနှင့်စပ်လျဉ်းပြီး အများသိစေရန် ကြေညာအပ်ပါသည်-

တရုတ်ပြည်သူ့ သမ္မတနိုင်ငံရှိ HAINAN YIEQIU INDUSTRY COMPANY LIMITED ထံမှ အုန်းခွံမီးသွေးကုန်ကြမ်း ( Coconut Shell Charcoal ) တို့ကို အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို မိမိတစ်ဦးတည်းသုံးစွဲရန်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်အမှတ်-၁၂၉၀၇/၂၀၁၂ ဖြင့် မှတ်ပုံတင်သွင်းခဲ့ပြီး HAINAN YIEQIU INDUSTRY COMPANY LIMITED ကုမ္ပဏီ၏တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ်ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချခဲ့ပါသည်။ တင်သွင်းဖြန့်ဖြူးသောကုန်ပစ္စည်း ယင်း၏အမှတ်တံဆိပ်တို့နှင့်ပတ်သက်၍လည်း အခွင့်အာဏာအားလုံးကို ကျွန်ုပ်၏မိတ်ဆွေက HAINAN YIEQIU INDUSTRY COMPANY LIMITED ထံမှ ရရှိပြီဖြစ်ပါသည်။




ယခုအခါတွင် ကျွန်ုပ်၏မိတ်ဆွေက တရားဝင်ကိုယ်စားလှယ်အဖြစ်တင်သွင်းနေသော ကုန်ပစ္စည်းအမှတ်တံဆိပ်နှင့် ဆင်တူယိုးမှား အတုအပဖြစ်စေသော အမျိုးအစားတူကုန်ပစ္စည်းတို့ကို တရားဝင်ကိုယ်စားလှယ်မဟုတ်သူတို့က တရားမဝင်ဈေးကွက်သို့ တင်သွင်းပြီး ဖြန့်ဖြူးရောင်းချနေပါကြောင်း စုံစမ်းသိရှိရပါသည်။

ကျွန်ုပ်မိတ်ဆွေတင်သွင်းသော ထုတ်ကုန်မှာ နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ အရည်အသွေးစံချိန်မီပြည့်ဝသော ထုတ်ကုန်ဖြစ်ပါသောကြောင့် မရိုးဖြောင့်သောသဘောဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ပြုလုပ်ခြင်း၊ တရားဝင်မဟုတ်သော နည်းလမ်းမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေက တရားဝင်ကိုယ်စားလှယ်အဖြစ် တင်သွင်းနေသောကုန်ပစ္စည်းနှင့် ဆင်တူယိုးမှားဖြစ်စေသော အမျိုးအစားတူကုန်ပစ္စည်း (Coconut Shell Charcoal)ကို ဈေးကွက်အတွင်းသို့ အမှတ်တံဆိပ်ကို ဆင်တူယိုးမှားရိုက်နှိပ်ခြင်း၊ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း၊ တင်သွင်းသောပစ္စည်းတို့၏ စစ်မှန်သောအရည်အသွေး၊ ကောင်းသောဂုဏ်သတင်းတို့ကို ထိခိုက်စေခြင်း ဈေးကွက်ပျက်ပြားစေခြင်းတို့ကို လုပ်ကိုင်ဆောင်ရွက်အသုံးပြုနေသူများအား တွေ့ရှိရပါက ယနေ့ကြော်ငြာပါဝင်ပြီးသည့် အချိန်မှစ၍ လက်ကျန်များ ရှင်းလင်းပါရန်နှင့် ဆက်လက်ရောင်းချနေပါက မိမိ၏လုပ်ငန်းအကျိုးစီးပွားထိခိုက်နစ်နာမှုတို့အတွက် လျော်ကြေးငွေတောင်းဆိုနိုင်ရန်အတွက် HAINAN YEQIU INDUSTRY COMPANY LIMITED ထံမှ ကျွန်ုပ်၏မိတ်ဆွေက အခွင့်အာဏာရရှိထားသည့်အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း တည်ထောင်ထားသော မည်သည့်တရားရုံးတွင်မဆို တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တည်ဆဲဥပဒေများဖြင့် တရားဥပဒေဘောင်အတွင်းမှ ဆောင်ရွက်သွားပါမည့်အကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမျိုးမြင့်အောင်၊ စဉ်-၂၅၁၆၅** — **ဦးအေးမင်းသူ၊ စဉ် -၂၆၁၉၉**

**အထက်တန်းရှေ့နေများ**
**အမှတ် - ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆**

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်း ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **ဇီဝဗေဒနှင့် ဓာတုဗေဒ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့**တွင် အောက်ပါအတိုင်း ဖြေဆိုရမည်-

| | | | | |
|---|---|---|---|---|
| (၁) **အင်္ဂလိပ်စာ** | ၀၉၀၀ | နာရီမှ | ၁၁၀၀ | နာရီအထိ။ |
| (၂) **သင်္ချာ** | ၁၃၀၀ | နာရီမှ | ၁၅၀၀ | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | |
|---|---|
| (က) **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း။ |
| (ခ) **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) **လားရှိုးမြို့** | တိုင်းစစ်ဌာနချုပ်ခန်းမ။ |
| (ဃ) **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (င) **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (စ) **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (ဆ) **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဇ) **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဈ) **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ည) **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ဋ) **မုံရွာမြို့** | တိုင်းစစ်ဌာနချုပ်၊ ဇေယျာသီရိခန်းမ။ |
| (ဌ) **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဍ) **တောင်ငူမြို့** | အမှတ်(၁၀)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများကို** သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## မွေးသက္ကရာဇ်အမှန်

ဦးလှရွှေ၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ SEC ကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 မှ မောင်ဟိန်းထက်အောင်[၅/ပလန(နိုင်)၁၆၃၂၀၇]၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၅-၂၀၀၈ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ ကန်ပေါက်ကျေးရွာနေ (ဘ) ဦးမြင့်သောင်း၏ သမီး မရတနာမြင့် [၅/ရဥန(နိုင်)၁၄၂၆၀၂]၏ မွေးသက္ကရာဇ်အမှန်မှာ ၁၈-၉-၂၀၀၆ ဖြစ်ပါကြောင်း။

**မရတနာမြင့်**
**[၅/ရဥန(နိုင်)၁၄၂၆၀၂]**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အထက(၁၅)၊ ဖြုတ်ခွဲကျောင်း Grade-12 အတန်းမှ မနှင်းယုဝေ၏ ဖခင်အမည်မှန်မှာ ဦးကိုငွေး [၉/တကန(နိုင်)၁၂၉၇၃၅] ဖြစ်ပါကြောင်း။

**ဦးကိုငွေး**

## ဖခင်အမည်မှန်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က(၁၅)၊ ဖြုတ်ခွဲကျောင်း Grade-7 အတန်းမှ မထက်သီရိလှိုင်၏ ဖခင်အမည်မှန်မှာ ဦးဝကြီး [၉/တကန(နိုင်)၁၂၉၇၆၉]ဖြစ်ပါကြောင်း။

**ဦးဝကြီး**

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ-ထ-က သပြေကန်အသင်း Grade-12 တွင် ပညာသင်ကြားနေသော မောင်မျိုးမင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မိုးနွယ်[၇/ကဝန(နိုင်)၁၉၈၈၈၈] ဖြစ်ပါသည်။

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ-ထ-က သပြေကန်အသင်းတွင် ပညာသင်ကြားနေသော Grade -11 မှ မခိုင်ဇာလင်း၊ Grade -6 မှ မပွင့်ဖူးသွယ်၊ Grade -3 မှ မောင်ဟိန်းထက်ဇော်တို့၏ မိခင် အမည်မှန်မှာ ဒေါ်မာမာလွင် [၇/ကဝန(နိုင်)၁၇၄၈၆၃] ဖြစ်ပါသည်။

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ-ထ-က သပြေကန်အသင်းတွင် ပညာသင်ကြားနေသော Grade -9 မှ မောင်ထူးကိုကို၊ Grade-5 မှ မဖြိုးသီရိနွယ်တို့၏ မိဘအမည်မှန်မှာ ဦးမျိုးဆန်း [၇/ကဝန(နိုင်)၁၆၂၉၈၀]၊ ဒေါ်ယဉ်ယဉ်အေး[၇/ကဝန(နိုင်)၁၆၇၇၁၇] ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်၊ မြို့မ-၅ လမ်း၊ အမှတ်-၅၁၃/က၊ ၁-ခန်းတည်း ၆-ထပ်တိုက်၏ ပဥ္စမထပ်၊ ၆-လွှာ၊ ၁၈ ပေx၅၄ ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချခွင့်ရှိပြီး ရောင်းချလိုကြောင်း ဦးဥက္ကာဖြိုး [၁၂/ပဇတ(နိုင်)၀၃၃၀၃၄]က ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝဏ္ဏထက် [၉/ခအဇ(နိုင်)၀၅၀၁၀၅]က ဝယ်ယူရန်သဘောတူ လက်ခံ၍ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဝဏ္ဏထက်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးမြတ်ဝေချို [B.A (Law), LL.B]**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၁၅၀)**
**အမှတ်- ၇၀၂(မြေညီ)၊ ကျော်သူ(၁၆)လမ်း၊ (၉)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၂၅၄၃၄၅၇၄၆၊ ၀၉-၉၇၁၈၀၁၉၈၁**

## အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ဦးတေလမ်း၊ အိမ်အမှတ်(၃၀)နေ- (ဘ) (ဦးမောင်မောင်အေး)+(အမိ) ဒေါ်ယုယုမာ [၁၂/ဥကမ(နိုင်)၀၃၂၉၄၀]တို့၏ သားဖြစ်သူ မောင်အောင်ဖြိုးသူ [၁၂/ဥကမ(နိုင်)၂၀၈၄၁၅]သည် မိခင် ဒေါ်ယုယုမာအား ကိုယ်စိတ်နှစ်ပါး ဆင်းရဲအောင် ပြုလုပ်ဆောင်ရွက်ခြင်း၊ မိခင်အပေါ် ခွင့်မလွှတ်နိုင်လောက်သည့် အပြုအမူမျိုးကို ပြုမူခြင်း ဆိုဆုံးမစကားအား နာခံမှုမရှိဘဲ အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်း ကြေညာလိုက်ပါသည်။ နောက်နောင် သားဖြစ်သူ မောင်အောင်ဖြိုးသူနှင့် ပတ်သက်သည့် လူမှုရေး၊ စီးပွားရေး၊ ငွေကြေးအရှုပ်အရှင်း တစ်စုံတစ်ရာကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် မိဘဖြစ်သည့် ဒေါ်ယုယုမာ၏ မိသားစုကိစ္စများနှင့်လည်း သက်ဆိုင်မှုမရှိတော့ပါကြောင်း မောင်အောင်ဖြိုးသူနှင့်တကွ အများသိစေရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယုယုမာ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မမမိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၃၁)**
**အမှတ်(၃၂/က)၊ ရဲရိပ်သာလမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊**
**ရန်ကုန်မြို့။ ၀၉-၄၃၀၉၈၂၀၇၊ ၀၉-၇၉၉၇၆၀၀၃၄**

## ကွာရှင်းပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ထိုင်းနိုင်ငံတွင် ခေတ္တနေထိုင်နေသော ဦးခင်မောင်လွင် [၈/ဆပဝ(နိုင်)၁၁၀၂၉၈]နှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ ဒေါ်နုနုအောင် [၁၂/လသယ(နိုင်)၀၄၀၁၄၆]တို့သည် (၁၄-၈-၂၀၂၆)ရက်နေ့ စာချုပ်ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြီးဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဒေါ်နုနုအောင်**

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းထွန်းဝင်း**
**(တရားလွှတ်တော်ရှေ့နေ) စဉ်-၁၃၂၁၂**
**အမှတ်-၅၂ (ခ)၊ လှိုင်မဉ္ဇူလမ်း၊ (၁၃)ရပ်ကွက်၊**
**လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-421037980**

## အများသိစေရန်ကြေညာခြင်း

Ultar Major Shipping Co.,Ltd မှ တာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

Ultar Major Shipping Co.,Ltd မှာ "ပြည်ပသို့သင်္ဘောသားအလုပ်အကိုင်ရှာဖွေရေး/ပို့ဆောင်ရေးအေဂျင်စီလုပ်ငန်း"အား ဌာနဆိုင်ရာများမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ကိုင်နေသော ကုမ္ပဏီဖြစ်ပါသည်။ လက်ရှိကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်များမှ ယခင်ကုမ္ပဏီဒါရိုက်တာများဖြစ်သော ဦးချစ်စမ်းမောင်[၁၄/ဟသတ(နိုင်)၂၁၇၃၅၅]၊ ဦးဝင်းမင်းအောင်[၁၂/မဂတ(နိုင်)၀၇၄၂၁၅]၊ ဦးကျော်ဇေယျာထွန်း [၁၂/မဂတ(နိုင်)၀၇၇၅၆၂]၊ ဦးမင်းသူ [၅/ဘတလ(နိုင်)၀၆၄၃၇၄]ထံမှ ကုမ္ပဏီအစုရှယ်ယာများအား လွှဲပြောင်းရယူထားပြီးဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ဇူလိုင်လနောက်ဆုံးပတ်ခန့်တွင် Ultar Major Shipping Co.,Ltd မှ မန်နေဂျာအဖြစ်လုပ်ကိုင်ခဲ့ပြီး အလုပ်မှနုတ်ထွက်သွားပြီဖြစ်သော ဦးစောဝင်းမြင့်ဦးမှာ သင်္ဘောတက်ရောက်ရန်လုပ်ဆောင်နေသော လူငယ်များထံမှငွေကြေးများ လိမ်လည်ထွက်ပြေးနေသည်ဆိုသောသတင်းများ မီဒီယာအချို့တွင် ပါရှိလာခဲ့ပါသည်။ ဦးစောဝင်းမြင့်ဦး ယခင်ကုမ္ပဏီဒါရိုက်တာအဟောင်းများလက်ထက်မှ ဝန်ထမ်းဟောင်းတစ်ဦးဖြစ်ခဲ့ပြီး ၎င်းနှင့် Ultar Major Shipping Co.,Ltd မှာ မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိသောကြောင့် ဦးစောဝင်းမြင့်ဦးနှင့် လုပ်ငန်းအပ်နှံထားသူများအနေဖြင့် ၎င်းနှင့်သာ တိုက်ရိုက်တွေ့ဆုံ ဖြေရှင်းဆောင်ရွက်ကြပါရန်နှင့် ကုမ္ပဏီမှ ဒါရိုက်တာအဟောင်းများအနေဖြင့်လည်း ကုမ္ပဏီ၏ ကောင်းသတင်းပုံရိပ်အား ထိခိုက်နစ်နာမှုမရှိစေရန် Ultar Major Shipping Co.,Ltd အမည်အား ထင်ယောင်ထင်မှား ဖြစ်စေရန် အသုံးချလိမ်လည်ထွက်ပြေးနေသော ဦးစောဝင်းမြင့်ဦးအား ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီနှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ Ultar Major Shipping Co.,Ltd ၏ ဂုဏ်သတင်းအား ထိခိုက်စေမည့် အပြောအဆို အရေးအသားများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်သူများရှိခဲ့ပါက Ultar Major Shipping Co.,Ltd အနေဖြင့် ဥပဒေအရ မလွှဲမရှောင်သာ အရေးယူဆောင်ရွက်သွားနိုင်ရန် ကျွန်ုပ်အား ညွှန်ကြားထားပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စိမ့်စိမ့်အေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၈၀၃)**
**အမှတ်(၂၁)၊ ကံ့ကော်လမ်း၊ ကျိုက်အင်းကျေးရွာ၊ သန်လျင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၅၃၇၁၆၁၂၂၊ ၀၉-၆၇၀၂၆၇၅၂၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၇၄)ရပ်ကွက်၊ ရွှေလီလမ်းနှင့် ပုဏ္ဏမီလမ်းထောင့်၊ ပုဏ္ဏမီအိမ်ရာ၊ တိုက်အမှတ်(၀၁)၊ အခန်းအမှတ်(၁၁-၀၆)၊ (၁၁)လွှာ၊ (၄၇၀)စတုရန်းပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးမျိုးအောင်[၁၂/ကတတ(နိုင်)၀၂၆၄၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲလွင်ဟိန်း [၁၂/မရက(နိုင်)၁၆၃၉၅၇]၊ ဒေါ်ခိုင်မေဦး [၁၂/မရက(နိုင်) ၁၆၇၇၀၃]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးညဏ်မင်းထက်(LLB,DIPL,DBL,PGDB)** | **ဒေါ်ယုဇနကို(LL.B,DBL,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၂၉)နေ ဦးသက်ဦး[၁၂/မရက(နိုင်)၁၈၄၉၇၇]နှင့် ဒေါ်သန္တာလှိုင်[၁၂/မရက(နိုင်)၁၈၃၆၈၆]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးသက်ဦးနှင့် ဒေါ်သန္တာလှိုင်တို့၏ သားလတ်ဖြစ်သူ မောင်အောင်အောင်ဦး[၁၂/မရက(နိုင်)၁၈၉၇၂၆]သည် မိဘများ၏ဆိုဆုံးမမှုများကို နာခံခြင်းမရှိဘဲ မိဘများ စိတ်ဆင်းရဲ အရှက်ရစေသည့် ကိစ္စရပ်များကိုလုပ်ဆောင်၍ ၎င်း၏သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ယခုမှစ၍သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးပြည့်ဖြိုးသူ (LL.B) အထက်တန်းရှေ့နေ(စဉ်-၄၆၁၄၀)**
**အမှတ်(၅၈)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၂၄၄၉၈၆၈**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃ ဒီ)၊ မြေကွက်အမှတ်-V Class 11၊ ဧရိယာ(၂၅'x၅၀')အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အလုံမြို့နယ်၊ စောရန်ပိုင်မြောက်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၂၂၉)၊ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ (၃-လွှာ/B)၊ (ခြေရင်းခန်း)၊ (၁၂.၅'x၅၀')အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်း၌ ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အကြွင်းမဲ့ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်နွဲ့ [၁၂/အလန(နိုင်)၀၀၂၉၁၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မေနှင်းအေးနှင့် ဦးဖြိုးဝေဝင်းတို့က (၉-၉-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ငွေပေးချေခြင်းကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(၁)ဒေါ်မေနှင်းအေး၊ (၂)ဦးဖြိုးဝေဝင်းတို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကိုကိုဇော် LL.B, W.I.P.O (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၆၂)**
**အမှတ် (၇၉)၊ မြေညီ၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၉၃၉၇၀၊ ၀၉-၄၉၃၀၁၂၃၃၊**

## (၆-၇-၂၀၂၆ ) ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)တွင် (၁၃-၆-၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာ(၃၁)ပါ ဦးအောင်ဘော် (တရားလွှတ်တော်ရှေ့နေ စဉ်-၄၀၃၅) ပါ(၃) တရားလွှတ်တော်ရှေ့နေများ၏ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၃-လမ်း၊ အမှတ်(၁၂၀)၊ မြေညီထပ် (ဘီ)၊ (တိုက်ကိုမျက်နှာမူလျှင်-ယာ) တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည် ကြေညာချက်နှင့်ပတ်သက်၍ ကန့်ကွက်ပါကြောင်း အသိပေးကြေညာခြင်းအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းအား ဒေါ်ဆွေဆွေဝင်း [၁၂/မဂတ(နိုင်)၀၄၂၃၁၆] ကိုင်ဆောင်သူမှ ရောင်းချသဖြင့် (၁၃-၆-၂၀၂၆)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၃၁)တွင် တရားလွှတ်တော်ရှေ့နေ ဦးအောင်ဘော်ပါ (၃)၏ အရောင်းအဝယ်ပြုလုပ်ရန် ကန့်ကွက်နိုင်ပါသည် ကြေညာချက်အပေါ် ကျွန်ုပ်မိတ်ဆွေ ဦးဇော်ခိုင်မြင့် [၁၂/မဂတ(နိုင်)၀၀၅၀၃၆] ကိုင်ဆောင်သူက ကန့်ကွက်ခဲ့ပါသည်။

ယခုအခါ ဒေါ်ဆွေဆွေဝင်းနှင့် ကျွန်ုပ်မိတ်ဆွေ ဦးဇော်ခိုင်မြင့်တို့ နှစ်ဦးနှစ်ဖက်တွေ့ဆုံညှိနှိုင်း ပြေလည်မှုရရှိပြီးဖြစ်၍ (၆-၇-၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၈)ပါ ကန့်ကွက်ကြေညာချက်အား ပြန်လည်အပြီးတိုင်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ခိုင်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသက်နိုင်ဦး LL.B, LL.M, MRes(Law), D.B.L**
**အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)**
**အမှတ် (၁၅)၊ မြေညီ (ဘီ)၊ အထက်မန္တလေးလမ်းသွယ် (၃)၊**
**ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၇၅၀၂၁၈၄၁**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်-ဆ-၄၊ ဦးပိုင်အမှတ်-၁၃၊ ၁၀၇ လမ်း၊ ၆၈x၆၉ လမ်းကြားရှိ ဒေါ်စန်းစန်းဝင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးထွန်းထွန်းခိုင်က တရားပြိုင် ဒေါ်စန်းစန်းဝင်း အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၅၀/၂၀၂၆)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးထွန်းထွန်းခိုင် [၉/တတဥ(နိုင်)၀၉၀၅၃၃]က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်-ဖဖ-၈၊ ဦးပိုင်အမှတ်-၃၈၊ ၄၆x၄၇ ကြား၊ ၁၁၀x၁၁၁ လမ်းကြားရှိ ဦးဟန်အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးလှဝေဦးက တရားပြိုင် ဦးဟန်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်၊ တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၈/၂၀၂၆) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလှဝေဦး [၉/ငဇန(နိုင်)၀၇၅၂၃၅]က ၂၄၀၀၀/-၊ ၄၀၀၀၀/-ငွေသွင်းပြေစာများ၊ မြေချထားမိန့်၊ တောဂရန်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ ရပ်ကွက်၊ အကွက်အမှတ်-ဆ-၁၀၊ ဦးပိုင်အမှတ်-၄၁၊ ၇၀x၇၂ ကြား၊ ၁၀၉x၁၁၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကံဆင့် [၅/စကန(နိုင်)၁၉၁၇၈၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၂)၊ မြေကွက်အမှတ်(၅၄)၊ ဧရိယာ(၂၄၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ ဝေဇယန္တာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးမွေးမြင့် [၁၂/တမန(နိုင်)၀၇၄၀၆၄]၊ ဦးကော်ချိန် [၁၂/တမန(နိုင်)၀၆၆၈၉၈] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးမွေးမြင့်၊ ဦးကော်ချိန်တို့က ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းတို့တင်ပြ၍ စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ပါ (၂၀၀၀)ခုနှစ်တွင် ကူးယူခဲ့သော အရောင်းမြေပုံမူရင်းမှာ အိမ်ပြောင်းရွှေ့ရင်း ပျောက်ဆုံးသွားသည်မှာ မှန်ကန်ကြောင်း၊ ယင်းမြေပုံကို အသုံးပြု၍ အခြားသူကို ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်းထားခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်(၁၈၂၆/၂၀၂၆) (၂၃-၇-၂၀၂၆)တို့တင်ပြ၍ စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း၊ အပိုင်း(၄)၊ အမှတ် (၃၃၇)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃ ထပ်ခွဲ)တိုက်၏ ဒုတိယထပ် (ခြေရင်းခန်း) (၂လွှာ-B ) (အကျယ်အဝန်း ၁၂ပေခွဲ x၅၀ပေ)ရှိ BCC ကျပြီးသော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူထားပြီး လက်ဝယ်ထားပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စုစုနိုင် [၁၂/သဃက(နိုင်)၁၆၄၀၅၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အိပွားပြည့်ဖြိုးနိုင် [၁၃/တကန(နိုင်)၂၉၆၀၁၈]မှ စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း တရားဝင်စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းငြိမ်းဇေယျာလင်း (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၃၅၈/၃၀-၁၂-၂၀၂၂)**
**အမှတ်(၈၅၇/ခ)၊ ငမိုးရိပ်(၂)လမ်း၊ အပိုင်း(၅)၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၅၄၃၄၃၉၀၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ အမှတ်(၁၁၆) ဟုခေါ်တွင်သော (၈)ထပ်တိုက်၏ တတိယထပ်(တိုက်ဘက်သို့မျက်နှာမူလျှင်ဘယ်ခြမ်း) အကျယ်အဝန်း(အလျား ၁၂ ပေခွဲ x အနံ ပေ ၅၀)ရှိ တိုက်ခန်းနှင့် ၎င်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလပိုင်ရှင် ဒေါ်နန်းပြည့်အေး[၁၂/လမတ(နိုင်)၀၀၉၈၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေဝင်းလှိုင် [၁၂/လသန(နိုင်) ၀၂၀၅၆၇]သည် အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပြီးဖြစ်သောကြောင့် မည်သူမဆို ဤတိုက်ခန်းအား ပိုင်ရေးဆိုင်ခွင့်ရှိသည်ဟု ယူဆပါက ယင်းတိုက်ခန်း၏ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါတိုက်ခန်း၏ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်မေဝင်းလှိုင်**
**[၁၂/လသန(နိုင်)၀၂၀၅၆၇]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်နွဲ့ရီ (LL.B) WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၂၅)**
**တိုက်-၉၊ အခန်း(၂၇)၊ ဖဆပလ၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊**
**၀၉-၈၉၃၅၆၆၃၇၀၊ ၀၉-၄၀၅၀၆၄၃၇၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ သုတ(၅)လမ်းနေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မအေးသီရိအောင် [၃/ဘအန(နိုင်) ၃၄၂၈၁၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် လူမှုပတ်ဝန်းကျင်တွင် ကောင်းသောဂုဏ်သတင်းဖြင့် ဂုဏ်သိက္ခာရှိစွာ ရပ်တည်နေထိုင်နေသည့် ကျောင်းသူတစ်ဦးဖြစ်ပြီး မကြာသေးမီအချိန်က ကျွန်ုပ်၏မိတ်ဆွေအား Facebook, TikTok, YouTube, Telegram စသော လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မမှန်မကန် ဂုဏ်သိက္ခာထိခိုက်စေသော အကြောင်းအရာ စာသားများရေးသား၍ ပေးပို့ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေကို ဆိုရှယ်မီဒီယာမှဖြစ်စေ၊ ဆက်သွယ်ရေးကွန်ရက်တစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန် ပြုမူပြောဆိုခြင်း၊ မမှန်မကန် အကြောင်းအရာများကို ထပ်ဆင့်မျှဝေခြင်း၊ ဖြန့်ဝေခြင်း၊ ကူးယူဖော်ပြခြင်းများ အပါအဝင် ယင်းသို့သော ဥပဒေမဲ့ဆောင်ရွက်ချက်များကို တုံ့ပြန်ခြင်း၊ မှတ်ချက်ပေးခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ထိုသို့ပြုလုပ်ဆောင်ရွက်ထားပါက တည်ဆဲဥပဒေများနှင့်အညီ ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မအေးသီရိအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာနွယ် LL.B, D.B.L, D.I.L, D.M.L,D.I.P.L**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၃၇၉)**
**အမှတ်(၅)၊ ပန်းခြံကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၀၃၇၁၂၉၃၂**

❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုနှင့် အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက တံခွန်စိုက်ဆုဖလားဆွတ်ခူးရရှိ

နေပြည်တော် စက်တင်ဘာ ၉

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာ ဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ပိုက်ကျော်ခြင်း (အမျိုးသား)ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ အားကစားရုံ(A)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆




## မန်စီးတီးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့

စက်တင်ဘာ ၈ ရက် ညပိုင်းနဲ့ စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်တွေထဲမှာ မန်စီးတီးအသင်း၊ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဒေါ့မွန်အသင်းတို့ဟာ နိုင်ပွဲကိုယ်စီရရှိခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ ပေါ်တိုအသင်းနဲ့ယှဉ်ပြိုင်ကစားခဲ့ရာ မန်စီးတီးအသင်းက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ပြီး မန်စီးတီးအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူးဟာလန်းတစ်ဦးတည်းက သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဟာလန်းဟာ အခုပွဲစဉ်မှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ မန်စီးတီးအသင်းနဲ့အတူ အခုရာသီမှာ သွင်းဂိုးငါးဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းကတော့ အင်တာမီလန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့တာဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို အမ်ဘတ်ပီနဲ့ ဗယ်ဗာဒီတို့ကသွင်းယူပေးခဲ့ကာ

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ✪




မန်စီးတီးအသင်းနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## နိုင်ငံတကာဖိတ်ခေါ် International Futsal Cup 2026 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယနေ့ ကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၉

နိုင်ငံတကာဖိတ်ခေါ် International Futsal Cup 2026 ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို စက်တင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် နံနက် ၁၀ နာရီတွင် အင်ဒိုနီးရှားကလပ် Black Steel Papua အသင်းနှင့် မြန်မာကလပ် YRG အသင်း၊ မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာကလပ်နှစ်သင်းဖြစ်သည့် MIU အသင်းနှင့် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ❖



## အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်း အပြီးသတ်ကစားသမား ၂၃ ဦး ထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၉

မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းနည်းပြချုပ်ဖြစ်သူ အင်္ဂလန်နိုင်ငံသား ကောလင်းဘဲလ်သည် ဂျပန်နိုင်ငံ၌ကျင်းပမည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၅ သို့ ✦

## ခိုလမ်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ရှမ်းပြည်နယ် နမ့်စန်ခရိုင် နမ့်စန်မြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၃၀၇၅၅ ဧကရှိသော နယ်မြေကို



**"ခိုလမ်ကြိုးပြင်ကာကွယ်တော"** အဖြစ် ၁၃၈၈ ခုနှစ် ဝါခေါင်လပြည့်ကျော်(၄)ရက် (၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်မှ)စ၍ သတ်မှတ်လိုက်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ရေ၊ မြေ ထိန်းသိမ်းကာကွယ်ရန်၊ သဘာဝဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းကာကွယ်ရန်၊ ရာသီဥတုကောင်းမွန်မျှတလာစေရန်၊

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ✣


ယနေ့ ဖတ်စရာ

တာချီလိတ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်လျက်ရှိသူများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

စာမျက်နှာ » ၁၇

ပျော်ဘွယ်မြို့နယ်တွင် ရခိုင်ပြည်နယ်သို့ပို့ဆောင်မည့် ငွေကျပ် တစ်ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြားရှစ်သိန်းကျော် သိမ်းဆည်းရမိ

စာမျက်နှာ » ၁၈